The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 46 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 5 , 2016

ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ တင်ပြသည့် ဈေးနှုန်းအတိုင်း ခွင့်ပြုသွားမည်

|pmrsu Em- 3|

ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းရာတွင် ထုတ်လုပ်သည့်ခုနှစ်များအား သတ်မှတ်

|pmrsu Em- 17|

နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုရာတွင် နိုင်ငံခြားမှ တရားဝင် ယူဆောင်လာသည့် ငွေပမာဏအတိုင်းသာ ကုန်သွယ်ခွင့်ပြုမည်ဟူသောသတ်မှတ်ချက်အား ပယ်ဖျက်

|pmrsu Em- 30|

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လာပြီ



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုတွင် အဓိက အကျဆုံး စခန်းဖြစ်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ ကုန်သွယ်မှုပမာဏ၏ ၂၀ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၄သန်းခန့် ဆောင်ရွက်နိုင်ပြီး အဓိကအားဖြင့် ပို့ကုန်ဟာ တစ်ရက် ပျမ်းမျှ အမေရိကန်ဒေါ်လာ ကိုးသန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ

|pmrsu Em- 12|

## tmqD,H aygif;pnf;rI tmrcHvkyfief;rsm;tm;

## အခွင့်အလမ်းများ ပေးစွမ်းလျက်ရှိ

အာဆီယံစီးပွားရေး ပေါင်းစည်းမှုအဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ AECက အာရှ၏ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ (Financial Service Providers) ကို ရိုက်ခတ်လျက်ရှိကြောင်း၊ စီးပွားရေး ပိုမိုပေါင်းစည်းလာခြင်းက အာမခံလုပ်ငန်းကဏ္ဍ (Insurance Sector) ကို အပြောင်းအလဲများ ဖြစ်စေနိုင်ကြောင်း ဝေဖန်သုံးသပ်မှုများရှိနေသည်။

သို့သော်လည်း AEC နှင့်အတူ အာမခံဈေးကွက် (Insurance Industry) အတွက် ပူးပေါင်းဆောင်ရွက်ပါက စီးပွားရေး အခွင့်အလမ်းများ

|pmrsu Em- 8|




KBZ BANK
STRENGTH OF MYANMAR
Excellence
၂၂နှစ်
တိုင်တိုင်
အကောင်းမွန်ဆုံး အဖြစ် ဆက်လက်ကြိုးစားနေမည့် ဘဏ်
01-2306219
/Kanbawzabank
kbzbank.com


FORTUNE
BROADBAND
Fortune Broadband မှ Fiber Internet Service အား
(ကနဦးတပ်ဆင်ခ ၂သိန်း၊ ၃သိန်းကျပ်)
အထူးဈေးနှုန်းဖြင့် တပ်ဆင်ပေးနေသည့်အပြင်
December Promotion အနေဖြင့်
အင်တာနက် လစဉ်ကြေး (၁)လ အခမဲ့ သုံးစွဲခွင့်
General Enquiries : 09964521080 / 82
Billing Support : 09964521083
Technical Support/Complaints : 09964521084 ~ 87
www.fortunebb.com
www.facebook.com/fortunebb

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၄/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၄/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ်ခြင်းဖြင့် တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ခြင်းသည် အရေးကြီးသောအချက်ဖြစ်ပြီး ကောင်းမွန်သော ရလဒ်ရရှိနိုင်မှာဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများ၊ ပြဿနာများ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သော အကြံပြု ဆွေးနွေးချက်များဖြင့် ဆွေးနွေးညှိနှိုင်းပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပို့ကုန်သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီများမှ တင်ပြသည့်ဈေးနှုန်းအတိုင်း ခွင့်ပြုသွားမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပို့ကုန်သွင်းကုန်လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲ ကုမ္ပဏီများက တင်ပြလာသည့် Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်က ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအမှတ်(၇၄/၂၀၁၆)တွင် ဖော်ပြထားသည်။

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားသူများအနေဖြင့် ပို့ကုန်သွင်းကုန် လိုင်စင်အွန်လိုင်းလျှောက်လွှာ (ကျပ် ၆၀၀ တန် တံဆိပ်ခေါင်းကပ်ပြီး)၊ Invoice မူရင်း၊ Sale Contract မူရင်း၊ Invoice နှင့် Sale Contract များသည် အစစ်အမှန်များဖြစ်ကြောင်းနှင့် ဖော်ပြချက်များ၊ ဈေးနှုန်းနှင့် တန်ဖိုးများ မှန်ကန်ကြောင်း ကတိဝန်ခံချက်နှင့် သက်ဆိုင်ရာဌာနများ၏ထောက်ခံချက် (ဌာနဆိုင်ရာများ၏ ထောက်ခံချက်လိုအပ်သည့် ပို့ကုန်သွင်းကုန် ပစ္စည်းများအတွက်)များကို တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကုမ္ပဏီများမှ လျှောက်ထားလာသည့် Invoice ပါတန်ဖိုးအတိုင်း တင်သွင်းခွင့်ပြုထားသည့် လိုင်စင်/ပါမစ်များ၏ ပို့ကုန်သွင်းကုန်များ၏ တင်ပို့/တင်သွင်းခြင်းအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍စိစစ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ ကောက်ခံခြင်းတို့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ညွှန်ကြားချက်များအတိုင်း စိစစ်လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract တို့တွင် ပါရှိသည့်အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့်တန်ဖိုးများအား အခွန်ရှောင်တိမ်းရန် ရည်ရွယ်၍ မမှန်မကန်ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင် ထည့်သွင်းဖော်ပြထားသည်။

ပို့ကုန်သွင်းကုန်လိုင်စင်များအား Invoice နှင့် Sale Contract ပါ ဈေးနှုန်းများအတိုင်း ဝန်ခံကတိဖြင့် ခွင့်ပြုထုတ်ပေးပြီးနောက် ခွင့်ပြုလိုင်စင်များ၏ ဈေးနှုန်းများအပေါ် သက်ဆိုင်သည့်ဌာနများက နိုင်ငံတကာတွင်သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ နောက်ကြောင်းပြန်စစ်ဆေးမှုများကို လိုအပ်သလို စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# (၁၆)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်) ကျင်းပမည့်ရက်ရွှေ့ဆိုင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ ၁၉၉၇ ခုနှစ်က ရေးထိုးခဲ့သော မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်အရ (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၂) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ မင်္ဂလာမူဆယ်ဈေး အထူးစီးပွားရေးဇုန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ New Star Light Construction Co., Ltd. တို့ ပူးပေါင်းပြီး ကျင်းပပြုလုပ်ရန် ကြေညာခဲ့ပါသည်။

သို့ရာတွင် မူဆယ်မြို့၏ လက်ရှိလုံခြုံမှု အခြေအနေများ အရ ကုန်စည်ပြပွဲအတွက် ပြင်ဆင်ခြင်း၊ ကုန်စည်ပြပွဲနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းတို့အား ဒေသနှင့် လမ်းကြောင်းတစ်လျှောက် လုံခြုံမှု အခြေအနေများ ကောင်းမွန်ချိန်အထိ ရက်ရွှေ့ဆိုင်းမည်ဖြစ်ပြီး ပြပွဲပြန်လည် ကျင်းပမည့်ကာလကို ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဝင်းသန်းကျော် (Myantrade)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ညဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 16, No.46 Monday December 5 2016

# သီတင်းတစ်ပတ်အတွင်း ဆန်၊ ဆန်ကွဲနှင့်ပြောင်း လျော့နည်းတင်ပို့မှုကြောင့် ကုန်သွယ်မှုလိုငွေပြ

၂၀၁၆ - ၂၀၁၇ဘဏ္ဍာနှစ် နိုဝင်ဘာ ၁၉ရက် မှ ၂၅ရက် အထိ သီတင်းပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၂၈ဒသမ ၄၇၈သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၈၅ဒသမ ၆၇၆သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၁၄ ဒသမ၁၅၄သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇ သန်းကျော် ရှိခဲ့ပါတယ်။ ထိုသို့ လိုငွေပြရခြင်းမှာ ဆန်၊ ဆန်ကွဲနှင့် ပြောင်းတို့ တင်ပို့မှု လျော့နည်းခဲ့တဲ့အတွက် ဖြစ်ပါ တယ်။

ယခုသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၉၁ဒသမ ၆၉၉သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၆၇ဒသမ ၁၆၈သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၅ဒသမ ၄၆၉သန်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၆ဒသမ ၇၇၉သန်းနဲ့ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ဒသမ ၅၀၈သန်း ဖြစ်ပြီး ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၁၈ဒသမ ၂၇၁သန်း ဖြစ်ပါတယ်။

ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးအတွက် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇ဒသမ ၁၉၈သန်း ဖြစ်ပါတယ်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်စမှ နိုဝင်ဘာ ၂၅ရက်အထိ ပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၂၇၈ ဒသမ ၅၆၆ သန်း၊သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၉၄၄၄ ဒသမ ၃၅၂သန်းဖြစ်တဲ့အတွက် စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၇၂၂ဒသမ ၉၁၈သန်းဖြစ်ပါတယ်။ ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၂၁၆၅ ဒသမ ၇၈၆ သန်း ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# မူဆယ်(၁၀၅)မိုင်မှ ဆန်တင်ပို့မှု လျော့ကျသော်လည်း လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့

နိုဝင်ဘာ ၁၉ရက် မှ ၂၅ရက် အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၇၃သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၆၉၇၃ ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၃စိန်ဆန် တန်၁၅၀၊ ဧည့်မထဆန် ၂၈၉၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၃စိန်ဆန် ၂၀၇တန်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ၃စိန်ဆန် ၁၃၇၂၁တန်ကျော်တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၃၃၁၄တန် တင်ပို့ပြီး ယခုတစ်ပတ်မှာ ၃၀၄၅တန်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ၂၆၉တန် လျော့နည်းခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှယခင်တစ်ပတ်က ၃စိန်ဆန် ၃၄၆တန် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၂၀၇တန်သာ တင်ပို့ နိုင်ခဲ့တဲ့အတွက် ၁၃၉တန် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က ၃စိန်ဆန် ၁၁၁၇၄ တန် တင်ပို့ပြီး ယခုတစ်ပတ်မှာ ၁၃၇၂၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ၂၅၄၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းသုံးခုစလုံးမှ ယခင်တစ်ပတ်ကထက် ၂၁၃၈တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်နဲ့ လွယ်ဂျယ် စခန်းများမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၄သန်း တန်ဖိုးရှိဆန်ကွဲ ၁၀၇၄တန်ကို မူဆယ်မှ တန်၆၀၀နဲ့ လွယ်ဂျယ်မှ ၄၇၄တန် တင်ပို့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၁၄၀၀ လျော့နည်း ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၂၀ရက်မှ ၂၆ရက်အထိ အမေရိကန်ဒေါ်လာ ၂၆၂၆၂၅တန်ဖိုး ရှိ ဧည့်မထနဲ့ ပေါင်းဆန် သုညဒသမ ၆၇၅တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ ဘယ်လ်ဂျီယံနိုင်ငံသို့အမေရိကန်ဒေါ်လာ ၂၆၃၅၀၀ တန်ဖိုးရှိ ဆန်ကွဲ တစ်တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် တင်ပို့မှု နည်းသော်လည်း ဒီဇင်ဘာလထဲတွင် သင်္ဘောတင်များရှိနေပြီး ဆန်တင်ပို့မှု များပြားလာမယ်လို့ စုံစမ်းသိရှိရပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ရက်အထိ ဆန်နဲ့ ဆန်ကွဲ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၃၀ဒသမ ၉၈၇သန်း တန်ဖိုးနဲ့ တန်ချိန် ၆၇၃၈၂၆ ဖြစ်ပြီး ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၇၇ဒသမ ၅၅သန်း၊ တန်ချိန် ၄၉၂၁၉၆ နဲ့ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၄၃၇သန်း၊တန်ချိန် ၁၈၁၆၃၀ ဖြစ်ပါတယ်။

ယမန်နှစ်ကာလတူ တင်ပို့မှုထက် ဆန်နဲ့ဆန်ကွဲ ၂၂၂၈၃၈ တန် လျော့နည်းနေကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ကြမ်းသစ်ရှယ် ဝယ်လိုအားများပြီး ဈေးကောင်း



ယခုတစ်ပတ်ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်ဈေးကွက်မှာ ဆန်ဟောင်းဈေးငြိမ်ပြီး ဆန်ကြမ်းသစ် (ရှယ်) ဈေးတက်လာတာတွေ့ရပါတယ်။ ဆန်ချောပေါ်ဆန်းဆန်ဖျာပုံ ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ်၃၃၀၀၀၊ ပုသိမ်/ မြောင်းမြ ထိပ်စတစ်အိတ် ကျပ်၃၆၅၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ နယ်စုံ ကျိုက်လတ်ထိပ်စ တစ်အိတ် ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ နဲ့ ဆန်ချောဈေးငြိမ်နေပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိနေကြောင်းသိရှိရပါတယ်။

ဧည့်မထဆန်ဟောင်း ထိပ်စတစ်အိတ်ကျပ် ၁၈၅၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၁၇၅၀၀၊နွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ်၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀ အိတ်စပို့ ဧည့်မထ ၂၅မှတ် တစ်အိတ် ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ရှိပါတယ်။ ဆန်ဟောင်းဈေးငြိမ်နေသော်လည်း ဆန်ကြမ်းသစ်ရှယ် တစ်အိတ်ကို ကျပ် ၁၇၅၀၀ နဲ့ ယခင်တစ်ပတ်ကထက် တစ်အိတ်လျှင် ကျပ်တစ်ထောင်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။ လူကြိုက်များပြီး အဝယ်လိုက်တာကြောင့်ရယ်၊ အဟောင်းနဲ့ပြန်ရောပြီး စားသုံးနေကြတာကြောင့် အခုလိုဈေးမြင့်တက်လာတာ ဖြစ်ပါတယ်။ မူဆယ်ဈေးကွက်မှာတော့ ပြည်တွင်းက ကုန်အဝင်နည်းသွားတာရယ်၊ တစ်ဖက်နိုင်ငံရဲ့ဝယ်လိုအားရှိနေတာရယ်ကြောင့် ကုန်လက်ကျန်နည်းသွားပြီး ဈေးတွေလည်း မြင့်တက်သွားကြောင်းသိရှိရပါတယ်။ ဆန်တစ်အိတ်ကို ၄ယွမ်မှ ၅ယွမ်အထိ ဈေးမြင့်သွားပြီး တစ်ဖက်နိုင်ငံက မဝယ်မဖြစ်ဝယ်ယူရမယ့် အခြေအနေရှိနေတာကြောင့် ကုန်သည်တွေကလည်း ဈေးပိုပေးနေကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၃ | ၃၇၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၄ | ၃၇၄ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၇ | ၃၆၄ | △ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၆၄ | ၃၈၀ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂-၁၂-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၈၂၈၀ | □ | ၃၆၀၀၀ | ▽ |
| ပုသိမ် | ၄၈၇၆ | □ | ၂၂၀၀၀ | △ | ၇၀၀၁ | ▽ | ၃၀၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၈၅၀၀ | □ | ၁၂၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၄၁၀၀ | □ | ၁၈၀၀၀ | ▽ | ၇၂၀၀ | ▽ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | ▽ | ၂၀၀၀၀ | ▽ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၂၇၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | ▽ | ၁၇၀၀၀ | △ | ၆၅၀၀ | ▽ | ၂၂၀၀၀ | ▽ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၈၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၁၇၀၀ | □ | - | - | ၃၉၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၈-၁၁-၂၀၁၆ မှ ၂-၁၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 321 | 16,978,593.799 |
| 2 | Form D | 50 | 2,751,599.934 |
| 3 | Form E | 107 | 1,905,525.850 |
| 4 | Korea GSP | 7 | 228,024.600 |
| 5 | Form AK | 73 | 2,960,987.750 |
| 6 | Form AJ | 7 | 482,453.900 |
| 7 | Form AI | 18 | 741,626.385 |
| 8 | Form AANZ | 5 | 6,161.030 |
| 9 | Form DFTP | - | - |
| **Grand Total** | | **588** | **26,054,973.248** |

## ပြည်တွင်းစျေးကွက်များမှ ပဲမျိုးစုံစျေးနှုန်းအပြောင်းအလဲ

၂-၁၂-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၅/၁၁ | ၂/၁၂ | ပြောင်းလဲမှု | ၂၅/၁၁ | ၂/၁၂ | ပြောင်းလဲမှု | ၂၅/၁၁ | ၂/၁၂ | ပြောင်းလဲမှု | ၁၅/၁၁ | ၂/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၄၀ | ၁၈၅၀ | ▼ | ၂၀၀၀ | ၁၉၁၇ | ▼ | ၁၇၅၀ | - | - | ၂၀၀၀ | ၁၉၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၇၀ | ၁၄၀၄ | ▼ | - | - | - | - | - | - | ၁၃၇၅ | ၁၄၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၂၆၅ | ၁၂၆၅ | ■ | ၁၃၃၃ | ၁၃၃၃ | ■ | - | ၁၂၆၃ | - | ၁၂၁၀ | ၁၂၆၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၀၀၀ | ၂၀၀၀ | ■ | - | - | - | - | - | - | ၂၃၄၅ | ၂၃၉၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | - | ၁၂၅၀ | - | - | - | - | ၁၁၀၅ | ၁၂၁၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၈၁၈ | ၈၀၀ | ▼ | - | - | - | ၇၆၅ | ၇၄၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါစျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယစျေးကွက် ပဲမျိုးစုံစျေးနှုန်း အပြောင်းအလဲ

၂-၁၂-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၃/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၃/၁၁ | ၁/၁၂ | ပြောင်းလဲမှု | ၂၃/၁၁ | ၁/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၇၅ | ၈၈၀ | ▼ | ၁၀၉၃ | ၁၀၉၇ | ▲ | ၉၄၇ | ၉၅၁ | ▲ |
| ၂ | ပဲစင်းငုံ | ၇၀၀ | ၆၇၀ | ▼ | ၈၄၉ | ၈၃၄ | ▼ | ၉၀၃ | ၈၉၂ | ▼ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၅၅ | ၆၅၈ | ▲ | ၆၉၉ | ၇၀၂ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၁၀ | ၁၁၁၀ | ■ | ၁၃၈၄ | ၁၃၆၀ | ▼ | ၁၄၂၈ | ၁၃၇၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB စျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၉.၁၁.၁၆)ထိ | ယခုတစ်ပတ် (၂၆.၁၁.၁၆)ထိ | (၁.၁.၁၆) မှ (၂၆.၁၁.၁၆) ထိ |
| မတ်ပဲ | ၄၆၁၁ | ၄ | ၄၅၈၉၄၇ |
| ပဲတီစိမ်း | ၂၂၉၇ | ၁၃၀၂ | ၁၇၀၄၅၅ |
| ပဲစင်းငုံ | ၁၇၈၈ | ၁၄၀၅ | ၁၉၉၃၇၆ |
| ကုလားပဲ | ၃၈၃ | ၇၀ | ၂၉၃၃၇ |
| ပဲလွန်းဖြူ | ၁၄၄ | ၁၁၈ | ၁၇၄၇၇ |
| မြေထောက်ပဲ | ၂၃၈ | ၆ | ၁၂၇၂၉ |



## ပြည်ပဲတီစိမ်း စျေးတက်လာသလို အရောင်းအဝယ်လည်းသွက်

ပြည်ပဲစျေးကွက်ရဲ့ ဒီဇင်ဘာလဆန်းပိုင်းအတွင်း ပဲတီစိမ်းသီးနှံက အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲထွက်ပေါ်ချိန်ရာသီဖြစ်လို့ ပန်းတောင်း၊ကံမမြို့နယ်များမှအဝင်ဆက်တိုက်ရှိနေတာ တစ်ရက်အိတ် ၅၀၀ကျော် ၆၀၀ အထိ ဝင်ရောက်လျက်ရှိပါတယ်။ မန္တလေးဝယ်လက်ကလည်း အဝင်ရှိသလောက် ဝယ်ယူနေခဲ့တဲ့အတွက် ဝင်ရောက်လာသမျှ ရောင်းချခဲ့ကြရတာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ယခင်လကုန်က စျေးထက် စျေးပိုရလာခဲ့ပါတယ်။ ပြည်ပဝယ်လက်အခြားပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစဉ်းငုံစျေးများ စျေးလျော့နည်းနေခဲ့ပေမယ့် ပဲတီစိမ်းသီးနှံကတော့ စျေးတဖြည်းဖြည်း မြင့်တက်လာနေတာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင် နိုဝင်ဘာလကုန်ပတ်ပဲစျေးကွက်၊ စျေးအတက်အကျနဲ့ ပဲဟောင်းပဲသစ်အရောင်းအဝယ်ဖြစ်နေ

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာလကုန်ပတ် ပဲစျေးကွက်မှာ ပဲဟောင်းအချို့ စျေးအနည်းငယ်မြောက်ခဲ့ပြီး ပဲသစ်ပေါ်စ၊ ပဲတီစိမ်း၊ မတ်ပဲနဲ့ပဲလွန်းပြာတွေ စျေးတက်ခဲ့ကာ ပဲဟောင်းစျေးကွက်မှာတော့ ပဲလက်လီအဝယ်သာရှိခဲ့တယ်လို့ ဒိုင် ရပ်ကွက်က သိရပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲမျိုးစုံစျေးကွက်အနေနဲ့ ဒေသတွင်းလုပ်ငန်းသုံးနဲ့ မျိုးအတွက်အဝယ်ရှိခဲ့လို့ ဆက်လက်စျေးမာခဲ့ရာ V2 တစ်တင်း ကျပ် ၄၆၅၀၀၊ ထိုင်ဝမ်တစ်တင်းကျပ် ၄၅၅၀၀ နဲ့ 929 တစ်တင်းကျပ် ၄၄၀၀၀ အသီးသီး အမြင့်စျေးရခဲ့ကာ တစ်ရက်အိတ် ၂၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ်မှာလည်း ဝယ်လိုအားမရှိသလောက်ဖြစ်ခဲ့လို့ ငုံနီမှာတစ်တင်း ကျပ် ၂၈၅၀၀ စျေးနဲ့ ဆက်လက်ငြိမ်နေတာတွေ့ရပါတယ်။ မတ်ပဲစျေးကွက်မှာတော့ ယခင်တစ်ပတ်မှာ အဟောင်းတစ်တင်း ကျပ် ၃၅၀၀၀ မှ ယခုကျပ် ၃၉၀၀၀နဲ့ တက်စျေးဖြစ်ခဲ့ပေမယ့် မတ်ပဲ(အသစ်က) ယခင်တစ်တင်း ကျပ် ၄၀၀၀၀ မှ ယခုကျပ် ၃၄၀၀၀ အထိကျဆင်းသွားတာတွေ့ရပါတယ်။ ပဲတီစိမ်းစျေးကွက်မှာလည်း စိမ်းကြီးစျေး တစ်တင်း ကျပ် ၄၀၀ ခန့် ကျဆင်းပြီး၊ ကျပ် ၂၂၀၀၀ သာ အမြင့်စျေးရခဲ့ကာ စိမ်းသေးကတော့ ကျပ် ၂၃၀၀၀ နဲ့စျေးငြိမ်နေတာတွေ့ရပါတယ်။

ပဲကြီးစျေးအနည်းငယ်တက်ခဲ့ကာ တစ်တင်း ကျပ် ၂၇၅၀၀အထိ အမြင့်ဆုံးစျေးရခဲ့သလို ယခုတစ်ပတ်မှ ဒိုင်ကိုစဝင်လာတဲ့ ပဲလွန်းပြာ(အသစ်) က တစ်တင်းကျပ် ၂၆၀၀၀နဲ့ စျေးကောင်းရခဲ့တာတွေ့ရပါတယ်။ လက်လီပဲစျေးကွက်အနေနဲ့ မလွှမ်းပိုပဲတစ်တင်း ကျပ် ၂၀၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၂၅၀၀၀ နဲ့ ပဲပုပ်စေ့တစ်တင်းကျပ် ၁၉၈၀၀၊ ပဲယင်းဝါကြီး တစ်တင်းကျပ် ၁၆၅၀၀ အသီးသီး စျေးဆက်လက်ငြိမ်ကာ လက်လီပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်မြေပဲလုံးဆန်စျေးကွက်အနေနဲ့ ဆက်လက် စျေးမာနေရာ မြေပဲလုံးဆန်(နီ) တစ်ပိဿာ (အဟောင်း) ကျပ် ၂၃၀၀၊ အသစ် ကျပ် ၂၁၀၀၊ လုံးဆန်(ဖြူ) တစ်ပိဿာ (အဟောင်း)ကျပ် ၂၀၅၀၊ အသစ် ၂၄၇၅ ကျပ်အသီးသီးဖြစ်ပေါ်ခဲ့ပြီး ဆီဆန်ကတော့ တစ်ပိဿာ ကျပ် ၁၉၀၀ မှ ကျပ် ၁၇၀၀ အထိ ကျစျေးဖြစ်ခဲ့တာတွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် မြေပဲ(လုံးဆန်) တစ်ရက်အိတ် ၁၀၀၀ခန့်အထိ ဖြစ်ခဲ့တယ်လို့သိရပါတယ်။ နှမ်းမျိုးစုံစျေးကွက်မှာလည်း အနည်းငယ်တက်စျေးဖြစ်ခဲ့ကြရာ နှမ်းဖြူ တစ်တင်းကျပ် ၃၁၀၀၀၊ နှမ်းဝါ တစ်တင်း ကျပ် ၂၆၀၀၀ နဲ့ နှမ်းနက်တစ်တင်း ကျပ် ၄၉၀၀၀ အသီးသီးပေါက်စျေးဖြစ်ပေါ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင် ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မုံရွာမြေပဲစျေးကွက် စျေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ မြေပဲလုံးဆန်များ အဝင်များလာသလို ဝယ်လက်အဆွဲလည်းသွက်လို့ စျေးမြင့်နဲ့အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရပါတယ်။ မြေပဲလုံးများကို ချောင်းဦး၊ မြောင်၊ မြင်းမူ စတဲ့ ဒေသများမှ အဝင်များပြီး တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲလုံးဆန် စျေးနှုန်းမှာ လုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၂၄၀၀၊ မြေပဲလုံးဆီဆန်ဖြူ တစ်ပိဿာ ကျပ် ၁၉၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာ ၂၃၂၅ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်စျေးနှုန်းထက် အနည်းငယ် စျေးမြင့်ခဲ့ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ်နှမ်းစျေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ၂၀၆၇ကျပ်၊ နှမ်းညိုတစ်ပိဿာ ကျပ်၁၅၀၀၊ နှမ်းဝါ တစ်ပိဿာ ၁၇၁၆ကျပ်၊ နှမ်းနက်တစ်ပိဿာ ကျပ်၃၂၀၀ အသီးသီးစျေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၁၅၀ ခန့်စီ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ**

## ဝယ်လိုအားပိုရှိခဲ့လို့ ပြည်ပဲကြီးစျေး အနည်းငယ်မြင့်တက်

ပြည်ပဲစျေးကွက်မှာ နိုဝင်ဘာလအတွင်း စျေးငြိမ်အရောင်းအဝယ် ဖြစ်ခဲ့ကြတဲ့ ပဲများအနက် ပဲကြီးသီးနှံဟာ ဒီဇင်ဘာလဆန်းပိုင်းမှာ စျေးမြင့်တက်လာတာကို တွေ့ရပါတယ်။ ဒေသတွင်းခွဲစက်သမား ပုံမှန်အဝယ်ရှိခဲ့ရာမှ ယခုလဆန်းရက်မှာ ရေနံချောင်း၊ ကျောက်ပန်းတောင်း မြို့နယ်များမှ ဝယ်ယူလာတဲ့အတွက် စျေးလည်းပိုရလာသလို အိတ် ၁၅၀ / ၂၀၀ မှ တစ်ခါတစ်ရံ အိတ် ၂၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လာခဲ့ကြောင်းသိရပါတယ်။ ဒါကြောင့် ပဲကြီး (ရွှေကျွန်း) တစ်တင်း ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ပဲကြီး (ကမ်းနား) တစ်တင်း ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၅၀၀ ထိ စျေးငြိမ်နေခဲ့သော စျေးနှုန်းများထက် တစ်တင်း ကျပ် တစ်ထောင်ခန့်စီ ပိုရလာခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မတ်ပဲအကျစျေးဦးတည်နေလို့ အရောင်းအဝယ်အေး

ပြည်ပဲစျေးကွက်မှာ ပြည်ပဝယ်လက် မတ်ပဲသီးနှံအနေဖြင့် စျေးတရိပ်ရိပ်ကျဆင်းလျက်ရှိခဲ့တာကြောင့် ယခု ဒီဇင်ဘာလဆန်းပိုင်းမှာ တစ်အိတ်ကျပ် လေးသောင်းအောက် လျော့နည်းကျဆင်းသွားခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင် မရှိဘဲ တစ်ခါတစ်ရံ အိတ် ၁၀၀မှ၁၅၀ကျော် ပြည်အနီးတစ်ဝိုက်မြို့နယ် အချို့မှဝင်ရောက်ခဲ့ပေမယ့် ရန်ကုန်ဝယ်လက်က နေ့စဉ်အဝယ်မရှိလို့ အရောင်း အဝယ်လည်း အေးနေခဲ့တာကိုတွေ့ရပါတယ်။ ပဲစျေးနှုန်းများကျဆင်းခဲ့လို့ ရောင်းချသူလည်းနည်းခဲ့ပါတယ်။ မျိုးပဲကတော့ အိတ်အနည်းငယ်အဝယ်ရှိနေကာ မျိုးပဲစျေးတစ်တင်းကျပ် ၄၂၀၀၀၊ လက်ကားစျေးတစ်တင်း ကျပ် ၃၈၈၀၀ ဖြင့်သာ အကျစျေးဘက်ကို ဦးတည်နေလို့ ယခုနှစ်ပဲစိုက်ပျိုးချိန်ရာသီတွင်လည်း အရောင်းအဝယ်အေးနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲစျေး အနည်းငယ်မြင့်လာပေမယ့် လက်လီသာအဝယ်ရှိ

ဒီဇင်ဘာလဆန်းရက်အတွင်း ပြည်ပဲစျေးကွက်မှာ ပဲသစ်အချို့ ဝင်ရောက်နေပေမယ့် ထောပတ်ပဲသီးနှံကတော့ ပဲလက်ကျန်များနဲ့ လက်လီသမားဝယ်ယူမှုရှိနေတယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း စျေးအေးအေးနဲ့အတက်အကျ သိပ်မဖြစ်ဘဲ ရောင်းဝယ်ခဲ့လို့ တစ်တင်းကျပ်၁၃၀၀၀ မှ ကျပ် ၁၃၅၀၀ အတွင်းသာ ရရှိခဲ့ပါတယ်။ ယခု ဒီဇင်ဘာလဆန်းမှာတော့ တစ်တင်း ကျပ်တစ်ထောင်ခန့် စျေးပိုရလာကာ ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ယခင်နှစ် ဒီဇင်ဘာလဆန်းက တစ်တင်း ကျပ် ၁၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ဒုတိယပတ်မှာ ပဲသစ်များ ဝင်ရောက်လာပြီး တစ်တင်းကျပ် ၁၃၅၀၀ ဖြင့်သာ ပဲဟောင်းစျေးထက် စျေးလျော့သွားခဲ့တဲ့အတွက် ယခုနှစ်မှာလည်း ပဲသစ်ပေါ်ချိန် ယခင်နှစ်ကဲ့သို့ စျေးလျော့သွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲဈေးကွက်မှာ ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံသီးနှံများ၏ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲဈေးကွက်မှာ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများ၏ ဈေး နှုန်းများကို နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ် အတွင်းသာ ပဲအားလုံးလိုလို ဈေးကောင်းရခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဲများရဲ့ ဈေးနှုန်းမှာ ကုလားပဲသီးနှံတစ်မျိုးသာ ဈေးကောင်းရခဲ့ပြီး ကျန် ပဲများ ဈေးအေးခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ် အတွင်းမှာတော့ ပြည်ပဝယ်လက်ပဲများထဲမှ ပဲတီစိမ်းသီးနှံ တစ်မျိုးသာ ကျပ်သုံးသောင်းအထက်ရရှိပြီး ကျန်ပဲများကတော့ ယခုနှစ်နဲ့ နှိုင်းယှဉ်လျှင် ဈေးလျှော့ နည်းကျဆင်းတာကို အောက်ဖော်ပြပါ ဇယားအတိုင်း လေ့လာတွေ့ရှိ ရပါတယ်။

ရေတွက်ပုံ တင်းဈေး (ကျပ်)

| ပဲအမျိုးအစား | ၂၀၁၄ နိုဝင်ဘာ | | ၂၀၁၅ နိုဝင်ဘာ | | ၂၀၁၆ နိုဝင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၆၀၀၀ | ၂၈၀၀၀ | ၇၀၀၀၀ | ၇၂၀၀၀ | ၄၀၀၀၀ | ၄၄၀၀၀ |
| ပဲတီစိမ်း | ၃၄၂၀၀ | ၃၆၂၀၀ | ၃၉၅၀၀ | ၄၀၅၀၀ | ၂၇၅၀၀ | ၂၉၀၀၀ |
| ပဲစင်းငုံ | ၂၂၄၀၀ | ၂၄၅၀၀ | - | - | ၂၈၅၀၀ | ၃၁၅၀၀ |
| ကုလားပဲ | ၁၃၀၀၀ | ၁၅၀၀၀ | ၃၈၅၀၀ | ၃၉၅၀၀ | ၄၅၀၀၀ | ၄၈၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၂၂၅၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ | ၂၆၅၀၀၀ |
| ပဲကြီး (ကမ်းနား) | ၁၇၅၀၀ | ၁၉၅၀၀ | ၃၂၀၀၀ | ၃၂၅၀၀ | ၂၃၀၀၀ | ၂၃၅၀၀၀ |
| ဘိုကိတ် | ၁၃၇၀၀ | ၁၄၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ |

ပြည်ပဝယ်လက် သီးနှံဖြစ်တဲ့ မတ်ပဲမှာ ၂၀၁၄ ခုနှစ်အတွင်း ဈေးအေးခဲ့ပေမယ့် ကျန်နှစ်များမှာ ဈေးကောင်းရတာကို တွေ့ရမှာဖြစ်ပြီး ၂၀၁၅ခုနှစ်မှာ ရခဲ့တဲ့ မတ်ပဲတစ်တင်း ကျပ် ၇၂၀၀၀ ဆိုတာကတော့ ပဲလောကမှာ စံချိန်တင်ရရှိခဲ့တဲ့ ဈေးနှုန်းဖြစ်ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်းမှာ မျိုးပဲရာသီဖြစ်တဲ့အတွက် မျိုးပဲများလည်း ယင်းနှစ်က ဈေးကြီးပေးပြီး ဝယ်ယူစိုက်ပျိုးခဲ့ကြရတယ်လို့ တောင်သူများထံမှ ကြားသိရပါတယ်။ ယခုနှစ်မှာတော့ ပဲဈေးနှုန်းဟာ ယခင်နှစ်ဈေးကို ပဲသစ်ပေါ်စချိန်ကတည်းက မမီခဲ့ဘဲ တစ်တင်း ကျပ်၅၉၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ကာ ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ ဩဂုတ် လ နောက်ဆုံးပတ်မှစ၍ တစ်တင်းကျပ် လေးသောင်းကျော် ရရှိခဲ့သလို နိုဝင်ဘာ လကုန်ပတ်မှာ တစ်တင်းကျပ် လေးသောင်း အတိမှ လေးသောင်းအောက်သို့ ကျဆင်းသွားခဲ့တဲ့အတွက် ပဲလှောင်လက်သမားများ ထုတ်ရောင်းချမှု မရှိခဲ့ပါဘူး။ ဒါကြောင့် မျိုးပဲသာ နေ့စဉ် အဝယ်ရှိနေပြီး ရန်ကုန်ဝယ်လက်နဲ့ အရောင်းအဝယ်ဖြစ်မှု ရက်ခြားသာ ရှိခဲ့တယ်လို့ သိရပါတယ်။

၂၀၁၄ ခုနှစ်အတွင်း ပဲတီစိမ်း သီးနှံဈေးမှာ ကျန်ပဲဈေးများထက် ဈေးကောင်းရခဲ့တဲ့အတွက် မတ်ပဲ၊ ပဲစင်းငုံ ကျပ် သုံးသောင်းအောက် လျှော့နည်းရရှိချိန်မှာ ပဲတီစိမ်းက ကျပ် သုံးသောင်းအထက် ရရှိနေတာကို တွေ့ရပြီး ဈေးကွက်ထဲမှာ ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ၂၀၁၄ ခုနှစ်ကထက် ဈေးပိုကောင်းလာလို့ တစ်တင်း ကျပ် ၃၆၂၀၀ မှ ကျပ် ၃၉၅၀၀ အထိ ရရှိခဲ့သော်လည်း မတ်ပဲဈေးမှာတော့ ၂၀၁၄ ခုနှစ်က ဈေးကောင်းခဲ့ပေမယ့် ပဲတီစိမ်း ဈေးအောက်ကို လျှော့နည်းသွားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လအတွင်းမှာ တစ်တင်း ကျပ် ၂၇၅၀၀မှ ကျပ် ၂၉၀၀၀ ထိ ပဲသစ် ပေါ်စဈေးထက် ဈေးပိုခဲ့ပေမယ့် ရှေ့ကနှစ်များရဲ့ ကာလတူချိန်ပေါ် ပေါက်ခဲ့တဲ့ ဈေးနှုန်းများထက် ဈေးလျှော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးအေးခဲ့တဲ့နှစ် ဖြစ်ခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများနဲ့ နှိုင်းယှဉ်လျှင် နိုဝင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့ ဈေးများအရ တခြား ပဲများထက် ဈေးနိမ့်သာရရှိခဲ့တာကို တွေ့ရ ပါတယ်။ ၂၀၁၄ ခုနှစ်မှာ တစ်တင်း ကျပ် ၂၂၄၀၀ မှ ကျပ် ၂၄၅၀၀၊ ၂၀၁၅ ခုနှစ်မှာ နိုဝင်ဘာလအတွင်း ပဲလက်ကျန် မရှိတော့လို့ အရောင်းအဝယ် မဖြစ်ခဲ့ကြဘဲ ၂၀၁၆ နိုဝင်ဘာမှာတော့ လက်ကျန်အနည်းငယ် ရှိသေးတဲ့အတွက် ရက်ခြားလောက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၈၅၀၀ မှ ကျပ် ၃၁၅၀၀ အတွင်းသာ မတ်ပဲဈေးထက် ဈေးလျှော့နည်းပြီး ပဲတီစိမ်းဈေးနဲ့ မတိမ်းမယိမ်း ရရှိခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံ အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်းမှာ ပဲ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရခဲ့သော်လည်း ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်များမှာ တစ်နှစ်ထက်တစ်နှစ် ဈေးကောင်း ရလာလို့ ၂၀၁၆ ခုနှစ်မှာ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲ စင်းငုံ သီးနှံတို့ထက်ပင် ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။ ယခုကာလများတွင် မျိုးပဲများလည်း ဝယ်ယူမှု ရှိနေတဲ့အတွက် မျိုးပဲဈေးက လက်ကားအရောင်းအဝယ်ဖြစ်ခဲ့သော ဈေးများထက် ဈေးပိုရရှိခဲ့တာကိုလည်း သိရပါတယ်။

ပဲကြီးသီးနှံအနေဖြင့် ၂၀၁၄ ခုနှစ်မှာ ကုလားပဲသီးနှံ ဈေးထက် ဈေးကောင်းရခဲ့လို့ တစ်တင်း ကျပ်နှစ်သောင်းအထက် (ရွှေကျွန်း) ပဲက ရရှိခဲ့သလို (ကမ်းနား)ပဲက တစ်တင်း ကျပ် ၁၇၅၀၀ မှ ကျပ် ၁၉၅၀၀ ရရှိနေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မှာတော့ ၂၀၁၄ ခုနှစ်ထက် ဈေးပိုရလာလို့ တစ်တင်း ကျပ်သုံးသောင်းအထက် ရရှိလာသော်လည်း ကုလားပဲဈေးထက် လျှော့နည်းနေခဲ့သလို ၂၀၁၆ ခုနှစ်မှာလည်း ပဲကြီးဈေးနှုန်း ဈေးအေးခဲ့တဲ့နှစ် ဖြစ်ခဲ့တာကြောင့် ကုလားပဲသီးနှံဈေးထက် ထက်ဝက်နီးပါးသို့ လျှော့နည်းနေကြောင်း သိရပါတယ်။

ဘိုကိတ်ပဲ သီးနှံမှာ နိုဝင်ဘာလအတွင်း ပဲသစ်အချို့ ဈေးကွက်ဝင်ရောက်ခဲ့ပေမယ့် ပဲဈေးနှုန်းများ ဈေးအေးအေး နဲ့သာ ဈေးကွက်အတွင်း ရရှိခဲ့ကြလို့ ဘိုကိတ်ပဲ တစ်တင်း ကျပ် တစ်သောင်းစွန်းစွန်းသာ ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ကျပ် နှစ် သောင်းကျော် ရရှိလာခဲ့တဲ့အတွက် ယခင်နှစ်များထက်တော့ ဈေးပိုကောင်းလာခဲ့ကာ ပဲကြီးသီးနှံဈေး နည်းတူ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအတွက် အပြည်ပြည်ဆိုင်နှင့် ပူးပေါင်းဆောင်ရွက်မှုများ

|လှလှအောင် (စားသုံးသူ)|

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းဖြစ်သော အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ASEAN Committee on Consumer Protection) နှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ စားသုံးသူကာကွယ်ရေး ကော်မတီ (ACCP) ကို ၂၀၀၈ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ ACCP အစည်းအဝေးများကို အာဆီယံနိုင်ငံများတွင် တစ်နှစ်လျှင် နှစ်ကြိမ် အလှည့်ကျပြုလုပ်လျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ACCP နှင့် အဓိက ဆက်သွယ်ဆောင်ရွက်နေသည့် ဝန်ကြီးဌာန ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် (၁၆) ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ အာဆီယံ စားသုံးသူကာကွယ်ရေးကော် မတီ ACCP ၏ ရည်မှန်းချက်များမှာ အာဆီယံ စီးပွားရေးထိုးဖောက်ဆောင်ရွက်မှုအား လူကို အဓိကထားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ချောမွေ့စေရန်၊ စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများ ခိုင်မာစေရန်၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အဆင့်မြင့်မားစေရန်နှင့် အာဆီယံဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်တို့ ဖြစ်ပါသည်။

အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ ACCP သည် လုပ်ငန်းအဖွဲ့ သုံးခုဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

- လျင်မြန်စွာ သတိပေးလှုံ့ဆော်မှုစနစ်နှင့် သတင်းအချက်အလက်ဖလှယ်မှု လုပ်ငန်းအဖွဲ့။
- နိုင်ငံဖြတ်ကျော် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းအဖွဲ့နှင့်
- သင်တန်းပေးရေးနှင့် ပညာပေးရေး လုပ်ငန်းအဖွဲ့တို့ ဖြစ်ပါသည်။

ACCP သည် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ကို မဟာဗျူဟာရည်မှန်းချက် လေးရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာ ရည်မှန်းချက် လေးရပ်မှာ-

- တူညီသော အာဆီယံစားသုံးသူကာကွယ်ရေး မူဘောင်ချမှတ်ရေး၊
- စားသုံးသူများ၏ စွမ်းဆောင်နိုင်မှုနှင့် ဗဟုသုတအဆင့်မြင့်မားစေရေး၊
- အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် စားသုံးသူယုံကြည်မှု မြင့်မားစေခြင်း၊
- အခြားအာဆီယံမူဝါဒများတွင် စားသုံးသူအရေးကိစ္စများကို ထည့်သွင်းဆောင်ရွက်ရေးတို့ပင်ဖြစ်သည်။

(၁၄) ကြိမ်မြောက် ACCP အစည်းအဝေးကို မလေးရှားနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများဖြစ်သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်း၊ စားသုံးသူအရေးယူဆောင်ရွက်သည့် လုပ်ငန်း နှင့် စားသုံးသူ ပညာပေးရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများနှင့်အတူ လိုက်ပါအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ အကောင်းဆုံးအလေ့အထများကို လေ့လာပြီး ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင် နိုင်ရေးအတွက် မြန်မာနိုင်ငံ စားသုံးသူရေးရာ ဦးစီးဌာနနှင့် USAID, EU-GIZ အဖွဲ့အစည်းတို့မှ နည်းပညာအကူအညီများ ရယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ USAID အဖွဲ့အစည်းတို့သည် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် စံပြုလုပ်ငန်း လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures- SOPs) ရေးဆွဲခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလေးဂရုပြုမှု မြှင့်တင်ရေးလုပ်ငန်းများနှင့် အမျိုးသားစားသုံးသူကာကွယ်ရေး စီမံကိန်းရေးဆွဲခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အတွင်း နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ‘စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပြည်သူအလေးဂရုပြုမှု မြှင့်တင်သည့် ဆွေးနွေးပွဲ’ကိုလည်းကောင်း၊ အောက်တိုဘာလ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ Mandalay Hill Resort Hotel တွင် ‘စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး စံပြုလုပ်ငန်းလုပ်ထုံးလုပ်နည်းလက်စွဲစာအုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ’ ကိုလည်းကောင်း၊ အောက်တိုဘာလ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ Chatrium Hotel တွင် ‘စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး စံပြုလုပ်ငန်း လုပ်ထုံးလုပ်နည်းလက်စွဲစာအုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ’ ကိုလည်းကောင်း၊ အောက်တိုဘာလ ၇ ရက်တွင်

စာမျက်နှာ (၂၄)သို့ ➢

## ကြက်သွန်

### ထိုင်းနယ်စပ်မှသာ ကြက်သွန်နီတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၈၄၄ တန်ဖိုးရှိ ကြက်သွန်နီ ၂၅၆ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မြဝတီမှ ၁၇၆ တန်နဲ့ တာချီလိတ်မှ တန် ၈၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ၂၇၉ တန်နဲ့ တာချီလိတ်မှ ၂၄၂ တန် စုစုပေါင်း ၅၂၁ တန် တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်ထိုင်းနယ်စပ်သို့ ကြက်သွန်နီ ၂၆၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကတော့ ယခုတစ်ပတ်မှာ ကြက်သွန်နီ အပို့မရှိဘဲ ယခင်တစ်ပတ်က ၁၇ တန်ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### မုံရွာကြက်သွန်နီဈေးနှုန်း ပြန်လည်ကျဆင်း

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံ ရောင်းဝယ်ရေးတွင် ကြက်သွန်နီဈေးနှုန်းများ နိုဝင်ဘာလကုန်ပတ်မှာ ပြန်လည်ကျဆင်းလာတာ တွေ့ရပါတယ်။ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ အများအပြား ဝင်ရောက်လာသည့်အတွက် ဈေးနှုန်းကျဆင်း သွားကြောင်း သိရှိရပါတယ်။ တစ်ရက်လျှင် ပိဿာ၃၀ ဝင် အိတ် ၅၅၀ မှ ၆၅၀ ခန့် အဝင်ရှိကြောင်း သိရပါတယ်။

ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၅၀၀၊ (လတ်) ကျပ် ၄၀၀၊ (သေး) ကျပ် ၃၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်း တစ်ပိဿာ (ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀ နှုန်းဖြစ်ပြီး ယခင်တစ်ပတ် ပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ(ကြီး) ကျပ် ၉၀၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ်၅၀၀၊ လက်လီဈေးနှုန်းမှာ တစ်ပိဿာ (ကြီး) ကျပ်၁၂၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ် ၈၀၀ အသီးသီး ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ပျမ်းမျှ တစ်ပိဿာဈေးနှုန်း ကျပ် ၃၀၀ ကျော် ၄၀၀ခန့် ကျဆင်းသွား ကြောင်း သိရှိရပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်အဆွဲရှိလို့ တစ်ရက် ပိဿာ တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကြက်သွန်နီပွဲရုံများမှ သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးနှုန်းမှာ ပွဲရုံ ဈေးတစ်ပိဿာ ကြက်သွန်ဖြူ (ဗမာ) ကျပ် ၄၅၀၀၊ (ကြူကုတ်) တစ်ပိဿာ ကျပ် ၄၀၀၀၊ လက်လီဈေးနှုန်းတစ်ပိဿာ (ဗမာ) ကျပ် ၅၀၀၀၊ (ကြူကုတ်) ကျပ် ၄၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းအတက် အကျမရှိ တစ်ရက် အိတ် ၁၅၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

### ပြည်ကြက်သွန်နီ အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ပွဲရုံများတွင် အရောင်းအဝယ်ပုံမှန် လည်ပတ်လျက်ရှိနေကြောင်း သိရပါတယ်။ ပြည်ပွဲရုံတွင် ကြက်သွန်နီ လက်ကားဈေးတစ်ပိဿာလျှင် ကျပ်၁၅၀ ခန့် ကျဆင်းသွားတဲ့အတွက် အိတ်ဆွဲသမားများ၊ လက်လီပြန်လည်ရောင်းချသူများနဲ့ အရောင်းအဝယ်မှာ ယခင်တစ်ပတ်ထက် သွက်နေကြောင်း သိရပါတယ်။ ပြည်ပွဲရုံများတွင် လက်ကားဈေး တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၀၀၀-၁၁၀၀၊ (လတ်) ကျပ် ၈၅၀-၉၅၀၊ (သေး) ကျပ် ၆၀၀-၇၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေပြီး လက်လီဈေးများမှာ ယခင်နိုဝင်ဘာလဆန်း အမြင့်ဈေးနှင့် ဝယ်ထားသူများမှာ လက်လီဈေးကို မချဘဲ (ရှယ်သန့်) ကျပ် ၁၄၀၀၊ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ်၁၀၀၀-၁၂၀၀၊ (သေး) ကျပ် ၉၀၀ တို့နှင့် ယခင်တစ်ပတ်ဈေးအတိုင်း ရောင်းချနေတာ တွေ့ရပါတယ်။ ပြည်ပွဲရုံများသို့ ဝင်ရောက်မှုမှာ ရေနံချောင်း၊ ဆိပ်ဖြူနယ်များမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင် အိတ် ၃၅၀ ခန့်ပုံမှန်အဝင်ရှိနေပြီး ကြက်သွန်နီစိုက် တောင်သူများမှာ ယခင်မြင့်တက်ခဲ့သည့် ကြက်သွန်နီဈေးမှာ အတက်အကျ မြန်ဆန်ခဲ့တဲ့အတွက် သိုလှောင်ထားပြီး တက်ဈေးဆက်လက်မျှော်ကာ စောင့်ဆိုင်းနေကြောင်း သိရပါတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**

### ပြည်ကြက်သွန်ဖြူဈေးကွက် ဈေးဆက်တက်ရိပ်ရှိ

ပြည်ကြက်သွန်ပွဲရုံများတွင် ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဈေးနှုန်းကလည်း တစ်ပတ်နဲ့တစ်ပတ် မတူအောင် ဈေးဆက်တက်နေတာ တွေ့ရပါတယ်။ ဒေါ်လာ၊ ယွမ် စသည့်ငွေကြေးတွေကလည်း အမြင့်မှာ ပေါက်ဈေးဖြစ်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း ယခင်လို ချောမွေ့မှုသိပ်မရှိဘူးလို့လည်းသိရပါတယ်။ ကြက်သွန်ဖြူဈေးက တရုတ်ပြည်ဘက်မှာသာ ဈေးမြင့်တက်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ယခုတစ်ပတ် ပြည်ပွဲရုံဈေး ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ) အလတ်စ၊ ထိပ်စအနေနှင့် ကျပ် ၅၂၀၀ မှ ၅၅၀၀ ထိရှိပြီး၊ (ကြူကုတ်) အလတ်စ ကျပ် ၅၂၀၀ ဈေးဖြစ်လျက်ရှိနေပါတယ်။ လက်လီဈေးမှာ (ရှမ်းစ) ကျပ် ၅၆၀၀ နှင့် (ကြူကုတ်) တစ်ပိဿာ ကျပ် ၅၈၀၀ ထိ ရောင်းဝယ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ရှမ်းမှာကဲ့သို့ တရုတ်နိုင်ငံမှာစိုက်တဲ့ ကြက်သွန်ဖြူလည်း တစ်ပိဿာ (ပွဲရုံ) ကျပ် ၄၅၀၀ နှင့် (လက်လီ) ကျပ် ၅၀၀၀ ဈေးဖြင့် ဈေးကွက်ဝင်လာတာတွေ့ရပါတယ်။ ဈေးအနည်းငယ်သက်သာပြီး အရည်အသွေးကောင်းလာတာလည်း တွေ့ရပါတယ်။ **နီနီဝင်း**

## ချင်း

### ပြည်ချင်းဈေးကွက် ဈေးငြိမ်ပြီး အဝင်သွက်

ပြည်ချင်းဈေးကွက်ရှိ ချင်းဈေးမှာ ယခုတစ်ပတ်မှာ အတွင်းဈေးငြိမ်ကာ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ်၄၀၀ မှ ကျပ်၅၀၀၊ အမြင့်ဆုံး ကျပ် ၆၀၀မှ ကျပ် ၉၀၀ အထိရှိပြီး၊ ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။ ပြည်ချင်းဈေးကွက်ရှိ ချင်းရောင်းဝယ်သူများအနေဖြင့် ယခုအချိန်က အောင်ပန်းဘက်မှ ချင်းတက်အသစ်များ ထွက်ရှိချိန်ဖြစ်တာကြောင့် ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် အိတ် ၈၀ခန့်အထိ ဝင်ရောက်လာတာ တွေ့ရပါတယ်။

အဝင်များပေမယ့် ဈေးနှုန်းပုံမှန်နဲ့ ပွဲရုံများမှ လက်လီ၊ လက်ကား ရောင်းဝယ်သူများ ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ဈေးကွက်မှတစ်ဆင့် ပိဿာချိန် ပျမ်းမျှ ၅၀၀ခန့် စီးဆင်းသွားခဲ့ကြောင်း သိရပါတယ်။ **ဝင်းဝင်းခိုင်**

### နိုဝင်ဘာလအကုန်မှာ ရှမ်းချင်းတွေ အဝယ်လိုက်လာ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်ကို ချင်းတက်သစ်တွေကပုံမှန်အဝင်ရှိလာပါတယ်။ ပြီးခဲ့တဲ့လကတော့ ပွဲတော်ရက်ကာလဖြစ်တာကြောင့် ဈေးကွက်ကိုချင်း အဝင်နည်းပါတယ်။ တောင်သူတွေကလည်း ဈေးကွက်အခြေအနေပေါ် မူတည်ပြီး မှဖော်ကြတာကြောင့် ဈေးကွက်သဘောအရ အဝင်နည်းရင် ဈေးတက်လေ့ရှိတာကြောင့် ပြီးခဲ့တဲ့တစ်ပတ်ကစလို့ ချင်းဈေးကနည်းနည်းလှုပ်လာပါတယ်။ပုံမှန်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်အပြင် တပ်ကုန်း၊ ပြည်၊ မုံရွာ၊ စစ်တွေစတဲ့ မြို့တွေကပါ အဝယ်လိုက်လာလို့ဈေးကလည်း ထိုက်သင့်သလောက် တက်လာတယ်လို့ သိရပါတယ်။ ချင်းဈေးက လအတော်ကြာအေးနေရာကနေ နိုဝင်ဘာနောက်ဆုံး တစ်ပတ်မှာ ဈေးအနည်းငယ်ပြန်တက်လာတယ်လို့သိရပါတယ်။ နိုဝင်ဘာတစ်လလုံးမှာ ချင်းပိဿာချိန်ပေါင်း ၅ ဒသမ ၄ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တောင်သူတွေကလည်းကြိုက်ဈေးရတာကြောင့် ဒီတစ်လမှာ ဖော်လာကြတယ်လို့သိရပါတယ်။ ပွင့်လင်းရာသီရောက်လာပြီဖြစ်တာကြောင့် အလှူပွဲတွေနဲ့ ချင်းသုပ်အဖြစ်ရောင်းဖို့အတွက်လည်း မန္တလေးဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ဒီဇင်ဘာမှာတော့ချင်းရင့်တွေ ဈေးကွက်ကိုဝင်လာတော့မှာဖြစ်လို့ လှောင်လက်တွေကတော့ အဲဒီအချိန်ကျမှ ဝယ်ယူလှောင်ကြမှာဖြစ်တယ်လို့ ဈေးကွက်က သိရှိရပါတယ်။ ချင်းခြောက်ကတော့လက်ကျန် ချင်းခြောက်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေရတယ်လို့ သိရပါတယ်။ ချင်းခြောက်ကို တော့ရန်ကုန်၊ ပြည်၊ စစ်တွေဝယ်လက်တွေက အဓိကဝယ်ယူတယ်လို့သိရပြီး တစ်လအတွင်းမှာ ပိဿာချိန်ပေါင်း နှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးက ချင်း(စို)က ကျပ် ၂၅၀ မှ ကျပ် ကျပ်၄၅၀ ဈေးနဲ့ ချင်းခြောက်ကတစ်ပိဿာ ကျပ်၁၁၀၀ မှ ကျပ်၁၆၀၀ ဈေးရှိပါတယ်။ **ဇေခိုင်(တောင်ကြီး)**

### မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၉ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၉၀၀ တန်ဖိုးရှိ ချင်းခြောက် ၁၂ တန် တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာပထမပတ်ကလည်း ၁၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၄၂၄၃၇၅ကျပ်ခန့် ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**

## နနွင်း



### ရှမ်းနနွင်းကို ပြည်တွင်းလက်လီသမားများဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းလည်း ပုံမှန်တော့ အရောင်းအဝယ် ဖြစ်နေတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်ကိုဝင်တဲ့ တောင်ပို့လ၊ ဟိုပုံး၊ အင်းလေး၊ ဆင်တောင် စတဲ့ နနွင်းတွေမှာ ဒီတစ်လမှာအများဆုံး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ နနွင်းကတော့ ဆင်တောင်နနွင်းနဲ့ တောင်ပို့လနနွင်းတို့ဖြစ်ပါတယ်။ ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိခဲ့ပြီး ပြည်ပဝယ်လက်ကတော့ အမေးသာရှိပြီး လက်တွေ့တော့ အဝယ်မရှိသေးဘူးလို့လည်းသိရပါတယ်။ နနွင်းအသစ်တွေကတော့ လာမယ့်နှစ်စပိုင်းကစပြီးတော့ ဈေးကွက်ကို ဝင်လာနိုင်တယ်လို့လည်းသိရပါတယ်။ အခုလောလောဆယ်တော့ အောင်ပန်းဈေးကွက်မှာ တောင်ပို့လနနွင်းတွေက ကုန်သလောက်ဖြစ်သွားပါပြီ။ ပြည်တွင်းသုံး လက်လီသမားတွေက အမှုန့်ကြိတ်ဖို့အတွက် (ထိပ်စ) ဖြစ်တဲ့ ဆင်တောင်နနွင်းကို ဝယ်ယူသလို ခြင်ဆေးခွေပြုလုပ်ဖို့အတွက် တောင်ပို့လနနွင်းကိုလည်း ဝယ်ယူတယ်လို့သိရပါတယ်။ဒီတစ်ပတ်တော့ လက်လီသမားဖြစ်တဲ့ တောင်တွင်းကြီး၊ ဝမ်းတွင်း၊ မိတ္ထီလာစတဲ့မြို့တွေက ဝယ်ယူနေလို့ နိုဝင်ဘာလအတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ၂ ဒသမ ၈ သိန်း အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ ပေါက်ဈေးတွေက တောင်ပို့လစက ကျပ် ၁၅၀-၁၆၀၊ ဆင်တောင်နနွင်းက တစ်ပိဿာ ကျပ် ၂၅၀၀-၂၆၀၀ ဈေးရှိပါတယ်။
**ဇေခိုင်(တောင်ကြီး)**

## ရှမ်းကြက်သွန်ဖြူ အဝယ်လိုက်

ရှမ်းကြက်သွန်ဖြူကို သီတင်းကျွတ်မှာစတင် စိုက်ပျိုးပြီး၊ တန်ဆောင်မုန်းလမှာ အပြီးစိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာ ကြက်သွန်ဖြူက အရောင်းအဝယ် ကောင်းလာပါတယ်။ လဲချားကထွက်တဲ့ ခရမ်းစွဲကြက်သွန်တွေကို ထိုင်းနိုင်ငံက အဝယ်များလာတာကြောင့် စောစောစီးစီးပဲ ဈေးကွက်မှာ ကုန်သွားတာကြောင့် ရှမ်းကြက်သွန်ဖြူတွေကို အဝယ်လိုက်လာတဲ့အတွက် အရောင်းသွက်လာတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့လတွေကတော့ ကြက်သွန်ဖြူကို ပြန်စိုက်ဖို့အတွက် မျိုးအဖြစ်ပြန်လည်ဝယ်ယူကြတာရယ်၊ စိုက်ပျိုးနေကြတာရယ်ကြောင့် ဈေးကွက်မှာ လက်ကျန်နည်းသွားတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တော့ စိုက်ပျိုးပြီးလို့ ပိုတဲ့ကြက်သွန်တွေကိုပြန်ပြီးထုတ်ရောင်းကြလို့ အဝင်တော့များလာပါတယ်။ ရှမ်းကြက်သွန်ဖြူတွေကို ကျိုင်းတုံဝယ်လက်က အဝယ်နားနေပေမယ့် ရန်ကုန်၊ မန္တလေး၊ တပ်ကုန်း၊ မော်လမြိုင် စတဲ့မြို့တွေက အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန် ၃ဒသမ ၉ သိန်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

ကြက်သွန်ဖြူအသစ်တွေကတော့ လာမည့် မတ်လမှစပြီး ပေါ်မှာဖြစ်ပါတယ်၊ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးက (လတ်ခြား) ကျပ် ၃၃၀၀၊ (ထူး-၁) ကျပ် ၃၆၀၀၊ (ထူး-၂) ကျပ် ၄၀၀၀၊ (ထူး -၃) ကျပ် ၄၃၀၀၊ နဲ့ (ထူး-၄) ကျပ် ၄၆၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ကြက်သွန်ဖြူ အဝင်နည်းသလို လက်ကျန်လည်းနည်းနေပြီး၊ အဝယ်လိုက် နေလို့ဈေးကဆက်တိုက်တက်နေပါတယ်၊ အောင်ပန်းဈေးကွက်မှာ ကြက်သွန်ဖြူတစ်ပိဿာပေါက်ဈေးက (လတ်ခြား) ကျပ် ၃၁၀၀၊ (ရှယ်) ကျပ် ၃၅၀၀၊ (ထူး- ၁) ကျပ် ၃၈၀၀၊ (ထူး-၂) ကျပ် ၄၂၀၀၊ (ထူး- ၃) ကျပ် ၄၈၀၀၊ (ထူး- ၄) ကျပ်၅၂၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။ **ဇေခိုင် (တောင်ကြီး)**

# tmDHy/a&;avif;onfjyKtmrcHvkyfief;u@twm

# အခွင့်အလမ်းများပေးစွမ်းလျက်ရှိ

| သိန်းမြင့်ဝေ |

အာဆီယံစီးပွားရေး ပေါင်းစည်းမှုအဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ AECက အာရှ၏ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ (Financial Service Providers) ကို ရိုက်ခတ်လျက်ရှိကြောင်း၊ စီးပွားရေး ပိုမိုပေါင်းစည်းလာခြင်းက အာမခံလုပ်ငန်းကဏ္ဍ (Insurance Sector)ကို အပြောင်းအလဲများ ဖြစ်စေနိုင်ကြောင်း ဝေဖန်သုံးသပ်မှုများရှိနေသည်။

သို့သော်လည်း AEC နှင့်အတူ အာမခံဈေးကွက် (Insurance Industry) အတွက် ပူးပေါင်းဆောင်ရွက်ပါက စီးပွားရေး အခွင့်အလမ်းများ ရရှိပြီး စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ပေါက်လာနိုင်ကြောင်း၊ အာဆီယံနိုင်ငံများအတွင်း ယှဉ်ပြိုင်မှုကို တိုးတက်စေနိုင်ကြောင်း ရှုမြင်သူများလည်းရှိပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၏ အသက်အာမခံမဟုတ်သော အခြားသောအာမခံများ ထားရှိမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံ ရှိသောကြောင့် အာဆီယံအတွင်း ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်မှုမှာ တိုးတက်လျက် ရှိသည်။ ထို့ကြောင့် နိုင်ငံတကာ ကုမ္ပဏီကြီးများသည် နယ်စပ်ဖြတ်ကျော် အာမခံဝန်ဆောင်မှုများ (Cross-border Services) ဖြည့်ဆည်းပေးရန် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံ၏ ကျန်းမာရေးနှင့် ထိခိုက်မှု အာမခံကဏ္ဍ (Health and Personal accident insurance sector) တွင် တိုးချဲ့ ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းလျက်ရှိသည်။

**ဖြစ်ပေါ်လာနိုင်သော အပြောင်းအလဲများ**

အာဆီယံ၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးကို အကျိုးပြုနိုင်မည့် ခိုင်မာတောင့်တင်းသော ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးအဆောက်အအုံ (Strong, Competitive economy) ကို ဖန်တီးရန်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးပေါင်းစည်းရာတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ လွတ်လွတ်လပ်လပ် စီးဆင်းခြင်းဟူသော ကောင်းကျိုးကို များစွာခံစားကြရမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း (International firm) တစ်ခုသည် အာဆီယံနိုင်ငံများတွင် မိမိတို့၏ ရုံးခွဲများကို တည်ထောင်ဖွင့်လှစ်နိုင်သည်။ ဘဏ်များအနေဖြင့်လည်း ပြည်တွင်းပြည်ပကုမ္ပဏီများအား လိုအပ်သော ချေးငွေများ ထုတ်ချေးခြင်းနှင့် လိုအပ်သော အရင်းအနှီးများ ဖြည့်ဆည်းပေးခြင်းတို့ကို လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် သဘောချက်ကျသော ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများသည် အာဆီယံနိုင်ငံများအတွင်း လွတ်လပ်စွာ ဝင်ထွက် သွားလာနိုင်တော့မည်ဖြစ်သည်။ အဆိုပါ ကျွမ်းကျင်သူများ အာဆီယံဒေသအတွင်း လွတ်လွတ်လပ်လပ် ဝင်ထွက် သွားလာနေပြီဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။

အရှေ့တောင်အာရှဒေသ၏ စီးပွားရေး ခိုင်မာတောင့်တင်းလာခြင်းက အာမခံထုတ်ကုန်များ (Insurance Products) အတွက် စားသုံးသူများ၏ ဝယ်လိုအားကို တိုး တက်စေသည်။ ထိုကဲ့သို့ တိုးတက်လာသော ဝယ်လိုအားက အာမခံကုမ္ပဏီသစ်များ ပေါ်ထွန်းလာစေသည့်အပြင် လက်ရှိအာမခံကုမ္ပဏီများ၏ လုပ်ငန်း တိုးချဲ့ခြင်းတို့ကို ဆက်လက်ဖြစ်ပေါ်စေသည်။

သို့သော်လည်း လက်ရှိအချိန်ကာလတွင် အချို့သော အခက်အခဲများကို ရင်ဆိုင်နေရသည်။ ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မတူကွဲပြားခြင်းကို တွေ့နိုင်သည်။ အာဆီယံ နိုင်ငံများသည် ကျင့်သုံးသော စီးပွားရေးစနစ်များ မတူညီခြင်း၊ စီးပွားရေး တိုးတက်မှုအဆင့် မတူညီခြင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ကွဲပြားခြင်း စသည့် လက္ခဏာရပ်များ ရှိကြသည်။ ထိုကဲ့သို့ မတူကွဲပြားမှုများက အရှေ့တောင်အာရှ ဒေသတစ်ဝန်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်မည့် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် လည်းကောင်း၊ စားသုံးသူများအတွက် လည်းကောင်း အခက်အခဲများနှင့် ရင်ဆိုင်ရလေ့ရှိပါသည်။ ငွေကြေး ဈေးကွက်ကို ဖြေလျှော့မည်ဆိုပါက ငွေရေးကြေးရေးမူဘောင် (Financial framework) ကို စံချိန်စံညွှန်းပြည့်မီ ကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ AEC အစီအစဉ်အရ အဆိုပါ မူဘောင်ကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက် သွားရပါမည်။ အဆိုပါ Framework အပြောင်းအလဲများကို "AEC Blueprint 2025" တွင် ထည့်သွင်း ထားရှိပြီးဖြစ်ပါသည်။

**အာမခံလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှု အခြေအနေ**

အာဆီယံဒေသအတွင်း အာမခံလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုအဆင့်မြင့်မားပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အာမခံကုမ္ပဏီ ၂၉ ခုရှိပြီး ထိုင်းနိုင်ငံတွင် ၆၃ ခုရှိပါသည်။ အနည်းဆုံးမှာ မြန်မာနိုင်ငံဖြစ်ပြီး အာမခံကုမ္ပဏီ ၁၂ ခုသာ ရှိပါသည်။

အရှေ့တောင်အာရှဒေသအတွင်း စင်ကာပူနိုင်ငံသည် အသက်အာမခံမဟုတ်သော အခြားသော အာမခံကြေး (Non-Life insurance premiums) ထားရှိမှု အများဆုံးဖြစ်ပါသည်။ စင်ကာပူနိုင်ငံ၏ Non-Life insurance premiums ထားရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိပါသည်။ ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံ၏ အဆိုပါအာမခံကြေး ထားရှိမှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံရှိပါသည်။ သို့သော်လည်း အာဆီယံအာမခံ ဈေးကွက်အတွင်း ထိုင်းနိုင်ငံ၏ ဈေးကွက်ထိုးဖောက်မှုအချိုး (Market Penetration ratio) မှာ ၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုင်းနိုင်ငံ၏ အာမခံ ဈေးကွက်ထိုးဖောက်မှု အချိုးသည် တရုတ်နှင့် ဟောင်ကောင်တို့၏ ဈေးကွက်ထိုးဖောက်မှု အချိုးထက် ပိုမိုမြင့်မားပါသည်။

**အာမခံလုပ်ငန်း တည်ထောင်လုပ်ကိုင်နိုင်မည့် အခြေအနေ**

နိုင်ငံတကာ အာမခံကုမ္ပဏီများအနေဖြင့် အာဆီယံနိုင်ငံများတွင် အာမခံစီးပွားရေး ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိသည်။ ထိုကဲ့သို့ တည်ထောင်လုပ်ကိုင်မည်ဆိုပါက နိုင်ငံတကာ ကုမ္ပဏီများသည် ပထမအဆင့်အဖြစ် မိမိတို့စိတ်ဝင်စားသည့် အာဆီယံနိုင်ငံအတွင်းရှိ လက်ရှိ အာမခံလုပ်ငန်း လုပ်ကိုင်နေသော ပြည်တွင်းကုမ္ပဏီ (Local partners) နှင့် ပူးပေါင်းဆောင်ရွက်မှု (Partnership) ကို စတင်သင့်ပါသည်။ ထိုသို့ စတင်ရာတွင် နိုင်ငံတကာ အာမခံ ကုမ္ပဏီများက မိမိတို့၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ပြည်တွင်း ကုမ္ပဏီများကို နည်းပညာအကူအညီများ (Technical assistances) ပေးခြင်းနှင့် အာမခံလျော်ကြေးငွေ ပေးအပ်ခြင်း အပါအဝင် အာမခံလုပ်ငန်း၏ ဝန်ဆောင်မှု စွမ်းရည် (Claim service efficiency) တိုးတက်ရေးတို့ကို ပံ့ပိုး ဆောင်ရွက်ပေးသင့်သည်။

လက်ရှိကာလတွင် လာအိုနိုင်ငံရှိ အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာ ကုမ္ပဏီအချို့သည် လာအိုနိုင်ငံနယ်စပ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းပြီး လာအိုနိုင်ငံရှိ ဖောက်သည်များအား နယ်စပ်ဖြတ်ကျော် အာမခံဝန်ဆောင်မှု (Cross-border insurance) ပေးနေကြပါသည်။ ဤကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုပုံစံကို ကမ္ဘောဒီးယား၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့တွင်လည်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ် နေကြောင်းသိရှိရပါသည်။

**အလားအလာကောင်းသော နယ်ပယ်နှင့် ဆောင်ရွက်သင့်သည်များ**

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ကျန်းမာရေးနှင့် တစ်ဦးချင်းထိခိုက်မှု အာမခံကဏ္ဍ (Health and personal accident indurance sector) သည် ပြီးခဲ့သည့် နှစ်များအတွက် ဂဏန်းနှစ်လုံးနှုန်း (Double-digit rates) ဖြင့် တိုးတက်ခဲ့သည်။ ထို့ကြောင့် အဆိုပါ နယ်ပယ်တွင် ပိုမိုတိုးချဲ့လုပ်ကိုင်ရန် ကြိုးပမ်းသင့်ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းရာတွင် အာမခံအမျိုးမျိုးထားရှိကြမည့် ဖောက်သည်များအတွက် အကောင်းဆုံးသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်နှင့် အသိပညာဗဟုသုတ၊ နည်းပညာတို့ကို အခြေခံလျက် စွမ်းဆောင်ရည် အမြင့်မားဆုံးဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများအနက် သက်ကြီးရွယ်အိုများသော နိုင်ငံ သို့မဟုတ် သက်ကြီးရွယ်အိုနည်းသော နိုင်ငံစသည့်အချက်များပေါ် မူတည်ပြီး မိမိတို့၏ လုပ်ငန်းစီမံချက် (Business plan) ကို ရေးဆွဲသင့်သည်။ ထို့မှသာမက သက်ဆိုင်ရာနိုင်ငံ၏ လူမှုဖူလုံရေးစနစ် (Universal health care system) ကဲ့သို့သော ပြည်သူလူထု သက်သာ ချောင်ချိရေး စနစ်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

Soruce: world finance.com

## တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်မှုရေးရာ ကိစ္စရပ်များကို ဆောင်ရွက်သွားမည်

တရုတ်နိုင်ငံသည် လာအိုနိုင်ငံတွင် မီးရထားလမ်းဖောက်လုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်များ တည်ဆောက်ခြင်းအပါအဝင် အဓိကနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း လာအိုနိုင်ငံဝန်ကြီးချုပ် Thongloun Sisoulith ၏ တရုတ်နိုင်ငံသို့ နိုဝင်ဘာလ ၂၈ ရက်နေ့မှ စတင်သည့် ၄ ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ Great Hall of the People တွင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် လီကာချန်တို့ တွေ့ဆုံစဉ်အတွင်း ဝန်ကြီးချုပ်လီက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးမြင့်တင်ရန်အတွက် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဇုန်များနှင့် မီးရထားလမ်းများ တည်ဆောက်ခြင်းစသည့် အထူးစီမံကိန်းများတွင် နှစ်နိုင်ငံစလုံးမှ ပါဝင်ဆောင်ရွက်ကြပါရန် ဝန်ကြီးချုပ်လီကပြောကြားခဲ့ကြောင်း၊ လာအို-တရုတ်ရထားလမ်းသည် လာအိုနိုင်ငံအတွက် အလွန်အရေးပါပြီး အဆိုပါ ရထားလမ်းအား အမြန်ဆုံးဖောက်လုပ်ပြီးစီးနိုင်ရေးအတွက် လာအိုနိုင်ငံအနေဖြင့် အစွမ်းကုန်အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုဝန်ကြီးချုပ် Thongloun က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသော One Belt One Road ၏ အဓိကကျသော စီမံကိန်းတစ်ခုဖြစ်သည့် တရုတ်-လာအို ရထားလမ်းသည် အရှည် ၄၁၄ ကီလိုမီတာရှိပြီး လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်းနှင့် လာအိုနိုင်ငံမြောက်ပိုင်းရှိတရုတ်နိုင်ငံနယ်စပ်ဂိတ်ဖြစ်သည့် မိုဟန်-ဘိုတန် နယ်စပ်ဂိတ်ကို ဆက်သွယ်ထားသည့် ရထားလမ်းဖြစ်သည်။ အဆိုပါ ရထားလမ်းအား ၂၀၁၅ ခုနှစ်ကုန်ပိုင်းက စတင်ဖောက်လုပ်ခဲ့ပြီး ယွမ် ၃၇ ဒသမ၄ဘီလီယံ(အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ)ဖြင့် ရင်းနှီးမြှုပ်နှံထားကာ စီမံကိန်းကာလမှာ ၅ နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေး၊ လယ်ယာထွက်ကုန်ချောများထုတ်လုပ်ရေး၊ ဆင်းရဲမှုလျှော့ချရေး ဘဏ္ဍာရေးနှင့် ကာကွယ်ရေးအပါအဝင် ကဏ္ဍများစွာတွင် အတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် မိမိတို့အတွက် ကောင်းမွန်သည့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် လာအိုနိုင်ငံနှင့် မူဝါဒရေးရာကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုးတက်ကောင်းမွန်ရေးတို့ အတွက် လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များတွင် တရုတ်နိုင်ငံသည် လာအိုနိုင်ငံအား ခိုင်ခိုင်မာမာ အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားခဲ့သည်။

Source: Xinhua

စန္ဒာထွန်း (TTI)

## ဓာတ်ဆီ/ဒီဇယ်

### ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီတန်ချိန် ၅၀၀၀၀ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ပင်လယ် ရေကြောင်းလမ်းမှ ကန်ဒေါ်လာ၃၈၄၀၁၆၄၂တန်ဖိုးရှိဒီဇယ် ၄၂၆၇၀ ဒသမ ၀၈၇ တန်နဲ့ ကန်ဒေါ်လာ ၂၂၉၀၄၂၆၃တန်ဖိုးရှိ ဓာတ်ဆီ ၁၁၆၇၃ ဒသမ ၄၅၇ တန်၊ စုစုပေါင်း ၅၄၃၄၃ ဒသမ ၅၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှား၊ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်တန်ချိန် ၂၂၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀၀၀ ကျော် တင်သွင်းမှုပိုခဲ့ပြီး ယခင်သီတင်းပတ် ဓာတ်ဆီအဝင်တန်ချိန် ၁၉၅၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၇၈၀၀ကျော် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုခဲ့ပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၀၄၈၅ တန်ဖိုးရှိ ဒီဇယ်၃၆ ဒသမ ၀၃၆ တန်နဲ့ ကန်ဒေါ်လာ ၁၂၀၀၀တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၃၀ တင်သွင်းခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၅၁၃၀ တန်ဖိုးရှိဓာတ်ဆီ ၄၁တန်နဲ့ ကန်ဒေါ်လာ ၂၆၂၁၉ တန်ဖိုးရှိဒီဇယ်၅၈တန်၊ မြိတ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၇၂၀၈၈၅ တန်ဖိုးရှိဒီဇယ် ၁၆၂၅ ဒသမ ၇၅၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Re-Export ဒီဇယ် တန်ချိန် ၂၀၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95)မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ်၆၃၀၊ အောက်တိန်း (92) ကျပ် ၆၄၀ ၊ အောက်တိန်း (95) ကျပ် ၆၉၀ ၊ အဆင့်မြင့်ဒီဇယ် ၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာ ၂၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် ဝယ်ဈေး ဈေးငြိမ်နေသော်လည်း ရောင်းဈေး ၁၀၀၀ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၂၈ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလံ ဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၂၇၀၀၊ ဓာတ်ဆီတစ်ဂါလန် ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီ ဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၇၀ကျပ်၊ ဒီဇယ် ကျပ်၆၇၀ အဆင့်မြင့်ဒီဇယ် ကျပ် ၇၁၀၊ အောက်တိန်း (92) ကျပ် ၇၁၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ နိုဝင်ဘာ ၂၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာ ၂၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီဈေးနဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ကျပ် ၂၈၀၀၊ ဓာတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးများမှာ ဓာတ်ဆီ ကျပ် ၃၀၀၀၊ ဒီဇယ် ၃၀၁၅ ကျပ် ၊ အောက်တိန်း ကျပ် ၂၉၇၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ကျပ် ၃၁၀၀၊ ဒီဇယ် တစ်ဂါလန် ကျပ် ၃၁၀၀၊ အောက်တိန်း တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်

**MIRT-DOT**

### ငွေလဲနှုန်းများ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၃၆၂ အထိ ရောက်ရှိရာမှ ပြန်လည်ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည်အမြင့်ဆုံးဈေးအဖြစ် ၁၃၆၂ ကျပ်အထိ ရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။ ငွေလဲနှုန်းများ မြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်များ မရှိသလောက်အေးနေကြောင်း၊ ပုဂ္ဂလိကဘဏ်များတွင် ပြင်ပငွေလဲစင်တာများအောက်ဈေးထက် လျော့နည်းနေသော်လည်း အရောင်းအဝယ်များကို ပိတ်ထားကြောင်း၊ ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ၁၃၀၅ ကျပ်သတ်မှတ်ထားကြောင်း ငွေလဲစင်တာတွင် ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

"ငွေကြေးဈေးကွက်ကို ဗဟိုဘဏ်ကထိန်းဖို့လိုပါတယ်။ ဗဟိုဘဏ်ကမထိန်းဘဲနဲ့လွှတ်ထားရင် ဈေးက ဆက်တိုက်မြင့်တက်လာဦးမှာ။ ဗဟိုဘဏ်က ထိန်းမယ်လို့ သတင်းကြားလိုက်တာနဲ့ ဈေးကပြန်ကျလာတယ်။ ဒါကိုကြည့်လိုက်ရင် ဈေးကစားနေတယ်ဆိုတာ သေချာသလောက်ပါပဲ။ ဒါကိုထိန်းထားနိုင်ဖို့ လိုပါတယ်။ မဟုတ်ရင် ဈေးကအခုလိုပဲ တက်လိုက်ကျလိုက်နဲ့ မငြိမ်မသက်ဖြစ်နေမှာပဲ"ဟု ငွေလဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲစင်တာများတွင် နိုဝင်ဘာ ၂၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၄၆ ကျပ်၊ ဝယ်ဈေး ၁၃၄၃ ကျပ်ရှိခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက်နံနက်ပိုင်းတွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့ပြီး ညနေပိုင်းတွင်ရောင်း ဈေး ၁၃၆၂ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်ရှိခဲ့သည်။ သို့သော် ဒီဇင်ဘာ ၂ ရက်တွင် ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၄၇ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

### ကမ္ဘာ့ရွှေဈေးများ ကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေသဖြင့် ပြည်တွင်းရွှေဈေးနှုန်း အနည်းငယ်သာကျဆင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများ ကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေသဖြင့် ပြည်တွင်းရွှေဈေးနှုန်းမှာ အနည်းငယ်သာ ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်က တကယ်ဆိုရင် ပြည်တွင်းရွှေဈေးက ကျလာရမှာ။ ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၁၁၇၈ ဒေါ်လာအထိ ကျဆင်းသွားပေမယ့် ဒီကငွေလဲနှုန်းကြောင့် ပြည်တွင်းရွှေဈေးက ကျသင့်သလောက်မကျဘူး ဖြစ်သွားတယ်။ ရွှေဈေး နည်းနည်းကျလာတဲ့အတွက် ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်အနည်းငယ်ပြန်ဖြစ်လာပါတယ်။ ဈေးကျတော့ အရောင်းထက် အဝယ်က ပိုများလာတာပါ" ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ ၂၈ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၆၀၀၀၀ ရှိခဲ့ရာမှ ဒီဇင်ဘာ ၁ ရက်တွင် ကျပ် ၈၅၈၀၀၀ သို့ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၃ ရက်တွင် ကျပ် ၈၅၆၅၀၀ သို့ ဆက် လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၈ ရက်က တစ်အောင်စလျှင် အမေရိ ကန်ဒေါ်လာ ၁၁၉၅ ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၃၀ ရက်တွင် ၁၁၉၂ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၁ ရက်တွင် ၁၁၇၂ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၃ ရက်တွင် ၁၁၇၈ ဒေါ်လာရှိခဲ့သည်။

**မယ်သီတာ**

### ရှယ်ယာဈေးနှုန်းများ ငြိမ်သက်ကာ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ အရောင်းအဝယ် ပြုလုပ်နေသည့် ကုမ္ပဏီ သုံးခု၏အစုရှယ်ယာဈေးနှုန်းများ ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

YSX တွင် စာရင်းဝင်ကုမ္ပဏီ သုံးခု၏ နေ့စဉ်အရောင်းအဝယ်ဖြစ်မှုပမာဏမှာ တစ်သောင်းကျော်ခန့်ရှိနေကြောင်း၊ ပြည်တွင်းငွေလဲနှုန်းများမြင့်တက်နေမှုကြောင့် စတော့ရှယ်ယာဈေးနှုန်းများ ငြိမ်သက်နေခြင်းဖြစ်ကြောင်း စတော့ရှယ်ယာဈေးကွက်အတွင်းမှ သိရသည်။

"ဒီတစ်ပတ်ထဲမှာ စတော့ရှယ်ယာဈေးတွေ ငြိမ်နေတယ်။ ဒေါ်လာဈေးက မြင့်တက်နေတော့ စတော့ဘက်ကို မလှည့်နိုင်ကြဘူး။ ဈေးငြိမ်နေပေမယ့် အရောင်းအဝယ်ကတော့ နေ့တိုင်းလိုလိုဖြစ်ပါတယ်။ လာမယ့်ရက်သတ္တပတ်ထဲမှာ ပထမပုဂ္ဂလိကဘဏ်ကလည်း YSX မှာ စာရင်းဝင်တော့မှာဆိုတော့ သူ့ရဲ့ အခြေအနေကိုလည်း စောင့်ကြည့်ရမှာပါ"ဟု YSX တွင် ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။ ယခုတစ်ပတ်တွင် YSX ၌ FMI အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၆၀၀၀၊ MTSH အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၇၀၀၊ MCB အစုရှယ်ယာတစ်စုလျှင် ကျပ် ၉၈၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

## Currency Exchange Rate

December 2, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 79.28 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.88 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 68.37 |
| I DR | Indonesia Rupiahs | 13488.07 |
| JPY | Japan Yen | 113.99 |
| MYR | Malaysia | 4.45 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 49.70 |
| RUB | Russia Rubles | 63.87 |
| SGD | Singapore Dollars | 1.42 |
| KRW | South Korea Won | 1172.19 |
| LKR | Sri Lanka Rupe | 147.70 |
| THB | Thailand Baht | 35.66 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 22686.03 |

*Source:xe.com*

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1191 | 1191 | 1191 |
| 29 | 1189 | 1189 | 1189 |
| 30 | 1186 | 1188 | 1188 |
| 1 | 1168 | 1169 | 1168 |
| 2 | 1173 | 1173 | 1174 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-11- 2016 | 861.00 | 860.50 |
| 29-11-2016 | 866.00 | 866.60 |
| 30-11-2016 | 866.00 | 864.80 |
| 1-12-2016 | 856.50 | 856.00 |
| 2-12-2016 | 855.00 | 855.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .88 | 35.55 | 78.95 | 68.73 |
| 29 | 6. 89 | 35.61 | 79.27 | 68.63 |
| 30 | 6 89 | 35.72 | 79.37 | 68.56 |
| 1 | 6 .89 | 35.70 | 78.60 | 68.39 |
| 2 | 6.88 | 35.66 | 79.28 | 68.37 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28 - November | 16.77 | 2952.99 | 1799.39 | 6071.97 | 917.00 |
| 29 - November | 16.57 | 2850.62 | 1762.43 | 5783.23 | 926.00 |
| 30 - November | 16.69 | 2743.78 | 1750.78 | 5751.20 | 917.00 |
| 1- December | 16.53 | 2808.29 | 1780.35 | 5921.22 | 913.00 |
| 2- December | 16.51 | 2728.99 | 1742.27 | 5818.40 | 914.00 |

Source:kitco.com

## Energy NYMEX 2-12-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.64 | -0.42 | -0.82 |
| Brent Crude Futr (USD/bbl) | 53.30 | -0.64 | -1.19 |
| Gasoline Rbob Fut (Cent/gal) | 152.87 | -1.83 | -1.18 |
| Natural Gas Futr (USD/MMBtu) | 3.55 | 0.04 | 1.14 |
| Heating Oil Futr (Cent/gal) | 163.65 | -1.14 | -0.69 |

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် ၂၀၀ ကျော်သာ အဝင်ရှိခဲ့

နိုဝင်ဘာ ၂၀ရက်မှ ၂၆ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ၄၄၈၉၀၂ တန်ဖိုးရှိ ဘိလပ်မြေ ၂၃၁ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၆၈ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ၅၅ ဒသမ ၆၀ တန်နဲ့ မလေးရှားမှ ၈ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်တန်ချိန် ၆၆၀၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၃၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင် တန် ၂၃၀ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၆၆၀၀ ကျော် နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၃၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၄၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၂၆၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၁၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၅၀၊ ကြံ့ (မြိုင်ကလေး) ကျပ် ၄၆၅၀၊ စိန်(ထိုင်း) ကျပ်၅၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဆင်နဲ့ စိန် ဘိလပ်မြေ ဈေးအနည်းငယ်မြင့်ပြီး အေသုံးလုံးက ကျပ် ၁၀၀ ဈေးကျလာကာ ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ အေသုံးလုံးကျပ်၄၄၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီရက်ပိုင်း ရာသီဥတုသာယာလာတာကြောင့် အရောင်း အဝယ်ပုံမှန်ရှိပြီး၊ စိန်နဲ့ဆင်က ဈေးငြိမ်ကာအပါချီကျပ်၂၀၀နဲ့ နဂါးက ကျပ်၁၀၀ ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၃၀၀၊ ဆင်(ထိုင်း) ကျပ်၆၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ်၄၀၀၀၊ နဂါး ကျပ် ၄၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## စာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက်တန်ချိန် ၄၀၀ နီးပါးအဝင်ပို

နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၁၂၇၄၇ တန်ဖိုးရှိ မြေသြဇာ ၂၈၈၅ ဒသမ ၈၁၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၉၂၀၊ ရုရှားနိုင်ငံမှ ၆၉၆ဒသမ ၈၇၄တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၂၀၀၊ တရုတ်နိုင်ငံမှ ၃၉ ဒသမ ၅၉၅ တန်၊ ဂျပန်နိုင်ငံမှ ၂၇ တန်၊ ဂျာမနီနိုင်ငံမှ ၁ ဒသမ ၃၅ တန်နဲ့ အင်ဒိုနီးရှားနိုင်ငံမှ ၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဖလော်ရာ၊ ကွန်ပေါင်းနဲ့ ဩဂဲနစ် တို့ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ တန်ချိန် ၂၄၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၄၀၀ နီးပါးအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မန္တလေးနဲ့ တောင်ကြီးမှာ စာတ်မြေသြဇာဈေးကွက်အရောင်းအေး

နိုဝင်ဘာ ၂၀ ရက်မှ ၂၆ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၂၈၈၀ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က တန်ချိန် ၂၄၉၀ ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၄၀၀ နီးပါး အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၄၀၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၀၃၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၂၆၀ အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဆီအရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်နေ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၀၈၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)ကျပ် ၂၃၃၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၃၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြားကမ္ဘာနဲ့ ယူရီးယား-ပုလဲမြေသြဇာဈေး နည်းနည်းမြင့်လာပြီး တီစူပါနဲ့ပိုတက်က ဈေးနည်းနည်းကျလာကာ ကျန်မြေသြဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲမှာ တီစူပါ၁၅ ပတ်လည်သာနည်းနည်း အရောင်းအဝယ်ဖြစ်ပြီး ကျန်မြေသြဇာများက အရောင်းအေးတယ်လို့ သိရပါတယ်။ မြားကမ္ဘာကကျပ်၉၀၀နဲ့ ယူရီးယားက ကျပ် ၂၈၀၀ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၅ ပတ်လည် ကျပ် ၂၀၀၊ပိုတက် ကျပ်၁၀၀၀၊ တီစူပါ ၂၀% ကျပ်၇၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၈၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၁၈၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၁၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၃၀၀၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၆၀၀၀၊ ခာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ်၁၅၅၀၀ ဈေးနဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ်နို့ဆီအဝင်လျော့ပြီး နို့စိမ်းအဝင်ပို

နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက် အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၁၀၄၇၆၂ တန်ဖိုးရှိ နို့ဆီ ၁၁၆ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီအဝင် ၂၇၃ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ နို့မှုန့်က နယူးဇီလန်မှ ၁၇၂ ဒသမ ၀၅၀ တန်၊ ပိုလန်နိုင်ငံမှ ၅၁ တန်၊ စင်ကာပူမှ ၆ ဒသမ ၅၁၄ တန်၊ ဗီယက်နမ်မှ ၃ဒသမ ၉၄၉ တန်နဲ့ အိုင်ယာလန်မှ သုည ဒသမ ၃၀၆ တန်၊ စုစုပေါင်း ၂၃၃ဒသမ ၈၁၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ၁၂ တန်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။



**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၁၀၀၀၊ ယူရီး ယား( ပန်းဖူး-တရုတ်) ကျပ် ၂၀၈၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၁၈၁၀၀၊ မြားသီးစုံ ကျပ် ၁၄၂၀၀၊ ပန်းသီးစုံ ကျပ် ၁၄၅၀၀၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ် ၁၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၁ မှ ၂၅/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၁ မှ ၁၈/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၆၀.၀၀ | (-) | ၁၆၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၅၆၇.၅၀ | ၅၃၉.၅၀ | (+) | ၂၈.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၈၅၄.၀၀ | ၂၇၁၀.၀၀ | (+) | ၁၄၄.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | - | (+) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | ၆၁၅.၆၀ | ၅၄၀.၁၀ | (+) | ၇၅.၅၀ |
| ၇။ | ကော့သောင်း | ၂၇၆၀.၀၀ | ၈၄၂၅.၀၀ | (-) | ၅၆၆၅.၀၀ |
| ၈။ | မြိတ် | ၆၁၅.၀၀ | ၁၁၅.၀၀ | (+) | ၅၀၀.၀၀ |
| | စုစုပေါင်း | ၈၄၃၂.၁၀ | ၁၂၆၀၉.၆၀ | (-) | ၄၁၇၇.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁၁ မှ ၂၅/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၁ မှ ၁၈/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၂၀.၉၄၀ | ၈၃၅၃.၆၅ | (-) | ၇၃၃၂.၇၁ |
| ၂။ | လွယ်ဂျယ် | ၁၄၆.၀၀၀ | ၃၅၈.၈၀၀ | (-) | ၂၁၂.၈၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၀၀.၀၀၀ | - | (+) | ၃၀၀.၀၀၀ |
| ၅။ | မြဝတီ | ၁၁၈၀.၃၀၅ | ၁၁၀၃.၈၅၄ | (+) | ၇၆.၄၅၁ |
| ၆။ | ကော့သောင်း | - | ၁၉၀.၀၀၀ | (-) | ၁၉၀.၀၀၀ |
| ၇။ | မြိတ် | ၄၀.၀၀၀ | - | (+) | ၄၀.၀၀၀ |
| ၈။ | ရိဒ် | ၁၄၀၀.၀၀၀ | ၃၅၀.၀၀၀ | (+) | ၁၀၅၀.၀၀၀ |
| | စုစုပေါင်း | ၄၀၈၇.၂၄၅ | ၁၀၃၅၆.၃၀၄ | (-) | ၆၂၆၉.၀၅၉ |

ခင်မိုးသူ

## နှမ်း

# တရုတ်နယ်စပ်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၉၃၅ သန်းတန်ဖိုး ရှိနှမ်းဖြူ ၁၃၉တန်နီးပါးနဲ့ နှမ်းနက် ၅၄၆ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းရောင်စုံ ၂၂၇၂ တန်ခွဲ အထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ နှမ်း တန်ချိန် ၁၅၈၈ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ်မှာ နှမ်းတင်ပို့မှု မရှိတာကိုတွေ့ရပါတယ်။ နှမ်းဖြူ တစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၃၀၃၀၃၀ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၄၃၉၃၉၄ ကျပ်ဈေးရှိတယ်လို့ သိရပါ တယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန် ဒေါ်လာ ၃၄၆၅ တန်ဖိုးရှိ နှမ်းနက် နှစ်တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီမှ နှမ်းနက် တစ်တန်နီးပါးသာ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# မန္တလေးဈေးကွက်သို့ ကသာခရိုင် မိုးနှမ်းနက်များအား အများဆုံးတင်ပို့

ကသာခရိုင်မှာ စိုက်ပျိုးထွက်ရှိတဲ့ မိုးရာသီနှမ်းနက်ကို ကသာမြို့နယ်နဲ့ ထီးချိုင့်မြို့နယ်များမှာ အများအပြား စိုက်ပျိုးကြပြီး စိုက်ဧက သုံးသောင်းကျော် ရှိပါတယ်။ ကျန်မြို့နယ်များမှာ မိုးစပါးစိုက်ပျိုးမှု များပြားတဲ့အတွက် မိုးနှမ်းစိုက်ဧက အနည်းငယ်သာ ရှိတယ်လို့ သိရပါတယ်။ နှမ်းနက်ကို မန္တလေးမှ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေတယ်လို့ သိရပြီး ကသာခရိုင် မိုးရာသီ နှမ်းနက်များမှာ မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့နေတယ်လို့ နှမ်းဈေးကွက်မှသိရပါတယ်။

"နှမ်းတစ်ဧကကို မျိုးသုံးပြည်ကုန်ပါတယ်။ ထယ်ပြန်၊ ထယ်ထွန်ကအစ နောက်ဆုံး နှမ်းလှေ့တဲ့အထိ ကုန်ကျစရိတ် နှစ်သိန်းကျော် ကုန်ကျပါတယ်။ မိုးမှန် ပြီး လုံလောက်တဲ့ရေရရှိမယ်၊ မျိုးလည်းကောင်းမယ်ဆိုရင် တစ်ဧကကို ရှစ်တင်းလောက် ထွက်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘဲ အသင့်အတင့်လောက်သာရမယ်ဆိုရင်တော့ တစ်ဧကကို ငါးတင်း ထွက်ပါတယ်။ မိုးလည်းမမှန်၊ ရေလည်း ကောင်းကောင်း မရဘူးဆိုရင်တော့ လယ်သမားတွေ အရှုံးပေါ်တဲ့နှစ်လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ယခုနှစ် မန္တလေးဈေးကွက်မှာ နှမ်းကောင်းရင် တစ်တင်း ကျပ်ငါးသောင်းရပြီး အသင့်အတင့်ဆိုရင် တစ်တင်း ကျပ်လေးသောင်း၊ ညံ့ရင် တစ်တင်း ကျပ်သုံးသောင်း ရောင်းရပါတယ်။ ယခင်နှစ်ကာလတူက မန္တလေးနှမ်းဈေးကွက်မှာ နှမ်းနက်တစ်တင်း ကျပ် ၇၀၀၀၀ နဲ့ ကျပ် ၈၀၀၀၀ ရှိခဲ့ပါတယ်။ ဒီနှစ်ဈေးကွက် မငြိမ်လို့ နှမ်းဈေးကျပေမယ့် နှမ်းကောင်းလို့အရှုံးမရှိပါဘူး"လို့ နှမ်းတောင်သူ ဦးဝမ်ယုက ပြောပါ တယ်။

**ကြည်နိုင်ဦး (အင်းတော်)**



## စားအုန်းဆီ

# ရေနံစိမ်းဈေးနှုန်းမြင့်တက်လာသဖြင့် စားအုန်းဆီဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

ရေနံတင်ပို့သောနိုင်ငံများအဖွဲ့(အိုပက်)က ရေနံ ထုတ်လုပ်မှုကို လျှော့ချတော့မည့်အလားအလာများ ပိုမို ခိုင်မာလာပြီးနောက် ရေနံစိမ်းဈေးများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာသည်ကိုအကြောင်းပြု၍ စားအုန်းဆီဈေးများကလည်း ကျဆင်းနေ ရာမှ နိုဝင်ဘာ ၃၀ရက်နေ့မှာပြန်လည် မြင့်တက်လာခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။

အိုပက်အဖွဲ့ဝင်များ၏ ရေနံထုတ်လုပ်မှုကို လျှော့ချရန်အတွက် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းသဘောတူညီမှု ရရှိရန် နီးကပ်လာပြီဖြစ်ကြောင်း အိုပက်အဖွဲ့ အစည်းအဝေးတစ်ခုတွင် ဆော်ဒီအာရေးဘီးယား စွမ်းအင်ဝန်ကြီးကပြောသည်။

"အိုပက်အဖွဲ့က ရေနံထုတ်လုပ်မှုကို လျှော့ချဖို့ နီးစပ်လာပြီဖြစ်တဲ့အတွက် ရေနံစိမ်းဈေးနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်"ဟုနိုဝင်ဘာ ၃၀ ရက် ညနေက ကွာ လာလမ်ပူရှိစားအုန်းဆီအရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

ရေနံစိမ်းထုတ်လုပ်မှုကို ထိန်းချုပ်နိုင်ပြီဆိုပါက စားအုန်းဆီဈေးကွက်ကိုလည်း အထောက်ကူရစေမှာဖြစ်ကြောင်း၊ ရေနံစိမ်းဈေးနှုန်းတွေ ပိုမိုမြင့်တက်လာမယ်ဆိုပါက ဇီဝဒီဇယ်သုံးစွဲမှုကို သတ်မှတ်ပြဋ္ဌာန်းဖို့အလားအလာ ပိုများလာပြီဖြစ်ကြောင်း သူကပြောသည်။

ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရာတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် စားအုန်းဆီကို သုံးစွဲရသည့်အတွက် ရေနံစိမ်း ဈေးနှုန်း၏ ဈေးကွက်အခြေအနေကလည်း စားအုန်းဆီဈေးအပေါ်တွင် ဂယက်ရိုက်ခတ်မှု ရှိနိုင်သည်။ ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် နိုဝင်ဘာ ၃၀ ရက်ညနေပိုင်း ဈေးပိတ်ချိန်က ဖေဖော်ဝါရီအတွက် စာချုပ်ချုပ်ဆို ရောင်းချသော စားအုန်းဆီဈေးမှာ သုညဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၃၀၇၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၈၈) နှုန်းရှိခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်က စုစုပေါင်း ရောင်းချခဲ့ရသော ပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၇၈၃၄ တွဲရှိသည့်အတွက် ၂၀၁၅ ခုနှစ်ကရောင်းချခဲ့ရသော တစ်နေ့ပျမ်းမျှ ၄၄၆၀၀ တွဲနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားနေသည်ကို တွေ့ရသည်။ စားအုန်းဆီဈေးသည် ပြီးခဲ့သည့်ခြောက်ရက်အတွင်း ဆက်တိုက်မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် လေးနှစ်အတွင်း အမြင့်ဆုံးနှုန်း သို့ရောက်ရှိခဲ့သည်။ ထို့နောက် နိုဝင် ဘာ ၂၉ ရက်နေ့တွင် ပြန်လည်ကျဆင်းခဲ့ရာမှ နိုဝင်ဘာ ၃၀ ရက်တွင် ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုတွင် ဒုတိယနေရာ၌ ရှိနေသော မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက နိုဝင်ဘာတွင် ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူ ရေးအဖွဲ့၏ နိုဝင်ဘာ ၃၀ ရက်က ထုတ်ပြန်သော ကိန်းဂဏန်းများတွင် ဖော်ပြသည်။

အခြားဟင်းရွက်ဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးမှာ အမေရိကန်ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့တွင် ဇန်နဝါရီအတွက် စာချုပ်ချုပ်၍ ကြိုတင်ရောင်းချသော ဈေးမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် မေအတွက်ချုပ်ဆိုသော ကြိုတင်ရောင်းဝယ် ဈေးမှာ သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၁၂-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၅၀ | △ |
| ရန်ကုန် | ၃၉၀၀ | ၃၈၀၀ | ▽ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၂၀ | ၁၈၉၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၂၀၄၀ | ၁၉၉၀ | ▽ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မကွေး | ၃၄၀၀ | ၃၄၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၁၀၀ | ၃၅၀၀ | △ | ၃၁၀၀ | ၃၂၀၀ | △ | ၂၀၄၀ | ၂၀၂၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၁၂-၂၀၁၆ **US$/Ton**

| အမျိုးအစား | နိုဝင်ဘာစတုတ္ထပတ် | နိုဝင်ဘာပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၈၆.၅၀ | ၇၂၁.၀၀ | △ |
| **RBD P.Olein** | ၆၉၉.၀၀ | ၇၁၉.၅၀ | △ |
| **RBD P.Strarin** | ၆၉၃.၅၀ | ၇၁၂.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂- ၁၂ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၅၆.၃၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%) 612 | ၈၀.၁၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၄.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၄၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၁၄.၉၃၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂-၁၂-၂၀၁၆နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၇၅ ဒေါ်လာနှင့် USD ဈေး ၁၃၀၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂-၁၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၀၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။





# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လာပြီ

|ရှင်မင်းအို့ (တန့်ဆည်)|

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုတွင် အဓိကအကျဆုံး စခန်းဖြစ်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ ကုန်သွယ်မှုပမာဏ၏ ၂၀ရာခိုင်နှုန်းခန့် ဆောင်ရွက် နိုင်ခဲ့ကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ တစ်ရက်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၄သန်းခန့် ဆောင်ရွက်နိုင်ပြီး အဓိကအားဖြင့် ပို့ကုန်ဟာ တစ်ရက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ကိုးသန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ အကြမ်းဖက် သောင်းကျန်းသူများ ဝင်ရောက် တိုက်ခိုက်ခြင်းမပြုမီ နိုဝင်ဘာ ၁၉ရက်အထိမှာ ပို့ကုန်သွင်းကုန် ကားစီးရေ ပျမ်းမျှ ၁၀၀၀ နီးပါးနဲ့ ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၁၁ သန်း ပုံမှန်ဆောင်ရွက်နိုင်တာကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | နေ့စွဲ | ပို့ကုန် | | သွင်းကုန် | | ကုန်သွယ်မှုပမာဏ | |
|---|---|---|---|---|---|---|---|
| | | ကားစီးရေ | တန်ဖိုး | ကားစီးရေ | တန်ဖိုး | ကားစီးရေ | တန်ဖိုး |
| ၁ | ၁-၁၁-၂၀၁၆ | ၅၂၄ | ၅.၂၅၉ | ၂၈၄ | ၃.၈၅၆ | ၈၀၈ | ၉.၁၁၅ |
| ၂ | ၂-၁၁-၂၀၁၆ | ၅၆၄ | ၄.၈၉၇ | ၃၀၄ | ၄.၁၈၅ | ၈၆၈ | ၉.၀၈၂ |
| ၃ | ၃-၁၁-၂၀၁၆ | ၅၅၃ | ၅.၀၂၅ | ၃၃၄ | ၄.၁၉၄ | ၈၈၇ | ၉.၂၁၉ |
| ၄ | ၄-၁၁-၂၀၁၆ | ၇၂၄ | ၆.၂၅၂ | ၄၁၁ | ၅.၅၆၉ | ၁၁၃၅ | ၁၁.၈၂၁ |
| ၅ | ၅-၁၁-၂၀၁၆ | ၆၅၂ | ၅.၆၁၂ | ၃၂၁ | ၃.၉၄၁ | ၉၇၃ | ၉.၅၅၃ |
| ၆ | ၆-၁၁-၂၀၁၆ | ၆၈၇ | ၆.၅၄၃ | ၂၇၀ | ၃.၃၁၉ | ၉၅၇ | ၉.၈၆၂ |
| ၇ | ၇-၁၁-၂၀၁၆ | ၆၅၇ | ၆.၅၇၅ | ၂၇၉ | ၃.၆၅၁ | ၉၃၆ | ၁၀.၂၂၆ |
| ၈ | ၈-၁၁-၂၀၁၆ | ၆၇၁ | ၆.၉၈၇ | ၄၀၇ | ၅.၄၇၆ | ၁၀၇၈ | ၁၂.၄၆၃ |
| ၉ | ၉-၁၁-၂၀၁၆ | ၃၄၁ | ၃.၃၇၉ | ၄၀၅ | ၅.၈၄၁ | ၇၄၆ | ၉.၂၂၀ |
| ၁၀ | ၁၀-၁၁-၂၀၁၆ | ၈၀၄ | ၇.၈၉၁ | ၃၂၃ | ၄.၇၇၃ | ၁၁၂၇ | ၁၂.၆၆၄ |
| ၁၁ | ၁၁-၁၁-၂၀၁၆ | ၇၅၂ | ၆.၆၅၉ | ၂၈၉ | ၃.၅၁၇ | ၁၀၄၁ | ၁၀.၁၇၆ |
| ၁၂ | ၁၂-၁၁-၂၀၁၆ | ၅၂၀ | ၄.၆၉၅ | ၃၉၄ | ၆.၈၁၁ | ၉၁၄ | ၁၁.၅၀၆ |
| ၁၃ | ၁၃-၁၁-၂၀၁၆ | ၇၅၃ | ၁၁.၀၄၅ | ၁၈၈ | ၂.၃၀၇ | ၉၄၁ | ၁၃.၃၅၂ |
| ၁၄ | ၁၄-၁၁-၂၀၁၆ | ၆၄၀ | ၅.၃၉၇ | ၁၇၁ | ၂.၀၈၂ | ၈၁၁ | ၇.၄၇၉ |
| ၁၅ | ၁၅-၁၁-၂၀၁၆ | ၆၂၇ | ၄.၁၉၃ | ၂၇၂ | ၃.၂၅၇ | ၈၉၉ | ၇.၄၅၀ |
| ၁၆ | ၁၆-၁၁-၂၀၁၆ | ၆၇၀ | ၄.၈၁၂ | ၄၆၇ | ၆.၉၂၅ | ၁၁၃၇ | ၁၁.၇၃၇ |
| ၁၇ | ၁၇-၁၁-၂၀၁၆ | ၇၆၄ | ၆.၀၂၅ | ၂၉၉ | ၄.၀၂၈ | ၁၀၆၃ | ၁၀.၀၅၃ |
| ၁၈ | ၁၈-၁၁-၂၀၁၆ | ၈၁၅ | ၆.၆၉၆ | ၆၄၂ | ၁၁.၄၁၅ | ၁၄၅၇ | ၁၈.၁၁၁ |
| ၁၉ | ၁၉-၁၁-၂၀၁၆ | ၇၆၁ | ၆.၇၁၂ | ၄၀၈ | ၆.၇၂၁ | ၁၁၆၉ | ၁၃.၄၃၃ |
| | စုစုပေါင်း | ၁၂၄၇၉ | ၁၁၄.၆၅၄ | ၆၄၆၈ | ၉၁.၈၆၈ | ၁၈၉၄၇ | ၂၀၆.၅၂၂ |

ဒါပေမယ့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်မှာ အကြမ်းဖက်သောင်းကျန်းသူများက ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်ချကွင်း၊ ပွဲရုံဂိုထောင်ဝင်းများ၊ OSS မြန်မာ နိုင်ငံရဲတပ်ဖွဲ့ရုံးနှင့် ပန်ဆိုင်းကြူကုတ်မောင်းတံဂိတ်တို့အား ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် နိုဝင်ဘာ ၂၀ရက်မှ ၂၄ ရက်ထိ ကုန်သွယ်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းသွားခဲ့ရကြောင်း တွေ့ရှိရပါတယ်။

အကြမ်းဖက်သောင်းကျန်းသူများရဲ့ တိုက်ခိုက်မှုကြောင့် နိုဝင်ဘာ ၂၀ ရက် မှ ၂၄ ရက်ထိ ကုန်သွယ်မှု ရပ်ဆိုင်းခဲ့ရသဖြင့် ကုန်သွယ်မှုကဏ္ဍအနေဖြင့် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၅သန်းကျော် ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ရပါတယ်။

တပ်မတော် စစ်ကြောင်းများက နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် ဝင်ရောက်ထိန်းသိမ်းပေးခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ OSS ဌာန အသီးသီးရှိ အကြီးအကဲများနှင့် ဆက်သွယ်ပူးပေါင်းကာ ကုန်သွယ်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေး အဆင့်ဆင့် စီမံကွပ်ကဲမှုများ ပြုလုပ်ခြင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ OSS အဖွဲ့ဝင် ဝန်ထမ်းများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မူဆယ်နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများရဲ့ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုဝင်ဘာ ၂၅ ရက်မှာ လုပ်ငန်း ပြန်လည် စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာ ၂ ရက်အထိ ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုများကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရပါတယ်။

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | နေ့စွဲ | ပို့ကုန် | | သွင်းကုန် | | ကုန်သွယ်မှုပမာဏ | |
|---|---|---|---|---|---|---|---|
| | | ကားစီးရေ | တန်ဖိုး | ကားစီးရေ | တန်ဖိုး | ကားစီးရေ | တန်ဖိုး |
| ၁ | ၂၅-၁၁-၂၀၁၆ | ၁၃ | ၀.၁၅၄ | ၃၃ | ၀.၈၁၅ | ၄၆ | ၀.၉၆၉ |
| ၂ | ၂၆-၁၁-၂၀၁၆ | ၈၁ | ၀.၄၅၇ | ၁၀၁ | ၁.၃၂၆ | ၁၈၂ | ၁.၇၈၃ |
| ၃ | ၂၇-၁၁-၂၀၁၆ | ၂၇၉ | ၀.၉၄၆ | ၁၈၃ | ၂.၂၉၂ | ၄၆၂ | ၃.၂၃၈ |
| ၄ | ၂၈-၁၁-၂၀၁၆ | ၁၅၆ | ၀.၄၂၆ | ၂၁၄ | ၂.၅၅၁ | ၃၇၀ | ၂.၉၇၇ |
| ၅ | ၂၉-၁၁-၂၀၁၆ | ၅၀၂ | ၂.၀၃၉ | ၃၀၈ | ၄.၇၅၈ | ၈၁၀ | ၆.၇၉၇ |
| ၆ | ၃၀-၁၁-၂၀၁၆ | ၃၃၂ | ၁.၉၁၇ | ၂၂၈ | ၂.၆၈၅ | ၅၆၀ | ၄.၆၀၂ |
| ၇ | ၁-၁၂-၂၀၁၆ | ၉၁၁ | ၅.၃၅၅ | ၂၉၆ | ၄.၇၁၀ | ၁၂၀၇ | ၁၀.၀၆၅ |
| ၈ | ၂-၁၂-၂၀၁၆ | ၁၀၁၀ | ၇.၈၃၀ | ၂၈၇ | ၄.၇၃၃ | ၁၂၉၇ | ၁၂.၅၆၃ |
| | စုစုပေါင်း | ၃၂၈၄ | ၁၉.၁၂၄ | ၁၆၅၀ | ၂၃.၈၇၀ | ၄၉၃၄ | ၄၂.၉၉၄ |

ယခုလို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှု လုပ်ငန်းများ ပြန်လည်၍ ပုံမှန်ဆောင်ရွက်နိုင်ခြင်းဟာ တပ်မတော်နှင့် OSS အဖွဲ့ဝင်ဝန်ထမ်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ကုန်သည်လုပ်ငန်းရှင်များမှ ဝိုင်းဝန်းပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် နယ်မြေအေးချမ်း လုံခြုံမှုရှိလာတဲ့အတွက် ကုန်သွယ်မှု ပုံမှန်အနေအထားဖြင့် ပြန်လည်ဆောင်ရွက်နိုင်ခဲ့တာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## အိန္ဒိယနိုင်ငံ၏ ငွေကြေးဂယက်သည် ဘူတန်နှင့် ဘင်္ဂလားဒေ့(ရှ်) နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုကို နှောင့်နှေးစေရှိသည်ဟုဆို

အိန္ဒိယနိုင်ငံ၏ ငွေကြေးဂယက်သည် ဘူတန်နှင့်ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတို့အကြားရှိ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကိုပါ ထိခိုက်စေခဲ့ကြောင်း၊ အဆိုပါကိစ္စရပ်သည် အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံအကြားရှိ ပြဿနာရပ်ပင်ဖြစ်သော်လည်း ၎င်းကုန်သွယ်မှုအပေါ်တွင် မှီခိုနေသည့် ထောင်ပေါင်းများစွာသော အိန္ဒိယနိုင်ငံသားများမှာ ဒုက္ခရောက်သည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်သည့် ဘူတန်နိုင်ငံသည် ၎င်း၏အများဆုံးကုန်သွယ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံနှင့် ကုန်သွယ်မှုပြုရာ၌ အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်ဂေါပြည်နယ်ရှိ Dooars ဒေသမှတစ်ဆင့် ကုန်သွယ်လျက်ရှိကြောင်း၊ Dooars ဒေသမြောက်ပိုင်းတွင် အိန္ဒိယနှင့် ဘူတန်နယ်စပ်ကုန်သွယ်ရေးဂိတ်ကြီး လေးခုရှိပြီး Dooars ဒေသတောင်ပိုင်းတွင် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးဂိတ်လေးခုရှိကြောင်း၊ ဘူတန်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၃၀ ဝန်းကျင်ခန့်ရှိရာ အဆိုပါ ကုန်သွယ်မှုအများစုကို Dooars ဒေသရှိ အိန္ဒိယကိုယ်စားလှယ်များ၊ ကုန်တင်ယာဉ်များ၊ ထုတ်ပိုးသူများမှ ကိုင်တွယ်လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသား ၁၀၀၀၀ ဝန်းကျင်သည် ဘူတန်-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုအပေါ်တွင် သွယ်ဝိုက်မှီခိုနေကြသူများဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံ၏ တရားမဝင်ငွေစက္ကူကြေညာသည့် အစီအစဉ်ကြောင့် တန်ဖိုးနည်းငွေစက္ကူအသေးများ ဆိုးဆိုးရွားရွား ပြတ်လပ်ခဲ့ပြီး၊ သယ်ယူပို့ဆောင်ခြင်း၊ ပစ္စည်းထုပ်ပိုးခြင်းအလုပ်များဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူများ၏ နေ့စဉ်လုပ်ခလစာပေးရန် အခက်အခဲကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါဒေသတွင် ဘဏ်များနှင့် ATM စက်အရေအတွက် နည်းပါးခြင်းတို့ကြောင့် လုပ်ငန်းအများစုမှာ ငွေသားဖြင့်သာ အများအားဖြင့် အသုံးပြုပေးချေလေ့ရှိကြကြောင်း၊ အလုပ်သမားများမှာလည်း ဘဏ်များရှေ့တွင် တစ်နေကုန်တန်းစီနေကြပြီး လုပ်ငန်းခွင်ပျက်ကွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ငွေစက္ကူသေးရှားပါးသည့် အခြေအနေကို အခွင့်ကောင်းယူကာ တရားမဝင်ငွေကြေးလဲလှယ်သည့် ကိုယ်စားလှယ်များကလည်း ငွေလဲလှယ်နှုန်းထားများ အား ၁၀ ရာခိုင်နှုန်း ပိုမိုရယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တောင်သူလယ်သမားအတွက် ငွေသားအခက်အခဲများ ပြေလည်စေမည့် အစီအမံများကို အိန္ဒိယအစိုးရက ကြေညာ

အိန္ဒိယနိုင်ငံတွင် ငွေစက္ကူ ဖျက်သိမ်းသည့် အစီအစဉ်ကြောင့် ငွေသားအခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး၊ စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယ အစိုးရသည် လယ်သမားများအတွက် အဆင်ပြေစေမည့် ညွှန်ကြားချက်များကို နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။ အဆိုပါညွှန်ကြားချက်တွင် လယ်သမားများအား တစ်ပတ် လျှင် ငွေသားရူပီး ၅၀၀၀၀ ခန့်အထိ ဘဏ်မှထုတ်ယူခွင့်ပြုခဲ့ပြီး သီးနှံအာမခံ ကြေးပေးသွင်းရမည့် နောက်ဆုံးရက်ကိုလည်း ၁၅ ရက်ထပ်တိုးခွင့်ပြုခဲ့သည်။ စိုက်ပျိုးရေးထွက်ကုန် ဈေးကွက် ကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်သည်များကိုလည်း ဘဏ်မှတစ်ပတ်လျှင် ရူပီး ၅၀၀၀၀ ထုတ်ယူခွင့်ပြု ခဲ့သည်။ ထို့ပြင် လယ်သမားများအတွက် ခွင့်ပြုပေးထားသည့် သီးနှံ ချေးငွေများကိုလည်း ၎င်းတို့၏ ငွေစာရင်းသို့ ထည့်သွင်းပေးမည်ဖြစ်ပြီး၊ သက်ဆိုင်ရာငွေစာရင်းမှ တစ်ပတ်လျှင် ရူပီး ၂၅၀၀၀ အများဆုံး ထုတ်ယူရန် ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ယခုကြေညာချက်များ သည် လယ်သမားများအနေဖြင့် ဆောင်းရာသီတွင် သီးနှံစိုက်ပျိုးရန်အတွက် ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် အခြားသွင်းအားစုများ ဝယ်ယူရန် လုံလောက်သည့် ငွေသားများ ရရှိလာမည်ဖြစ်ပြီး၊ ၎င်းတို့၏ ထွက်ကုန်များ ရောင်းချရန်အတွက် အဆင်ပြေလာမည်ဖြစ်သည်။ ထို့မျှသာမက အိန္ဒိယ အစိုးရသည် အုပ်စု(ဂ) အဆင့်ရှိ အလုပ်သမားများ၊ ဝန်ထမ်းများအတွက် ကြိုတင်လစာအဖြစ် ရူပီး ၁၀၀၀၀ ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး၊ အဆိုပါ လစာအား နိုဝင်ဘာလစာမှ ပြန်လည်ဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲ အခမ်းအနား ဟောင်ကောင်တွင် ကျင်းပ

မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ တရုတ်နိုင်ငံအနောက်ပိုင်း တိုးတက်ပြောင်းလဲမှုဆိုင်ရာ စီးပွားရေးအဖွဲ့၊ ဟောင်ကောင်-ရှမန်စီးပွားရေးအသင်း၊ ဟောင်ကောင် -မြန်မာစီးပွားရေး အသင်းတို့ ပူးပေါင်း၍ ဟောင်ကောင်မြို့ Hong Kong Convention & Exhibition Centre တွင် နိုဝင်ဘာလ ၂၆ ရက်က ကျင်းပခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲတွင် ဟောင်ကောင် မြန်မာစီးပွားရေး အသင်းဥက္ကဋ္ဌ ဟောင်ကောင်ဒေသဆိုင်ရာ တရုတ်ပြည်သူ့ညီလာခံ ကိုယ်စားလှယ် မစ္စတာ ဝမ်မင်းဂိုင်၊ ဟောင်ကောင်ကော်မရှင်နာရုံးမှ ကိုယ်စားလှယ်များ၊ ဟောင်ကောင်၊ မကာအို၊ ရှန်းကျန့်နှင့် ရှမန်တို့မှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စား လှယ်များ၊ အထည်ချုပ် လုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် လုပ်ငန်း ရှင်များ စုစုပေါင်း ၁၆၀ ခန့်တက် ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် တရုတ်ပြည် လုံးဆိုင်ရာ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ ကိုယ်စားလှယ်နှင့် တရုတ် ပြည်အနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိုယ်စားလှယ် မစ္စတာချန်းလူက ၂၁ ရာစု စီးပွားရေး ပိုးလမ်းမနှင့်ပတ်သက် ပြီး မြန်မာနိုင်ငံဆိုင်ရာ အခွင့်အလမ်းများအား အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

မြန်မာကောင်စစ်ဝန်ချုပ်က ဒီမိုကရေစီအစိုးရသစ်တက်လာပြီး နောက်ပိုင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာကြား ဆက်ဆံရေးအခြေအနေ၊ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအခြေအနေများကို ရှင်းလင်း တင်ပြပြီး၊ ၂၁ ရာစုရေကြောင်း ပိုးလမ်းမတွင် မြန်မာနိုင်ငံ၏အရေးပါမှု၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်စေရန် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သော ကဏ္ဍများ၊ အထူးစီးပွားရေးဇုန်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံနိုင်သောနယ်ပယ်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံအတွင်း မြေယာငှားရမ်းခြင်းအခွင့်အလမ်းများ၊ ရင်းနှီး မြှုပ်နှံမှုအား ဥပဒေအရအာမခံမှုများ၊ ဘဏ္ဍာငွေ လွှဲပြောင်းခွင့်များ၊ အခွန်ကင်းလွတ်ခွင့်များ၊ သက်သာခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ လက်ရှိကောင်စစ်ဝန်ချုပ်ရုံး၏ လုပ်ငန်း ဆောင်ရွက်မှုများအား ရှင်းလင်းပြော ကြားခဲ့ပါသည်။

ဟောင်ကောင်ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီက အရှေ့တောင်အာရှနိုင်ငံများအတွင်း ရင်းနှီး မြှုပ်နှံမှုတွင် မြန်မာနိုင်ငံဆိုင်ရာထူးခြား ချက်၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ အပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံရန်ရွေးချယ်သင့်သည့်အကြောင်းများ၊ မြန်မာနိုင်ငံ၏ လက်ရှိထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းအခြေအနေ၊ ဟောင်ကောင်အထည်ချုပ်လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလိုအပ်နေဆဲ အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အထည်ချုပ်လုပ်ငန်းတွင် လက်ရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော Mr.Tomicoက မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်နေသော အတွေ့အကြုံများ၊ မြန်မာနိုင်ငံ၏ရင်းနှီးမှုမြှုပ်နှံမှုဆိုင်ရာ အားသာချက်၊ အားနည်းချက်နှင့်အတူ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ အကြောင်း ဆွေးနွေးတင်ပြခဲ့ပြီး၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွင် စိန်ခေါ်မှုများရှိနေသေးသော်လည်း အခွင့်အလမ်းများမှာပိုများကြောင်း သတင်းအချက်များ မျှဝေ ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အမေရိကန် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ကမ္ဘာ့လေအားလျှပ်စစ် ထုတ်လုပ်မှု ဒုတိယအဆင့်သို့ ရောက်ရှိ

အမေရိကန်နိုင်ငံ စွမ်းအင်ရေး ရာစီမံရေးဌာနသည် မကြာသေးမီ အချိန်က နိုင်ငံအတွင်း လေစွမ်းအင် အသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် လုပ်ငန်းရှင်များ၊ တာဘိုင် မော်ဒယ်အမျိုးအစားနှင့် အခြား လေအားအသုံးပြုထုတ်လုပ်မှုပုံစံများနှင့် စပ်လျဉ်း၍ စစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာ General Electric (GE), Vestas, နှင့် Siemens စသည့် ကုမ္ပဏီသုံးခု၏ ထုတ်လုပ်မှု စုစုပေါင်းသည် အမေရိကန်နိုင်ငံ၏ လေအား လျှပ်စစ် ထုတ်လုပ်မှု တပ်ဆင်အင်အား စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ကြောင်း စစ်တမ်းရလဒ်တွင် ဖော်ပြထားပါသည်။

Gamesa နှင့် Mitsubishi ကုမ္ပဏီတို့သည် ခြောက်ရာခိုင်နှုန်းနှင့် ငါးရာခိုင်နှုန်းအသီးသီး ထုတ်လုပ်နိုင် သော်လည်း ၂၀၁၅ ခုနှစ်အတွင်းတပ် ဆင်မှုအသစ်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ General Electric သည် ၂၀၁၂ ခုနှစ်တွင် Enron's ကုမ္ပဏီ အား ဝယ်ယူလိုက်ပြီး နောက်ပိုင်း ယခု လက်ရှိ အခြေအနေတွင် လေအားလျှပ် စစ် တပ်ဆင်ထုတ်လုပ်မှု၌ ဦးဆောင်မှု အခန်းမှာ ပါဝင်နေကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း General Electric ၏ နှစ်စဉ်ပျမ်းမျှ ဓာတ်အားထုတ်လုပ်မှုမှာ ၂ ဒသမ ၇ ဂစ်ဂါဝပ်ရှိပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Goldwind ကုမ္ပဏီ သည် နိုင်ငံအတွင်း ၇ ဒသမ ၈ ဂစ်ဂါဝပ် တပ်ဆင်ထုတ်လုပ်လျက်ရှိသဖြင့် ၂၀၁၅ ခုနှစ်တွင် အဆိုပါ အမေရိကန် ကုမ္ပဏီသုံးခုသည် ကမ္ဘာ့လေအား လျှပ်စစ် တပ်ဆင်ထုတ်လုပ်မှု၌ ဒုတိယ၊ တတိယနှင့် စတုတ္ထအဆင့်ရှိ ကုမ္ပဏီများဖြစ်ကြောင်း အမေရိကန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

Vol: 16, No.46 Monday December 5 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၅–၁၂–၂၀၁၆)

မြင့်ဆွေ

## ရွှေဘိုဈေးကွက်မှာ CPပြောင်း အရောင်းအဝယ် ကောင်း

ယခုတစ်ပတ် ရွှေဘိုဈေးကွက်မှာ CP ပြောင်းကို ဝယ်သူများက ဈေးကောင်းပေးဝယ်ခဲ့သလို ရောင်းသူများကလည်း ကြိုက်ဈေးခေါ် ရောင်းချတဲ့အတွက် ဈေးအနည်းငယ်မြင့်လာခဲ့ပါတယ်။ CPပြောင်းတစ်ပိဿာကို ယခုတစ်ပတ်အတွင်း ၂၉၅ကျပ် (တစ်တန် ၁၈၀၆၅၅ ကျပ်) ရှိခဲ့ရာ ဇန်းမော်ကုန်သည်များနဲ့ မန္တလေးကုန်သည်များက နေ့စဉ်အိတ် ၁၀၀၀ ခန့်ဝယ်ယူခဲ့ပါတယ်။ မန္တလေးကုန်သည်များက ယခုတစ်ပတ်အတွင်းမြေပဲလုံးဆန်(အဖြူ) တစ်ပိဿာကို ကျပ် ၂၃၈၀ (တစ်တန် ၁၄၅၇၄၈၈ ကျပ်)နဲ့ အိတ် ၁၀၀၀ ခန့်ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ရွှေဘို အနီးတစ်ဝိုက်ရှိ နယ်များမှနှမ်းနက်(အသစ်)များ ဈေးကွက်ထဲသို့ဝင်လာပြီး တစ်ပိဿာကို ၃၂၂၅ ကျပ်(တစ်တန် ၁၉၇၄၉၅၈ ကျပ်)နဲ့ မန္တလေးကုန်သည်များကစတင်ဝယ်ယူခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းပြီး ဈေးကျ

ယခုတစ်ပတ်မှစ၍ ဟသ်ာတပဲဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းလာတာကြောင့် အရောင်းအဝယ်အေးကာ ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဟသ်ာတခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးမြေအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်စိုက်ပျိုးပြီးစီးနေပြီး ကျန်စိုက်ပျိုးမြေများအတွက် မျိုးပဲဝယ်ယူခြင်းနှင့်လက်ကျန်ပဲ အချို့ကိုသာ ဒေသတွင်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒေသခံကုန်သည်တစ်ဦးက ပြောပါတယ်။ ယခုတစ်ပတ်မတ်ပဲဈေးမှာ ယခင်တစ်ပတ်ထက် တစ်ပိဿာကိုကျပ် ၂၀၀ ခန့်ကျဆင်းပြီး၊ ကျပ် ၁၈၅၀ (တစ်တန် ၁၁၃၂၉၂၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးမှာ ပြောင်းဈေးကွက်ငြိမ်ပြီး ရောင်းအား တက်

ယခုတစ်ပတ်မှစ၍ တောင်ကြီးမြို့အနီးတစ်ဝိုက်မှာ ပြောင်းများရိတ်သိမ်းပြီး ဈေးကွက်ထဲသို့ဝင်ရောက်လာပါတယ်။ ပြောင်းဈေးမှာ ယခင်တစ်ပတ်ရောင်းဈေးဖြစ်တဲ့ တစ်ပိဿာကို ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) အတိုင်းဆက်လက် ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က ဈေးကွက်အတွင်း ပိဿာချိန် ၂၀၀၀၀၀ ကျော်ရောင်းချခဲ့သော်လည်း အစာစပ်စက်ရုံများရဲ့ ဝယ်လိုအားကြောင့် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီတို့ဈေးကျခဲ့ပြီး ယခင်တစ်ပတ်ထက် အရောင်းအဝယ်နည်းခဲ့ပါတယ်။ မတ်ပဲ (FAQ/RC) တစ်တန်ကို ယခင်တစ်ပတ်က ၁၂၅၇၀၀၀ ကျပ်နဲ့ ရောင်းခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၁၇၂၀၀၀ ကျပ်နဲ့ ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FQ/RC တစ်တန်ကို ၁၃၁၂၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၂၆၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီလည်းဈေးကျခဲ့ပြီး ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၉၀၀၀၀၀ မှ ယခုတစ်ပတ်မှာ ၈၈၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးမှာပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးမှမူဆယ်ဘက်သို့ ကုန်တင်ကားအချို့ပြန်ထွက်နေသော်လည်း လားရှိုးပြောင်းဈေးကွက်မှာ အေးပြီး ကျဈေးနဲ့အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်ပိဿာကိုကျပ် ၄၀ ဈေးကျပြီး တစ်ပိဿာကိုကျပ် ၃၂၀(တစ်တန် ၁၉၅၉၆၅ ကျပ်)နဲ့ ဒေသတွင်းကုန်သည်များက သိုလှောင်ထားရန် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုမှာ ပဲပုပ်ဈေးအနည်းငယ်တက်

ရေစကြိုဈေးကွက်မှာ ပဲပုပ်ဈေးက ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ငါးကျပ်မြင့်တက်ပြီး ကျပ် ၁၀၆၀(တစ်တန် ၆၄၉၁၃၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသခံကုန်သည်များကတစ်ဆင့်ပြန်ရောင်းချဖို့အတွက် ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဝါတစ်ပိဿာကျပ် ၂၄၂၀ (တစ်တန် ၁၄၈၁၉၈၄ ကျပ်)၊ ကုလားပဲဖြူတစ်ပိဿာ ၂၄၇၅ ကျပ် (တစ်တန် ၁၅၁၅၆၆၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းဈေးတက်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းက ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တစ်ပိဿာ ၄၅ကျပ်ပိုပြီး ကျပ် ၃၃၈၀ (တစ်တန် ၂၀၆၉၈၇၈ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးသို့တင်ပို့သူများက အဓိကဝယ်ယူခဲ့ပါတယ်။ နှမ်းနက်ဈေးကွက်မှာ ယခုတစ်ပတ်ဈေးကွက်ထဲကို ရောက်လာတဲ့ ပစ္စည်းအရည်အသွေးကောင်းတာကြောင့် ယခင်တစ်ပတ်က တစ်ပိဿာကိုကျပ် ၂၇၈၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၂၅ ကျပ်(တစ်တန် ၁၇၃၀၀၀၂ ကျပ်)အထိ ဈေးကောင်းပေးပြီး မန္တလေးကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ နှမ်းနီတစ်ပိဿာကို ၅ ကျပ်တက်ပြီး ၁၈၉၅ ကျပ်(တစ်တန် ၁၁၆၀၄၇၉ ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းရောင်စုံအိတ် ၁၄၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းအသစ်ဈေးကွက်မှာ တစ်ပိဿာကိုကျပ် ၁၀၀ တက်ပြီး ၁၄၇၅ ကျပ်(တစ်တန် ၉၀၃၂၇၅ ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ပဲတီစိမ်းအသစ်ကို မန္တလေးကုန်သည်များက ပုံမှန်ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီဈေးကွက်မှာ ရောင်းသူနှင့်ဝယ်သူကြား ဈေးညှိနှိုင်းမှုမရတာကြောင့် ဈေးဖွင့်ပြီးအရောင်းအဝယ်မဖြစ်ခဲ့ပါဘူး။ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ကုလားပဲ(ဟော်လန်) တစ်ပိဿာကို ၂၄၄၅ ကျပ်(တစ်တန် ၁၄၉၇၂၉၄ ကျပ်)ပေးပြီး ယခုတစ်ပတ်အတွင်းအိတ် ၅၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး ကုလားပဲဝါ ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး ကုလားပဲဝါဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၁၄၅၀ မှ ယခုတစ်ပတ်မှာ ၁၄၂၅ ကျပ်(တစ်တန် ၈၇၂၆၅၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးများကျဆင်းနေသဖြင့် ဒေသခံကုန်သည်များကလည်း ဈေးလျှော့ဝယ်ကြတဲ့အတွက် အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ကုလားပဲဝါက ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ကျပ် ၁၀၀ တက်ပြီးကျပ် ၂၅၀၀(တစ်တန် ၁၅၃၀၉၇၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲဈေးနှုန်းများမြင့်တက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ ပဲနောက်တို့တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီဈေးမှာ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ရင် ၂၅ ကျပ်ပိုပြီး တစ်ပိဿာကိုကျပ် ၁၄၀၀(တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၁၄၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာကို ကျပ် ၁၂၀၀ မှယခုတစ်ပတ်မှာ ၁၂၆၅ ကျပ်(တစ်တန် ၇၇၄၆၇၃ ကျပ်) အထိတက်ဈေးရပြီး တစ်ပတ်အတွင်းအိတ် ၂၀၀၀ ကျော်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲနောက်တစ်ပိဿာ၁၀၅၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၂၁၀(တစ်တန် ၇၄၀၉၉၂ ကျပ်)အထိဈေးတက်ခဲ့ပါတယ်။ ဒေသတွင်းတစ်ဆင့်ပြန်ရောင်းရန် ဒေသခံကုန်သည်များက တစ်ပတ်အတွင်းအိတ် ၂၃၀၀ ကျော်ဝယ်ယူခဲ့ပါတယ်။ နှမ်းဖြူဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၁၀ ကျပ်ပိုပြီး ၂၁၄၅ ကျပ်(တစ်တန် ၁၃၁၃၅၇၇ ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာကို ကျပ် ၃၂၀၀မှယခုတစ်ပတ်မှာကျပ် ၃၃၈၀(တစ်တန် ၂၀၆၉၈၇၈ ကျပ်)အထိမန္တလေးကုန်သည်များက ဈေးပေးပြီး ဝယ်ယူခဲ့ပါတယ်။ နှမ်းညိုတစ်ပိဿာကို ၁၄၄၅ ကျပ်(တစ်တန် ၈၈၄၉၀၄ ကျပ်)နှမ်းနီတစ်ပိဿာကိုကျပ် ၁၉၈၀(တစ်တန် ၁၂၁၂၅၃၂ ကျပ်)နဲ့ ယခင်တစ်ပတ်ဈေးအတိုင်းဆက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မကွေးဈေးကွက်အတွင်း နှမ်းရောင်စုံအိတ် ၈၀၀၀ နီးပါးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ နှမ်းနက်စမုံဈေးတက်

မန္တလေးဈေးကွက်မှာ နှမ်းနက်စမုံက ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၄၅ကျပ်ပိုမိုပြီး ၃၄၈၉ ကျပ်(တစ်တန် ၂၁၃၆၆၂၉ ကျပ်)နဲ့ နေ့စဉ်အိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲကတစ်ပိဿာကိုကျပ် ၅၀ ဈေးကျပြီး ကျပ် ၁၉၅၀ (တစ်တန် ၁၁၉၄၁၆၁ ကျပ်)နဲ့ တစ်နေ့ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာကို ၂၄၉၈ ကျပ်(တစ်တန် ၁၅၂၉၇၅၀ ကျပ်)ဈေးဖွင့်ပြီး မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များနဲ့ မျိုးအတွက် ဝယ်ယူသူများက ဝယ်ယူခဲ့ပါတယ်။ ဈေးကွက်ထဲသို့ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းအဝင်များလာပြီး ဈေးနှုန်းလည်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ကတစ်ပိဿာကို ၁၄၉၃ ကျပ်မှယခုတစ်ပတ်အတွင်း ၁၄၅၈ ကျပ်(တစ်တန် ၈၉၂၈၆၅ ကျပ်)နဲ့ ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းအရောင်းအဝယ်သွက်ခဲ့ပြီး နေ့စဉ်အိတ် ၇၀၀ ကျော် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီအဝင်နည်းပြီးဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်အတွင်း ပဲစင်းငုံနီအဝင်နည်းလာပြီး အရောင်းအဝယ်လည်းနည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကိုကျပ် ၁၄၅၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၃၇၅ ကျပ် (တစ်တန် ၈၄၂၀၃၆ ကျပ်)နဲ့ ဝယ်လက်များက ဈေးချဝယ်ခဲ့ပါတယ်။ ယခုတစ်ပတ် ဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ ဝင်ရောက်လာပြီး ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ၁၃၁၆ ကျပ်ဈေးမှ ၁၂၁၁ ကျပ် (တစ်တန် ၇၄၁၆၀၄ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)ကို ဝယ်ယူသူများက တစ်ပိဿာကို ကျပ် ၂၄၂၀ ဈေးပေးပြီး ဝယ်ယူခဲ့ပေမယ့် ရောင်းချသူများဘက်က ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကို ၂၄၄၇ ကျပ် (တစ်တန် ၁၄၉၈၅၁၈ ကျပ်) မရသဖြင့် အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန်(အဖြူ) ဈေးကွက်မှာ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ပိုပြီး ကျပ် ၂၆၀၀ (တစ်တန် ၁၅၉၂၂၁၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ(ထွက်တိုး) တစ်ပိဿာ ကျပ် ၂၀၅၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၈၅၀ (တစ်တန် ၁၁၃၂၉၂၂ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ် မြို့ပေါ်မှ ဆီဒိုင်များက မြေပဲဆီတစ်ပိဿာကို ကျပ် ၃၃၀၀၊ နှမ်းဆီတစ်ပိဿာကို ၃၁၂၅ ကျပ်ဈေးနဲ့ ရောင်းချခဲ့ပါတယ်။ ဆီစက်များက နှမ်းဖတ်တစ်ပိဿာကို ကျပ် ၈၀၀ မြေပဲဖတ် တစ်ပိဿာကို ကျပ် ၁၀၅၀ နဲ့ အစာစပ်လုပ်ငန်းများကို ပြန်လည်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

စားသုံးသူဆိုသည်မှာ စားသောက်သူ၊ သုံးစွဲသူ၊ ဝန်ဆောင်မှုရသူများအားလုံး ပါဝင်ကြောင်း အကြမ်းဖျဉ်းအားဖြင့် သိကြပြီးဖြစ်ပါမည်။ လူတိုင်းလူတိုင်း ပါဝင်ပတ်သက်နေကြောင်း သိရှိနိုင်ကြပါသည်။ ထိုထိုသော လူများအား စားသောက်ကုန်ပစ္စည်းဝန်ဆောင်မှု လုပ်ငန်းများကြောင့် ဘေးဥပဒ်အန္တရာယ်များ မကျရောက်စေရန် တာဝန်ကျဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက ကြိုတင်၍ အသိ ပညာများပေးရန် လိုအပ်လျက်ရှိရာ လက်ရှိနယ်အနှံ့ မြို့နယ်ကျေးရွာ အရောက် စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများက အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိကြောင်း တွေ့မြင်ရပါသည်။

ကျောင်းနေအရွယ်ကလေးသူငယ်များ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူထု လူတန်းစားအဖွဲ့အစည်းများ၊ ရပ်ရွာများရှိ လူထုများစသည်ဖြင့် ပရိသတ်အလိုက်၊ နေရာဒေသအလိုက်ဟောပြောပွဲများ အသီးသီး ကျင်းပပြုလုပ်လျက်ရှိပါသည်။

ဟောပြောရာတွင်လည်း မိမိတို့သန်ရာသန်ရာ နည်းလမ်း အမျိုးမျိုးနဲ့ သွားရောက်ဟောပြောကြသည်ကို တွေ့ရပါသည်။ ရုပ်ပုံ ကားချပ်များပြသ၍လည်းကောင်း၊ လက်ကမ်းကြော်ငြာစာရွက်များ ပေးဝေခြင်းဖြင့်လည်းကောင်း၊ ဗီနိုင်းပိုစတာကားချပ်ကြီးများ ချိတ်ဆွဲ ရှင်းပြခြင်းဖြင့် လည်းကောင်း၊ အန္တရာယ်ရှိအစားအသောက် နမူနာများပြသခြင်း၊ ရှင်းပြခြင်းဖြင့်လည်းကောင်း၊ ဝန်ထမ်းတစ်ဦးချင်း သန်ရာသန်ရာ ခေါင်းစဉ်များခွဲ၍ လည်းကောင်း၊ နီးစပ်ရာ ဥပမာဖြစ်ရပ်များနှင့် နှိုင်းယှဉ်၍ လည်းကောင်း၊ ပါဝါပွိုင့်ဗီဒီယိုဆလိုက်များ ပြသခြင်းဖြင့်လည်းကောင်း ဟောပြောပို့ချဆွေးနွေးလျက်ရှိကြပါသည်။

ဟောပြောသူဝန်ထမ်းများအားလုံး တဖြည်းဖြည်း ကျွမ်းကျင်လာကြပြီး လေ့လာမှုများ၊ စာဖတ်နှုန်းများလာကာ ပရိသတ်ကြောက်ရွံ့ခြင်း ကင်းကင်းဖြင့် ပြောရဲဆိုရဲ၊ ဟောရဲပြောရဲ ရှိလာကြသည်ကို တွေ့ရပါသည်။ မိမိဘာသာရပ်ကို ကျွမ်းကျင်လိမ္မာလာကြသည့် သဘောဖြစ်ပါသည်။

ဤနေရာတွင်အချက်တစ်ချက်တင်ပြလိုသည်မှာ မိမိတို့၏ ဟောပြောရသည့် ရည်ရွယ်ချက်ထမြောက်အောင်မြင်ပါရဲ့လား။ ထိရောက်မှုရှိရဲ့လားဟု ပြန်လည်ဆန်းစစ်စေလိုပါသည်။ ဟောပြောပွဲအကြိမ်ရေ၊ တက်ရောက်သည့် လူပရိသတ်အရေအတွက်ကို အဓိကမထားဘဲ မိမိတို့၏ ပညာပေးလုပ်ငန်းမည်မျှ ထိရောက်မှုရှိသည်၊ မည်မျှစိမ့်ဝင် သည်၊ တက်ရောက်သူနှင့် မတက်ရောက်သူ၏ အသိပညာတိုးတက်မှု၊ ကွာခြားမှုအခြေအနေ၊ မတက်ရောက်မီနှင့်တက်ရောက်ပြီးသူများ၏လက်တွေ့ဆောင်ရွက်မှု၊ စားသောက်ပုံပြောင်းလဲလာမှု၊ ရှောင်ကြဉ်လာမှု၊ ဆင်ခြင်လာမှု၊ ထိန်းသိမ်းလာမှု၊ မိသားစုအတွင်း၊ လုပ်ဖော်ကိုင်ဖက်များအတွင်း ထပ်ဆင့်ရှင်းလင်းဝေမျှမှုရှိမရှိ၊ မကျေနပ်မှု၊ နစ်နာမှုများ တိုင်ကြားမှုရှိမရှိတို့ကို follow up လုပ်ကာ စစ်တမ်းကောက်မှုစေလိုပါသည်။ အဖွဲ့တိုင်း မိမိကိုယ်မိမိကိုယ်ပိုင်ပေတံနှင့် အမြဲတိုင်းတာနေစေလိုပါသည်။ တုံ့ပြန်မှုများနှင့်လည်း တိုင်းတာစေလိုပါသည်။

အန္တရာယ်ရှိအစာကို အန္တရာယ်ရှိမှန်း သိမသိ၊ မဆင်မခြင် စားသောက်မှု၏ဆိုးကျိုးများ၊ အန္တရာယ်ရှိစားသောက်မှု၏နောက်ကွယ်မှ ဘေးထွက်ဆိုးကျိုးများ၊ ချက်ချင်းလတ်တလော ဖြစ်ပွားမည့် နာမကျန်းဖြစ်မှုနှင့် နောင်တွင်စွဲကပ်လာမည့် နာတာရှည်ရောဂါဘယများ၊ အရည်အသွေးမပြည့်မီသည့် ကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်များ၊ ဝန်ဆောင်မှုညံ့ဖျင်းခြင်းကြောင့် စားသုံးသူများ အပေါ်နစ်နာမှု များကို အသိပညာပေးဟောပြောမှုနောက်ပိုင်းတွင် ခြေရာခံပြန်လိုက်ရန် လိုအပ်ပါမည်။ သို့မှသာ မိမိတို့၏ အသိပညာပေးဟောပြောမှု၏ ထိရောက်မှု၊ ပြင်းအားပမာဏတို့ကိုသိရှိနိုင်မည်ဖြစ်ပါသည်။ ပြုပြင် သင့်သည်ကို ပြုပြင်၊ ပြောင်းလဲသင့်သည်များကို အချိန်မီပြောင်းလဲ ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။



| မုံရွာကမောင် |

တစ်ဖက်မှလည်း စားသောက်ကုန်များကို တင်သွင်းထုတ်လုပ် ရောင်းချနေသည့် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အဖွဲ့လိုက်၊ အစုလိုက်စုဖွဲ့ကာ ဟောပြောပညာပေးခြင်း၊ အချင်းချင်း စည်းကမ်းထိန်းသိမ်းရေး စောင့်ကြည့်အဖွဲ့များထားကာ ကြပ်မတ်စေခြင်း၊ ဥပဒေအရ အရေးယူပညာပေးမှုများဖြင့် ထိန်းကွပ်စေခြင်းဖြင့် စားသုံးသူတို့အတွက် ကျန်းမာရေးကောင်းမွန်သည့် ပတ်ဝန်းကျင် ကောင်းများဖန်တီးပေးရာရောက်ပါမည်။ စက်ရုံ၊ အလုပ်ရုံများ ဈေးကွက်အတွင်းမှ ကုန်ပစ္စည်းများကိုလည်း ပူးပေါင်းအဖွဲ့များနှင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးသင့်ကြပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အသီးသီးရှိ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များမှလည်း တင်ပြတိုင်ကြားမှုများ အဆက်မပြတ်ရှိစေရန် နည်းလမ်းပေါင်းစုံဖြင့် ဖွင့်ဟပေးကြရမည်ဖြစ် ပါသည်။ ဥပမာ online မှ call centre ဖွင့်လှစ်ပေးခြင်းမျိုး၊ လူမှုကွန်ရက်စာမျက်နှာ အသုံးပြုခြင်းမျိုးတို့ဖြစ်ပါသည်။ စားသုံးသူများ မိမိတို့နစ်နာနေမှန်းသိခြင်းသည် မိမိတို့၏ ဟောပြောအသိပညာပေးခြင်း၏ အပွင့်ဖြစ်ပါသည်။ အမှန်နစ်နာမှုရှိသဖြင့် တိုင်ကြားခြင်းသည် အသိပညာပေးခြင်း၏ အသီးဖြစ်ပါသည်။ ယင်းတို့ကို ခေါ်ယူ၍ နှစ်ဦးနှစ်ဖက် ဖြေရှင်းပေးနိုင်ခြင်းသည် မိမိတို့လုပ်ငန်း၏ ချိုမြိန်သော အရသာအနှစ်သာရပန်းတိုင်ပင်ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ယနေ့ခေတ်ကာလလို ဈေးကွက်တွင် အရည်အသွေးမပြည့်ဝ၊ အန္တရာယ်ရှိကုန်ကြမ်း ပစ္စည်းများ ထည့်သွင်း ပြုလုပ်ထားသော ကျန်းမာရေးနှင့် မညီသည့်၊ လက်ညှိုးထိုးမလွဲသည့် အစားအသောက်များ၏ အလယ်တွင် မိမိတို့က ဟောပြောဖို့ရာ အသိပညာပေးသော်လည်း တိုင်တန်းချက် တစ်စုံတစ်ရာ မရစေခြင်းသည် ဟောပြောရခြင်း၏ ထိရောက်မှုမရှိသေးကြောင်း ပြသရာရောက်သည်ဟု ဆိုချင်ပါသည်။ ဟောပြောသူများကလည်း ဝတ်ကျေတန်းကျေ ဟောပြောခဲ့ပြီး တက်ရောက်သူများမှလည်း ဝတ်ကျေတန်းကျေ တက်ရောက်၊ လက်ခုပ်များတီးကာ တစ်ပွဲပြီးခဲ့သည်ဟု ယူဆရပေမည်။

ယင်းသို့ စားသုံးသူများ၏ နစ်နာမှုများကို တွင်တွင်ကျယ်ကျယ် တိုင်ကြားခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များက ဆင်ခြင်လာကြပြီး ပြည့်ဝကောင်းမွန်သော အစားအသောက်များကို ဖန်တီးထုတ် လုပ်တင်သွင်းလာကြမည်ဖြစ်ပါသည်။ ယင်းသို့ ဖြစ်လာခြင်းအားဖြင့် စားသုံးသူများ အန္တရာယ်ရှင်း၊ ဘေးကင်းသောအစားအသောက် ဝန်ဆောင်မှုများကို မှီဝဲနေနိုင်ကြပြီး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာကြမည်ဖြစ်ပါသည်။

သို့ပါ၍ အသိပညာပေး ဟောပြောပို့ချပွဲများ တစ်ဖက်က ပြုလုပ်သလို အခြားတစ်ဖက်မှလည်း နားလည်သိမှတ်နိုင်မှု အတိုင်း အတာ၊ ထိရောက်မှုအတိုင်းအတာကို စစ်တမ်းများကောက်ယူခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဥပဒေကြောင်းအရ အသိပညာပေးခြင်း၊ တိုင်ကြားစာများများနှင့် မြန်မြန်တက်လာနိုင်အောင် လှုံ့ဆော်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များ ထိရောက်မှုရှိ၊ မရှိကို တိုင်းတာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

❑

# ပဲပုပ်စေ့တင်သွင်းမှုအား အကောက်ခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးမည့်အစီအစဉ်ကို ထိုင်းနိုင်ငံအစိုးရခွင့်ပြု

ပဲပုပ်စေ့ စိုက်ပျိုးမှုမြှင့်တင်ရန်နှင့် ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်စေ့အား ဈေးပိုပေး၍ ဝယ်ယူနေရသဖြင့် နိုင်ငံတွင်း ပဲပုပ်စေ့ လိုအပ်ချက်ကာမိစေရန်အတွက် ပဲပုပ်စေ့ တင်သွင်းမှုအား အကောက်ခွန် ကင်းလွတ်ခွင့် သုံးနှစ်ပေးမည့်အစီအစဉ်ကို ယခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ အစိုးရက ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ပဲပုပ်ဆီထုတ်ရန်အတွက် ပြည် တွင်းမှထွက်ရှိသည့် ပဲပုပ်စေ့များကို တစ်ကီလိုဂရမ်လျှင် ၁၇ ဒသမ ၅၀ ဘတ်ဖြင့် လည်းကောင်း၊ တိရစ္ဆာန်အစာထုတ်လုပ်ရန်အတွက် ပြည်တွင်းမှထွက် ရှိသည့် ပဲပုပ်စေ့ တစ်ကီလို ဂရမ်လျှင် ၁၇ ဒသမ ၇၅ ဘတ် ဖြင့်လည်းကောင်း၊ အစားအစာ ထုတ်လုပ်ရန်အတွက် ပြည် တွင်းမှထွက်ရှိသည့် ပဲပုပ်စေ့ တစ်ကီလို ဂရမ်လျှင် ၁၉ ဒသမ ၇၅ ဘတ်ဖြင့် ဝယ်ယူနေရကြောင်း ထိုင်းနိုင်ငံ ဟင်းရွက်ဆီ ထုတ်လုပ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သူ ဒုတိယဝန်ကြီး ချုပ်ပရာဂျင်ဂျင်တောင်း ပြောကြားကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် ပဲပုပ်စေ့ တန်ချိန် ၆၀၀၀၀ ခန့် ထွက်ရှိသော်လည်း နိုင်ငံ၏ ပဲပုပ်စေ့ လိုအပ်ချက်ပမာဏမှာ တန်ချိန်သုံးသန်းနီးပါးရှိရာ၊ အဆိုပါ ပမာဏမှာ စုစုပေါင်း လိုအပ်ချက်၏ ၂ ရာခိုင်နှုန်းသာ ရှိကြောင်း ထိုင်းနိုင်ငံအနေဖြင့် ပဲပုပ်စေ့ တန်ချိန် နှစ်သိန်းခန့် နှစ်စဉ် ပြည်ပမှ တင်သွင်းနေရကြောင်း၊ ကော်မတီအနေဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် အစီအစဉ်ကို အတည်ပြုချက်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ အဆိုပြုလွှာ ပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့ ပဲပုပ်စေ့ ဝယ်ဈေးမြင့် မားမှုက ဆန်စပါးရိတ်သိမ်းပြီးနောက်ပိုင်းတွင် လယ်သမားများ ပဲပုပ်စေ့ စိုက် ပျိုးရန်အတွက် အားပေးရာရောက်ကြောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ မြောက်ပိုင်းရှိ လယ်သမားများ ပဲပုပ်စေ့ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအသင်းအဖွဲ့များဆိုင်ရာ အစိုးရဘဏ်က ဘဏ်တိုးနှုန်း သုညဒသမ သုညတစ်ရာခိုင်နှုန်းထက် နည်းပါးသည့် အထူးအတိုး နှုန်းဖြင့် လယ်သမားများအားထုတ်ချေးပေးမည်ဟု အစိုးရက ကတိပေးထား ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတွင် ပဲပုပ်စေ့ စိုက်ပျိုးစရိတ်မြင့်မားမှုကြောင့် လွန်ခဲ့သည့်နှစ်များစွာကပင် ပဲပုပ်စေ့ အထွက်နှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ ပြောင်းနှင့် ဆန်ကဲ့သို့ သီးနှံများနှင့် နှိုင်းယှဉ်ပါက ပဲပုပ်စေ့ စိုက်ပျိုးမှုသည် လယ်သမားများအတွက် အကျိုးအမြတ် နည်းပါးကြောင်း၊ အထွက်နှုန်းကောင်းသည့် ပဲပုပ်စေ့မျိုးစေ့များ မရရှိနိုင်မှုကလည်း တောင်သူများ ပဲပုပ်စေ့ စိုက်ပျိုးမှုအပေါ် စိတ်ဝင်စားမှုနည်းပါးလာရသည့် အကြောင်းရင်းဖြစ်ကြောင်း သိရှိရသည်။

**Source : Bangkok Post**

**စန္ဒာထွန်း (TTI)**

# နဂါးမောက်သီးပို့ကုန်ဈေးကွက်သစ်များ ရှာဖွေရန် ဗီယက်နမ်နိုင်ငံ ကြိုးပမ်းမည်

ဗီယက်နမ် နဂါးမောက်သီးစိုက်ပျိုးရောင်းချသူများအနေဖြင့် ၎င်းတို့၏ နဂါးမောက်သီးများအား ပြည်ပသို့ တင်ပို့ရာမှာ တရုတ်နိုင်ငံရဲ့ ဈေးကွက်ကိုသာ အဓိကမှီခိုနေရတဲ့အတွက် ပြည်တွင်းဈေးကွက်အတွင်းမှာလည်း ရောင်းအားမြှင့်တင်ရန် ဆန္ဒရှိနေကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြုလုပ်ခဲ့တဲ့ ဗီယက်နမ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရဲ့ဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း ဗီယက်နမ်နယူးစ်မှာ ဖော်ပြထားချက်များအရ သိရှိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာ နဂါးမောက်သီး စိုက်ပျိုးမှု ဟက်တာပေါင်း ၃၇၀၀၀ ရှိပြီး နှစ်စဉ်တန်ချိန် ၆၃၀၀၀၀ ခန့် ထွက်ရှိပါတယ်။ Binh Thuan ပြည်နယ်မှာ နဂါးမောက်သီး စိုက်ပျိုးမှုဟက်တာ ၂၆၅၀၀ ရှိပြီး နဂါးမောက်သီး တန်ချိန် ၅၀၀၀၀၀ ခန့် ထွက်ရှိပါတယ်။ Long An ပြည်နယ်၊ Tien Giang ပြည်နယ်နှင့် Vinh Long ပြည်နယ်တို့မှာလည်း နဂါးမောက်သီးကို စိုက်ပျိုးကြတယ်လို့ ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ စာရင်းများမှာ ဖော်ပြထားပါတယ်။

နဂါးမောက်သီးကို ဗီယက်နမ်နိုင်ငံ ပြည်တွင်းစားသုံးမှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိရှိပြီး တရုတ်နိုင်ငံသို့ နယ်စပ်မှ တင်ပို့မှုမှာ ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ဩစတြေးလျဈေးကွက် အပါအဝင် တခြားပြည်ပနိုင်ငံများသို့ တင်ပို့မှုမှာ သုံးရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းသာရှိတယ်လို့ ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။ ဗီယက်နမ်နဂါးမောက်သီးများမှာ တရုတ် နယ်စပ်ဈေးကွက်တစ်ခုတည်းကိုသာ တင်ပို့နေရတဲ့အတွက် ဈေးကွက် မတည်ငြိမ်မှုနှင့် စွန့်စားမှုများကို ဖြစ်ပေါ်စေတယ်လို့ Binh Thuan ပြည်နယ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Do Minh Kinh က ဆိုပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ တောင်ပိုင်းဒေသဟာ နဂါးမောက်သီး အများအပြား စိုက်ပျိုးထွက်ရှိတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ အဲဒီဒေသက ထွက်ရှိတဲ့ နဂါးမောက်သီးတွေဟာလည်း တရုတ်နိုင်ငံရဲ့ဈေးကွက်ကိုသာ မှီခိုအားထားပြီး တင်ပို့နေရတယ်လို့ အဆိုပါသတင်းမှာ ဖော်ပြထားပါတယ်။ တရုတ်နိုင်ငံကို တင်ပို့တဲ့နဂါးမောက်သီးတွေဟာ ပမာဏအရ များပြားလှတဲ့အတွက် တရုတ်နယ်စပ်ဂိတ်များမှာ နဂါးမောက်သီး တင်ဆောင်လာတဲ့ ကုန်တင်ကားတွေ အများအပြား စောင့်ဆိုင်းနေရတယ်လို့ ဆိုပါတယ်။ အဲဒီလိုအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရတာကြောင့် နဂါးမောက်သီးတွေ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်နေပြီး တင်ပို့သူတွေသာမက စိုက်ပျိုးထုတ်လုပ်သူတွေပါ နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ အဆိုပါသတင်းမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် နဂါးမောက်သီး စိုက်ပျိုးသူများဟာလည်း ဗီယက်နမ်နိုင်ငံရဲ့ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများနဲ့ ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများနဲ့အညီ စံချိန်စံညွှန်းမီစွာ စိုက်ပျိုးကြသော်လည်း ပို့ကုန်ဈေးကွက်တွင် သာမန်စိုက်ပျိုးသည့်နည်းမှ ထွက်ရှိသည့် နဂါး မောက်သီးဈေးများလောက်ပင် ဈေးမရဘဲ တင်ပို့နေရပါတယ်။

နဂါးမောက်သီးစိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရန်နဲ့ ဈေးကောင်းရရှိရေးအတွက် နဂါးမောက်သီးစိုက်ပျိုးတဲ့ ပြည်နယ်များအနေနဲ့ ကုန်သွယ်မှုမြှင့်တင်ရေး၊ တန်ဖိုးမြှင့် နဂါးမောက်သီးများ ပြုလုပ်ရေးနဲ့ စားသုံးမှုပုံစံပြောင်းလဲရေးတို့အတွက် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေနဲ့ ပိုမိုပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ho Thi Kin Thoa က ပြောကြားခဲ့ပါတယ်။

**Source: VNS**

**နှင်းပန်းဖြူ (TTI)**

# ၂၀၁၆ ခုနှစ်အတွက် ထိုင်းဆန်ပြည်ပတင်ပို့မှုလျာထားချက် တန်ချိန် ၉ ဒသမ ၅ သန်း ပြည့်မီအောင် တင်ပို့နိုင်မည်

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စုစုပေါင်း ဆန်တန်ချိန် ၉ ဒသမ ၁၈ သန်း တင်ပို့နိုင်ခဲ့သဖြင့် ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ယခုနှစ်အတွက် လျာထားသည့် ဆန်ပို့ကုန်ပမာဏတန်ချိန် ၉ ဒသမ ၅ သန်းကို ပြည့်မီအောင် တင်ပို့နိုင်မည်ဟု ယုံကြည် ထားကြောင်း ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဆန်တင်ပို့မှုပမာဏသည် ယခင်နှစ်ကာလတူ တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ပမာဏအရ ၈ ဒသမ ၇ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၃ ဒသမ ၅၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ယခုနှစ် နိုဝင်ဘာအထိ တင်ပို့မှု ပမာဏတိုးတက်သလို ဆန်ဖြူ ဆန်မွှေးနှင့် ကောက်ညှင်းများ ဈေးပိုမိုရရှိခဲ့ကြောင်း ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ထိုင်းဆန် အများဆုံးဝယ်ယူသည့်နိုင်ငံများမှာ ဘီနင်၊ အိုင်ဗရီကို့စ်၊ ဂျပန်၊ တရုတ်၊ အင်ဂိုလာ၊ ကင်မရွန်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကွန်ဂိုနှင့် မိုဇမ်ဘစ် နိုင်ငံတို့ဖြစ်ကြကြောင်း၊ ထိုင်းဆန်များမှာ ပြည်ပနိုင်ငံများရှိ ဝယ်လက်များနှင့် စားသုံးသူများအကြား အရည်အသွေးကောင်းမွန်ကြောင်း နာမည်ရထားသဖြင့် ကမ္ဘာ့ဈေးကွက်တွင် အခြားနိုင်ငံများနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်ကြောင်း၊ ယခုနှစ်နောက်ဆုံးသုံးလတွင် ပို့ကုန်မြင့်တက် ရခြင်းမှာ အထူးသဖြင့် တရုတ်၊ ဟောင်ကောင်နှင့် စင်ကာပူတို့တွင် နှစ်သစ်ကူးနှင့် တရုတ်နှစ်ကူးရာသီအတွင်း ရောင်းချနိုင်ရန်အတွက် သိုလှောင်ရန် ဆန်များ ပိုမိုဝယ်ယူထားခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် နိုဝင်ဘာလလယ်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ဆန်စပါးနှစ်ပတ်လည် ညီလာခံသို့ နိုင်ငံတကာမှ ဆန်ကုန်သည် အနည်းဆုံး ၆၀၀ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညီလာခံ၌ နိုင်ငံများစွာမှ ဆန်နမူနာ ၅၀ ကျော် ပြသရာတွင် ထိုင်းဟုန်မာလီဆန်အား ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် လည်းကောင်း၊ ကမ္ဘောဒီးယားဆန်မွှေးအား ဒုတိယကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်လည်းကောင်း၊ အမေရိကန် Japonica rice အား တတိယကမ္ဘာ့အကောင်းဆုံး ဆန်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

## မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်တန်ချိန် ၅၀၀၀ ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၅၀၆၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ရေထွက်ကုန် ၅၀၇၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၁၀ တန်ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်ပို့မှုအခြေအနေကို ကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသုည ဒသမ ၁၄၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်တို့ကို ၁၀၃ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ အခြားရေထွက်ကုန်နဲ့ ပင်လယ်ငါးရှဉ့်တို့ကို တန်ချိန် ၁၉၆၉ တန်နဲ့ မြိတ်ကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၁၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်ခြောက်၊ ကဏန်း၊ ပုစွန်နဲ့ ကင်းမွန်တို့ကို ၂၉၉၂ တန်တင်ပို့နိုင်တယ်လို့ သတင်းရ ရှိပါတယ်။ **ခင်မိုးသူ**

## ပြည်ပမှဆိုင်ကယ်မျိုးစုံ တင်သွင်းမှု လျော့ကျ

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၃၇၄၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၅၃၂ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၉၂ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာလ ၂၀ ရက်နေ့မှ စတင်ကာ မြန်မာ-တရုတ်နယ်စပ်တွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပို့ကုန်သွင်းကုန်ကားအချို့ ခေတ္တရပ်တန့်ခဲ့တဲ့အတွက် ဆိုင်ကယ်တင်သွင်းမှုလည်း လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်သွင်းမှုအခြေအနေကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၇၀၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၁၅စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၅ စီးကို အသီးသီးတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန် ၂၀၀ နီးပါးတင်ပို့နိုင်

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၉၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ် ပတ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၅ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၄၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉၅ သန်း၊ တန်ချိန်အားဖြင့် ၁၆၄၆ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ် ပတ်မှာ ရေထွက်ကုန်များ အမယ်စုံတင်ပို့နိုင်မှုမရှိတဲ့အတွက် ယခုလိုတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၃၀၀၀၊ ကဏန်းတစ်တန်လျှင် ၅၁၅၆၂ ယွမ်ဈေးရှိခဲ့တယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ တင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုဝင်ဘာ ၁၉ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၈သန်း တန်ဖိုး ရှိငါးနီတူခြောက် (ခေါင်းပါ) ၅တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၆သန်း တန်ဖိုးရှိငါးစုံလေးခြောက် ၁၀တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ငါးနီတူ ခြောက်နဲ့ ငါးစုံလေးခြောက်ကို ၁၂တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ သုံးတန်ခန့် ပိုမိုတင်ပို့တာ တွေ့ရပါတယ်။ ယခုသီတင်းပတ်မှာတော့ ရေချိုငါးမြစ်ချင်း တင်ပို့နိုင်မှု မရှိဘူးလို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်တို့အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၁သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ ဆီးဖတ်၊ သစ်ခေါက်တို့ကိုလည်း တင်ပို့နိုင်တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# ပြည်ပမှ မော်တော်ယာဉ်များတင်သွင်းရာတွင် ထုတ်လုပ်သည့် ခုနှစ်များအား သတ်မှတ်

ပြည်ပမှမော်တော်ယာဉ်များ တင်သွင်းခြင်းနှင့်ပတ်သက်၍ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုဝင်ဘာလ ၃၀ ရက် ရက်စွဲ ပါအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ကြေညာချက်တွင် ယာဉ်အိုယာဉ်ဟောင်းအစီအစဉ်၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းရှိ လူစီးမော်တော်ယာဉ်များ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်းရှိ ၁၃၅၀ စီစီနှင့် အောက်လူစီးယာဉ်များ (ယင်းမော်တော်ယာဉ်များကို တင်သွင်းရာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မော်တော်ယာဉ်များကို တင်သွင်းရာ၌ ဘယ်မောင်းယာဉ်များကိုသာတင်သွင်းရန်)၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းရှိ ကုန် တင်ယာဉ်များ၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းရှိ ခရီးသည်တင်ယာဉ်များကို တင်သွင်းရမည်ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်တွင် ၁၃၅၀ စီစီနှင့်အောက်လူစီးယာဉ်များအပါအဝင် ယာဉ်များကိုတင်သွင်းရာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ ဘယ်မောင်းများကိုသာတင်သွင်းရမည်ဖြစ်သည်။ ထို့ပြင် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ ကုန်တင်ယာဉ်များ၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ ခရီးသည်တင်ယာဉ်များ (Express) ကိုတင်သွင်းရာ၌ ဘယ်မောင်းများကိုသာ တင်သွင်းရန်၊ မြို့တွင်းပြေးဆွဲသည့်ခရီး သည်တင်ယာဉ်များ (Mini Bus/City Bus) ကိုတင်သွင်းရာတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတွင်းရှိသည့် ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းရန်ဖြစ်သည်။

အလားတူ FOC စနစ်ဖြင့် ပြည်ပမှလှူဒါန်းသည့်မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင် ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားရာတွင် ၂၀၁၅ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်းရှိ လူစီးယာဉ်များ (ဘယ်မောင်း)၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ လုပ်ငန်းသုံးယန္တရားများ၊ ၂၀၀၁ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန် ယာဉ်များ၊ ၂၀၀၇ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်းရှိ သာသနာရေးဆိုင်ရာယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ (Mini Bus/ City Bus) များ၊ ၂၀၁၂ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိခရီးသည်တင်ယာဉ်များ (Express) (ဘယ်မောင်း)တင်သွင်းရန်ဖြစ်သည်။

အစိုးရဌာနများမှမော်တော်ယာဉ် လျှောက်ထားပါက ၂၀၁၅ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ လူစီးမော်တော်ယာဉ်များ(ဘယ်မောင်း)၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းရှိ လုပ်ငန်းသုံးယာဉ်/ခရီး သည်တင်ယာဉ်/ကုန်တင်ယာဉ်/ယန္တရားများ တင်သွင်းရန်ဖြစ်သည်။

သို့သော် နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ကားနှင့်လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၀ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ အများပြည်သူသုံးလမ်းမများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် Execavator, Bulldozer, Wheel Loader, Vibratory Roller, Clamp Loader, Motor Graderm Road Roller Compactor, Bridge Crane, Gantry Crane, Tower Crane, Pilling Machine, Crawler Drill/ Crane, Overhead Travelling Crane, Mobile Crane, Rough-Terrain Crane, Forklift စသည့် လုပ်ငန်းသုံးယန္တရား ၁၆ မျိုးအား လွန်ခဲ့သော နှစ် ၂၀ အတွင်းက ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုမည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့များမှ ဝယ်ယူခြင်းအတွက် ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းအစီအစဉ်တွင် သတ်မှတ်ထားသည့်ပြဋ္ဌာန်းချက်များအတိုင်း အရောင်းစင်တာများ၊ ပြခန်းများမှ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှစတင်၍ လူစီးယာဉ်၊ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ တင်သွင်းရာတွင် ရောက်ရှိခုနှစ်နှင့် ရောက်ရှိ ခုနှစ်အောက် နှစ်နှစ်နိမ့်မော်ဒယ် (၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်မော်ဒယ်) များ တင်သွင်းပါက ဘယ်မောင်းများသာ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကမ္ဘောဇဘဏ်က စုပွားငွေစုပုံစံအသစ်ကို စတင်မိတ်ဆက်



ကမ္ဘောဇဘဏ်လီမိတက်သည် ပြည်သူများ၏နောင်ရေးအတွက် ပိုမိုခိုင်မာသော အနာဂတ်များကို အကောင်အထည် ဖော်တည်ဆောက်နိုင်ရန် အတိုး နှုန်း ပိုမိုရရှိနိုင်မည့် စုပွားငွေစုပုံစံသစ်ကို နိုဝင်ဘာ ၂၉ ရက်က စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရ သည်။

စုပွားစနစ်ဖြင့် ငွေစုသူများသည် တစ်နှစ်လျှင် အတိုးနှုန်း ၉ ဒသမ ၂၅ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး နှစ်နှစ်စုဆောင်းပါက အတိုးနှုန်း ၉ ဒသမ ၅၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ သုံးနှစ်စုဆောင်းပါက အတိုးနှုန်း ၁၀ ရာခိုင်နှုန်းရရှိမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ နှစ်ကာလအပိုင်းအခြားသုံးမျိုးအနက် မိမိ ကြိုက်နှစ်သက်ရာ အဆင်ပြေရာစနစ်တစ်ခုကို အသုံးပြု၍ ငွေစုဆောင်းနိုင်ကြောင်း သိရသည်။

စုပွားဖြင့် ငွေစုသူများသည် အမြင့်ဆုံးအတိုးနှုန်းကို ခံစားရရှိနိုင်မည်ဖြစ်ပြီး ပုံမှန်လစဉ်ဝင်ငွေရှိသူများအတွက် ရည်ရွယ်၍ လုပ်ဆောင်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

"စုပွားက သုံးစွဲသူတွေရဲ့နောင်ရေးအတွက် ပိုမိုခိုင်မာတဲ့ အနာဂတ်တွေကို အကောင်အထည်ဖော်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ မိမိတို့ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ပဲဖြစ်ဖြစ် မိမိချစ်သူ၊ ခင်သူတွေအတွက် ငွေစုဆောင်းလို့ပဲဖြစ် ဖြစ်ဒီငွေစုအစီအစဉ်ရဲ့ ထူးခြားတဲ့ အကျိုးကျေးဇူးတွေကို လက်တွေ့ခံစားရရှိနိုင်မှာဖြစ်ပါတယ်"ဟု ကမ္ဘောဇဘဏ်လီမိတက်၏အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးက ပြောကြား ခဲ့သည်။

အဆိုပါစုပွားအစီအစဉ်ဖြင့် ငွေစု ခြင်းစနစ်ကို နိုဝင်ဘာ ၂၉ ရက်မှ စတင်ကာ Flexcube Universal Banking Software ကို အသုံးပြုနေသည့် ကမ္ဘောဇဘဏ်ခွဲတိုင်းတွင် စာရင်းဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းစုပွားငွေစုအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များရှိပါက ဖုန်းနံပါတ် ၀၁-၂၃၀၆၂၁၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

စုပွားစနစ်ဖြင့် ငွေစုလိုသူများ သည် ကမ္ဘောဇဘဏ်တွင် Saving Account တစ်ခုရှိထားရန်လိုအပ်ပြီး မူလကတည်းက Saving Account ရှိနေပါ က အဆိုပါ Account ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါစုပွားစနစ်ကိုအသုံး ပြုသူတစ်ဦးသည် ကမ္ဘောဇဘဏ်၏ KBZ iBanking စနစ်ကိုပါ အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါ စုပွားစနစ်သည် လစဉ်အတိုးနှုန်းတွက်ချက်ပေးမည့်စနစ်ဖြစ်ပြီး လစဉ်အတိုးအရင်း နှစ်ရပ်ပေါင်းပေါ်တွင် အတိုးများ ထပ်မံတွက်ချက်ပေးမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

စုပွားအကောင့်ကို သုံးစွဲသူများအနေဖြင့် မိမိရည်မှန်းချက်ထားပြီး စုဆောင်းသည့်ကာလအတွင်း ဆက်လက်စုဆောင်းရန် ဆန္ဒမရှိတော့ပါက ပုံမှန်ငွေစုဘဏ်အကောင့်ပုံစံအတိုင်းတစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် တွက်ချက်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




# MPT ဆင်းကတ်များကို CB ဘဏ်နှင့် ချိတ်ဆက်၍ မှတ်ပုံတင်နိုင်ပြီ

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် CB ဘဏ်နှင့်ပူးပေါင်း၍ ဆင်းကတ်များ မှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၁၆ ရက်မှစတင်ကာ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

MPT အသုံးပြုသူများသည် CB ဘဏ်ခွဲများတွင် ဘဏ်အကောင့်ဖွင့်လှစ်ကာ ဆင်းမ်ကတ်များကို မှတ်ပုံတင်ပြီး CB ဘဏ်မှ MPT ငွေဖြည့်ကတ်လက်ဆောင်များကိုလည်း ရရှိမည်ဖြစ်သည်။

CB ဘဏ်သည် ဆင်းမ်ကတ်မှတ် ပုံတင်ခြင်းကို လက်ခံဆောင်ရွက်ပေးသည့် ပထမဦးဆုံးဘဏ်ဖြစ်ပြီး MPT အသုံးပြုသူများအနေဖြင့် CB ဘဏ်၏ ဘဏ်ခွဲပေါင်း ၂၄ ခုတွင် သွားရောက်မှတ်ပုံတင်နိုင်ကြကြောင်း သိရသည်။ ထို့ ပြင် CB ဘဏ်၏ ကျန်ရှိသောဘဏ်ခွဲများတွင်ပါ အဆိုပါဝန်ဆောင်မှုအား ပေးအပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

MPT-KGSM Joint Operation မှ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက "ကျွန်တော်တို့အနေနဲ့ CB ဘဏ်နဲ့ လက်တွဲဆောင်ရွက်ရတာကို တကယ်ပဲဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဒီလို ပဏာမခြေလှမ်းကနေအစပြုပြီး လုပ်ငန်းစဉ်များ ဆက်လက်တိုးချဲ့သွားနိုင်ရန် ပူးပေါင်းလက်တွဲဖို့ မျှော်လင့်လျက်ရှိပါတယ်။ ဒါ့အပြင်မှလည်း ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေဟာ သူတို့ရဲ့ဆင်းမ်ကတ်တွေကို သတ်မှတ်ရက်မတိုင်ခင် မှတ်ပုံတင်ဖို့အလွယ်တကူဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**










## (၁၆)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ(မူဆယ်) ကျင်းပမည့်ရက်ရွှေ့ဆိုင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ ၁၉၉၇ ခုနှစ်က ရေးထိုးခဲ့သော မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်အရ (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၂)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၊ မင်္ဂလာမူဆယ်ဈေးအထူးစီးပွားရေးဇုန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ New Star Light Construction Co., Ltd. တို့ ပူးပေါင်းပြီး ကျင်းပပြုလုပ်ရန် ကြေညာခဲ့ပါသည်။

သို့ရာတွင် မူဆယ်မြို့၏ လက်ရှိလုံခြုံမှု အခြေအနေများ အရ ကုန်စည်ပြပွဲအတွက် ပြင်ဆင်ခြင်း၊ ကုန်စည်ပြပွဲနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းတို့အား ဒေသနှင့်လမ်းကြောင်းတစ်လျှောက် လုံခြုံမှုအခြေအနေများ ကောင်းမွန်ချိန်အထိ ရက်ရွှေ့ဆိုင်းမည်ဖြစ်ပြီး ပြပွဲ ပြန်လည်ကျင်းပမည့်ကာလကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဝင်းသန်းကျော်**
**(Myantrade)**

# GRAND PHOENIX AUTO CO.,LTD.


MITSUBISHI RVR


TOYOTA RACTIS


TOYOTA VITZ


HONDA FIT GK3


TOYOTA AXIO


HONDA INSIGHT


TOYOTA BELTA


MAZDA DEMIO







ဂျပန်နိုင်ငံမှ တိုက်ရိုက် တင်သွင်းထားသော Toyota , Honda , Nissan နှင့် အခြား Brand မျိုးစုံကို
အရောင်အသွေးအမျိုးအစား ကောင်းမွန်စုံလင်စွာဖြင့် တင်သွင်းရောင်းချပေးနေပါသည်။

အရောင်းစင်တာ ( ၁ ) - အမှတ် ( ၃၆ ) ပါရမီလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့။ (ပါရမီ မီးရထားကုန်းကျော်အနီး)
အရောင်းစင်တာ ( ၂ ) - အမှတ်( ၁၀၅/ခ) နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့။(ဗဟိုအမျိုးသမီးဆေးရုံအနီး)

ဖုန်း - ၀၁ ၆၆၃၆၆၈ , ၆၅၈၁၁၃ , ၂၂၅၆၉၀ , ၂၃၀၂၂၉၂ , ၂၃၀၂၂၉၃ , ၀၉ ၉၇၁၆၁၇၇၂၂, ၀၉ ၉၇၁၆၁၇၇၃၃ , ၀၉ ၉၇၁၆၁၇၇၄၄
Email - grandphoenixauto@gmail.com
Website - www.grandphoenixauto.com

# John & Maung Co., Ltd.

J&M 1994

Construction Chemicals, Waterproofing & Epoxy



LAVATEX 2000
RUBBER MODIFIED LIQUID W/P MEMBRANE


ULTRAFLEX- 2K
CEMENTITIOUS WATERPROOF COATING


ECOPOXY
EPOXY FLOOR COATING SYSTEM



ECOPROOF CWP
SURFACE APPLIED CRYSTALLINE
WATERPROOFING SYSTEM



ECOSHIELD
ACRYLIC WATER PROOF COATING


EURO SELF
SELF ADHESIVE MEMBRANE

- Waterproofing
- Self Adhesive Membrane
- Epoxy Wall and Floor Coating
- Protective Coatings

Building (15), 2nd Floor, Tha Kywe Street, Tamwe Township, Yangon.
Ph : 09-5174522, 09-73090436, 09-49450335
www.johnandmaung.com.
john@johnandmaung.com.

## ပြောင်း

### ပြောင်းတင်ပို့မှု သိသိသာသာလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းများမှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၈၉၈၆ တန် တင်ပို့ခဲ့ရာ စခန်းအလိုက်တင်ပို့မှု အနေနဲ့ကတော့ မူဆယ်မှ တန် ၆၀၀၀၊ လွယ်ဂျယ်မှ ၂၇၀၉ တန်ကျော်၊ ချင်းရွှေဟော်မှ ၁၆ တန်ခွဲနဲ့ ကန်ပိုက်တီးမှ တန် ၂၆၀ ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က အဆိုပါ စခန်းလေးခုမှ ၃၇၁၀၂ တန်အထိ တင်ပို့ခဲ့တာနဲ့ နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှုတန်ချိန် ၂၈၀၀၀ ကျော် လျော့နည်းခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးကတော့ နိုဝင်ဘာ ၁၁ ရက် သီတင်းပတ်အတွင်းကရှိခဲ့တဲ့ ပြောင်းဈေးအတိုင်း မပြောင်းလဲဘဲ ရှိနေတာကို တွေ့ရပါတယ်။

**မော်မော်အောင်**

### ရှမ်းပြောင်း ဝယ်လက်များနားနေ

ဒီနှစ်အတွက်ရှမ်းပြောင်းတွေကတော့ စိုက်ဧကမလျော့သလို၊ အထွက်နှုန်းလည်းမလျော့ပါဘူး၊ ဒါပေမယ့်အခုလတ်တလောမှာ ရှမ်းပြည်နယ်မြောက်ပိုင်းက အခြေအနေသိပ်မကောင်းတော့ ဝယ်လက်တွေကလည်း နားနေပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ စပါးပေါ်ချိန်နဲ့ ပြောင်းပေါ်ချိန်က တစ်ချိန်တည်း ဖြစ်တာကြောင့် တောင်သူတွေက စပါးကိုအရင်ရိတ်နေပြီး ပြောင်းကိုသိပ်ပြီး မရိတ်ကြသေးပါဘူး၊ ဒီဇင်ဘာဒုတိယ၊ တတိယပတ်ခန့်မှ ရိတ်သိမ်းမှာဖြစ်လို့ ဇန်နဝါရီလမှသာ အဝင်များလာတော့မှာလို့လည်း သိရပါတယ်။

လှောင်လက်တွေကလည်း ၃လပိုင်း ခန့်မှသာစပြီး လှောင်ကြမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ အခုချိန်မှာလည်း အစေ့ထုတ်ပြောင်းရဲ့အစိုဓါတ်က ၁၇ ရာခိုင်နှုန်း ၁၈ ရာခိုင်နှုန်းခန့်ရှိနေသေးလို့ လှောင်လို့မရသေးသလို၊ ဈေးကွက်မှာလည်း အဝင်မများသေးဘူးလို့ သိရပါတယ်။ ဒီနှစ်တော့ ပြောင်းဈေးကွက်အရ တိရစ္ဆာန်အစာစပ်စက်ရုံတွေကသာ ဝယ်ယူ မှုရှိနေပြီး ရှိသလောက်တော့ ဝယ်ယူနေတယ်လို့တော့သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ အစေ့ထုတ်ပြောင်းက တစ်ပိဿာကို ကျပ် ၂၉၀-၃၀၀ ဈေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### လွိုင်ကော်မြို့မှ မူဆယ်မြို့သို့ပြောင်းတင်ပို့မှု လျော့ကျ

ယခုတစ်ပတ်မှာ လွိုင်ကော်မြို့မှ မူဆယ်မြို့သို့ ပြောင်းတင်ပို့မှု လျော့ကျသွားခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် က လွိုင်ကော်မှမူဆယ်သို့ပြောင်း ၈၉၄ တန်ခန့် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၁၄၆ တန်ခန့်သာ တင်ပို့မှုရှိခဲ့သဖြင့် ယခု တစ်ပတ်မှာ တင်ပို့မှုကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ယခု တစ်ပတ်အတွင်း လွိုင်ကော်မြို့၌ ဖြစ်ပေါ်နေသော ပြောင်းဈေးနှုန်းများအနေဖြင့် အရည်အသွေးနှင့်အစိုဓာတ် ပေါ်မူတည်ပြီး တစ်ပိဿာကို ၂၈၀ ကျပ်မှ ၂၉၅ ကျပ်အထိ ဈေးရရှိပါတယ်။ မူဆယ်မြို့နှင့်အနီးတစ်ဝိုက်ရှိ မြို့များတွင် ဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ယခုကဲ့သို့ ပြောင်းတင်ပို့ မှုလျော့ကျရတာဖြစ်တယ်လို့ ဒေသခံကုန်သည်တစ်ဦးက ပြောကြားခဲ့ပါတယ်။

**ဗညားထက် (Myan Trade) လွိုင်ကော်**

## သကြား

### Re-export သကြား တန်လေးထောင်ကျော် တင်ပို့ တင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁၉ရက်မှ ၂၅ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၁၃၁၂၅ တန်ဖိုးရှိ Re-export သကြား ၃၈၇တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ သကြားတင်ပို့မှုမရှိဘဲ မူဆယ်မှသာ တန်နှစ်ထောင်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅၆သန်းတန်ဖိုးရှိ Re-export သကြား ၄၁၀၁ တန်ကျော် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၁၇၉၈တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် မြဝတီမှ သကြား ၂၃၀၃တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### နိုဝင်ဘာလအတွင်း ရော်ဘာဈေးမြင့်တက်လာ

နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၈ သန်းတန်ဖိုးရှိ ရော်ဘာ ၃၁၈ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၅၆ တန်၊ MSR 20 တန် ၆၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၁၀၆ တန်ကျော်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၉၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာအဆင့်စုံ ၂၃၃၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀၂၀ ခန့်တင်ပို့မှု လျော့နည်းနေကြောင်းသိရှိရပါတယ်။ မော်လမြိုင်ဒေသရဲ့ ရော်ဘာပေါက်ဈေးမှာ RSS3 တစ်တန်ကိုအမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆သိန်းနဲ့ RSS 5 မှာ တစ်တန်ကို ၁၆ ဒသမ ၁၅ သိန်းရှိပြီး ပြည်တွင်းရော်ဘာဈေးမြင့်တက်လာကြောင်း သိရှိရပါတယ်။

နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းတန်ဖိုးရှိ ရော်ဘာ RSS 3 ၁၄၅ တန်ကို မလေးရှားနိုင်ငံတစ်နိုင်ငံတည်းသို့သာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၈ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ဧပြီ ၁ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၁၉၈ သန်းတန်ဖိုးရှိ ရော်ဘာစိမ်း ၆၂၇၇၁ တန်တင်ပို့ထားကြောင်း သိရှိရပါတယ်။

နိုဝင်ဘာလဆန်းပိုင်းမှစပြီး မြင့်တက်လာတဲ့ နိုင်ငံတကာရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ ဆက်လက်မြင့်တက်လာကြောင်း သိရှိရပါတယ်။ နိုင်ငံတကာ ရော်ဘာပေါက်ဈေးတစ်တန်လျှင် ဒေါ်လာ ၂၀၀ ကျော်မြင့်တက်လာတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၂၀၀ စီတိုး၍ မြန်မာ နိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀၊ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀၊ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀၊ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၉၀၀-၂၀၀၀၊ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |

**ယဉ်ယဉ်အေး**

### မြန်မာ-အိန္ဒိယနယ်စပ်မှ ကွမ်းသီး တန် ၅၀၀ ကျော်တင်ပို့

မြန်မာ-အိန္ဒိယရှိ တမူးကုန်သွယ်ရေးစခန်းနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းများမှ အိန္ဒိယနိုင်ငံသို့ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၄၄ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရိဒ်နယ်စပ်တစ်ခုတည်းမှသာ ၅၉၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ၄၇ တန် လျော့နည်းပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။

ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် စီးကရက်၊ မုန့်မျိုးစုံ၊ ဆေးကြေမှုန့်၊ ဆေးရိုး၊ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်းခန့် တင်ပို့ခဲ့ပြီး၊ အိန္ဒိယငွေကြေးပြဿနာပြန်လည် တည်ငြိမ်စပြုလာပြီဖြစ်တဲ့အတွက် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ နန်းဖာလုံ ကုန်စုံကို အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းခန့်ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



### တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း အမယ်ခုနစ်မျိုးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၂၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ခုနစ်မျိုးကို တန်ချိန်အားဖြင့် တန် ၁၄၀ ခန့် တင်ပို့နိုင်ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ပရဆေး အမယ်တွေက ချင်းခြောက်၊ ဝဥခြောက်၊ ကွမ်းသီးခွံ၊ ဆီးဆန်၊ ဆီးသီးခြောက်၊ချဉ်ပေါင်ဖာလာ (အခွံပါ) နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ဖြစ်ပါတယ်။ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်က တန်ငါးရာကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ပရဆေး တင်ပို့မှုက တန်သုံးရာကျော်ခန့် လျော့နည်းခဲ့ပါတယ်။ နယ်မြေအခြေအနေကြောင့် ကုန်သွယ်မှုများ ယခုလိုလျော့နည်းရတာလို့ စခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝဥ

### တရုတ်နိုင်ငံသို့ ဝဥခြောက်ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၅ သန်း တန်ဖိုးရှိ ဝဥခြောက် ၁၃ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကလည်း ၂၉ တန် တင်ပို့ခဲ့တဲ့အတွက် တရုတ်နိုင်ငံသို့ ဝဥခြောက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။

ဝဥကို ပြည်တွင်းမှာစားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံတွေမှာ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတွေသို့ တင်ပို့ကြတယ်လို့သိရပါတယ်။ ဝဥခြောက်မှာ သွေးအတွင်းအဆီပါဝင်မှုနှုန်းကို လျှော့ချပေးစေနိုင်တဲ့ စွမ်းအားတွေရှိတာကြောင့် ဆေးဖော်စပ်ရာမှာ အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဆောင်းမြေပဲ ဈေးကွက်သို့ စတင်ဝင်ရောက်

ယခုတစ်ပတ်တွင် မြေပဲဆန် အသစ်များ ဈေးကွက်သို့ တစ်နေ့လျှင် အိတ် ၂၀၀ ခန့် စတင်ဝင်ရောက်နေတာ တွေ့ရပါတယ်။ မြေပဲအသစ်ကို ရွှေတောင်ဘက်မှာ စတင်ပေါ်နေပြီ ဖြစ်သဖြင့် မြေပဲဆန် အသစ်ဈေးမှာ အဟောင်းဈေးသစ်နှင့် နှိုင်းယှဉ် လျှင် ဈေးမြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆန်အသစ် (လုံးဆန်)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိသဖြင့် ဈေးပိုလာတာ ဖြစ်တယ်လို့ သိရပါတယ်။ မြေပဲ ဆီဆန် ဈေးကတော့ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆီဆန် ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၅၅၀ ၊ လုံးဆန် (အဟောင်း) ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှင့် လုံးဆန် (အသစ်) ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ်၁၀၀ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။

**ဝေဝေမင်း**

# စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးပွဲမှာ အများဆုံးမေးတတ်သော မေးခွန်းများနှင့် ဖြေဆိုပုံများ

| ခပ်လျှန်စွပ်မိုး |

စားသုံးသူပြည်သူတွေကို အကာအကွယ်ပေးရာမှာ အထိရောက်ဆုံးနည်းကတော့ အသိပညာပေး ဟောပြော ဆွေးနွေးတာဖြစ်တယ်လို့ အများက လက်ခံခဲ့ကြပါတယ်။ ဒီလိုဟောပြောတဲ့အခါမှာ ဟောပြောသူရဲ့အချိန်ပေးနိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ မိမိကိုယ်ကို ယုံကြည်မှုစတာတွေရဲ့ အခြေအနေများကြောင့် အပြန်အလှန် မေးခွန်းဆိုတာ ဖြစ်ပေါ်လာရပါတယ်။ တစ်ခါတလေ တကယ်သိချင်လို့မဟုတ်ဘဲ အပျော်သဘော မေးတာမျိုးလည်း ရှိတတ်ပါတယ်။ တစ်ခါတလေကြတော့လည်း မေးသူက သိသိကြီးနဲ့မေးတာလည်း ရှိတတ်ပါတယ်။ အများစုကတော့ တကယ် သိချင်လို့ မေးတာဖြစ်ပြီးတော့ အချို့ကျတော့လည်း လူအများသိစေချင်လို့ မေးခွန်းထုတ်တာမျိုးလည်း ရှိတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဟောပြောနေတဲ့အချိန်မှာ မေးခွန်းတွေအမေး ခံရပြီဆိုရင်တော့ ဖြေဆိုဖို့က ဟောပြောသူမှာ တာဝန်ရှိလာတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော် နေရာအတော်များများမှာ ကြုံခဲ့ရဖူးတဲ့ မေးခွန်းတွေကို စုစည်းပြီး ဟောပြောသူများ အထောက်အကူပြုစေဖို့ ဒီဆောင်းပါးလေးကို အပိုင်းများခွဲပြီး ရေးသားရတာ ဖြစ်ပါတယ်။

## ကွမ်းစားရင် ဘာဖြစ်တတ်သလဲ

ကွမ်းစားရင် ဘာဖြစ်တတ်သလဲဆိုတဲ့ မေးခွန်းဟာ လွယ်လွန်းလို့ မမေးတတ်ကြဘူးလို့ ထင်ရပေမယ့် အမေးခံရတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။ ၂၀၁၆ခုနှစ် ဇွန်လ(၂၃)ရက် လှိုင်ကော်မြို့ အ.ထ.က(၁) စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲမှာ ကျွန်တော်က မေးလိုတာ၊ ဆွေးနွေးလိုတာရှိရင် လွတ်လွတ်လပ်လပ် မေးနိုင်ကြောင်း ပြောခဲ့ရာ ကျောင်းသားတစ်ဦးက 'ဆရာ ကွမ်းစားရင် ဘာဖြစ်တတ်သလဲ' တဲ့။

နောက်တစ်လခန့်အကြာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်က လုပ်ဖော်ကိုင်ဖက်ဟောင်း ဦးတင်ငွေက အရေးတကြီး တယ်လီဖုန်း ဆက်လာပါတယ်။ 'ဆရာ ကွမ်းကိစ္စ အတိုဆုံးနဲ့ အမြန်ဆုံး ပြောပေးပါ၊ အခု ဟောပြောနေတုန်းပါဆရာ' တကယ့် အရေးပေါ်မေးခွန်း ဖြစ်နေတယ်။ ဟောပြောနေတုန်း သူ့ပရိသတ်ကို တောင်းပန်ပြီး ကျွန်တော့်ကို အရေးပေါ် အကူအညီ တောင်းခံလာတာပဲ ဖြစ်ပါတယ်။

ကွမ်းစားခြင်းကို ရှေးမြန်မာများ လက်ထက်ကတည်းက စားနေကြတယ်ဆိုတာ သမိုင်းအထောက်အထားအရ သိရှိနိုင်ပြီးတော့ ရှေးရှေးက စားတဲ့ကွမ်းများဟာ အဆိပ်အတောက်ကင်းတဲ့ ကွမ်းတွေ ဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာတော့ ကွမ်းသီးတွေ အရောင်လှဖို့ ဓာတုဆိုးဆေးတွေ သုံးလာပြီးတော့ ကွမ်းရွက်ကိုလည်း ကြာရှည်ခံထားနိုင်ဖို့ ဆေးတွေ ထပ်ထည့်တဲ့အတွက် စားမိတဲ့လူတွေမှာ ကင်ဆာကဲ့သို့သော နာတာရှည်ရောဂါကအစ ရောဂါပေါင်းစုံ ခံစားနေရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ကွမ်းနဲ့ ပတ်သက်တဲ့ မေးခွန်းများကို အောက်ပါအတိုင်း ဖြေကြားလေ့ရှိပါတယ်။

"ကွမ်းစားတယ်ဆိုတာ တစ်စုံတစ်ယောက်ကို အားကျလို့ စတင်စားမိရာကအစ ကွမ်းစားတဲ့ အလေ့အထ ရှိလာကြတာ ဖြစ်ပါတယ်။ ဒီအချက်က အရေးကြီးပါတယ်။ စတင်စားချိန်၊ အလေ့အထ မဖြစ်ခင် မစွဲအောင် တားဆီးနိုင်ရေးဟာ လွန်စွာအရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။ ဆရာတို့လာရောက် ဟောပြောတာကလည်း ဒီအချက်ကို ပြောချင်လို့ပဲဖြစ်ပါတယ်။

ကွမ်းစားရင်ဖြစ်တတ်တဲ့ ရောဂါတွေကို မြန်မာ့ရုပ်မြင်သံကြားကနေ အမြဲလိုလို ထုတ်လွှင့်




တတ်ပါတယ်။ အများက သတိမထားမိလို့ပါ။ ရုပ်သံက ထုတ်လွှင့်တာကို ကိုးကားပြီး ပြောမယ်ဆိုရင်- ကွမ်းစားခြင်းကြောင့် ဖြစ်တတ်တဲ့ ရောဂါတွေကတော့ အသည်းရောင်ခြင်း၊ အသည်းအမာရွတ်ထင်စေခြင်း၊ အသည်းကြွပ်ဆတ်ရောဂါရခြင်း၊ အသည်းကင်ဆာ၊ ဆီးလမ်းကြောင်းကျောက်တည်ခြင်း၊ အစာအိမ်အချဉ်ဓာတ်များစေခြင်း၊ အစာအိမ်အနာဖြစ်စေခြင်း စတာတွေဖြစ်တတ်တယ်လို့ ဆိုပါတယ်"

ဒါ့ကြောင့် ကွမ်းယာကို အပျော်စားပဲဖြစ်ဖြစ်၊ အလှစားပဲဖြစ်ဖြစ် မီတဲ့နေရာကနေဖြတ်ဖို့ အရေးကြီးလာပါတယ်။ စီးပွားရေး အရ ကြည့်ရင်လည်း စားတဲ့လူတစ်ဦးတစ်ယောက် အတွက်သာမက ဖြစ်နေတော့ မိသားစုကိုပါ ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် လုံးဝတွက်ချေမကိုက်တဲ့ ကွမ်းစားခြင်းကို ရှောင်ရှားသင့်ကြောင်း တိုက်တွန်းလိုပါတယ်။

## ဖော်မလင်ကို အစားအသောက်ထဲမှာ ပါ/မပါ အလွယ်ကူဆုံး ဘယ်လိုသိနိုင်ပါသလဲ

မကြာခဏ အမေးခံရတဲ့ မေးခွန်းဖြစ်ပါတယ်။ မုန့်ဟင်းခါးဖတ်ထဲမှာ ဖော်မလင်ဆေးထည့်တဲ့သတင်း၊ အသားရောင်းတဲ့ သူကလည်း အသားထဲမှာ မပုပ်သိုးအောင် ဖော်မလင်ကို ထိုးထည့်တဲ့သတင်းတွေ၊ အသီးအရွက်အချို့မှာလည်း ကြာရှည် အထားခံဖို့ ဖော်မလင်ထည့်တဲ့ သတင်းတွေကို အတော်ကြားနေရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့က လုပ်ဖော်ကိုင်ဖက်တစ်ဦးက ဖော်မလင်အကြောင်းကို ဂျာနယ်ထဲ ထည့်ရေးပေးဖို့ ပြောလာ တဲ့အခါမှာ ဒီအကြောင်းကို လေ့လာမိသလောက် ပြောဦးမှပဲ ဆိုပြီးတော့ ပြင်ဆင်လာခဲ့ပါတယ်။

ဖော်မလင်ဆိုတာ လူသေများ မပုပ်မသိုးအောင် အသုံးပြုထားတဲ့ဆေး ဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာတော့ အစား အသောက်တွေမှာ စီးပွားရေးသမားတွေက အတ္တဆန်စွာနဲ့ အသုံးပြုလာတာ တွေ့ရပါတယ်။ ဖော်မလင်ဟာ အချဉ်ဓာတ်ရှိတဲ့ အက်စစ် (HCHOf) ဖြစ်ပြီးတော့ စားမိရင်သေတဲ့ အထိ ဖြစ်နိုင်ပါတယ်။ များသောအားဖြင့် ကင်ဆာဆဲလ်ကို ဖြစ်ပေါ်စေတယ်လို့ ဆေးဝါးကျွမ်းကျင်သူတွေကဆိုပါတယ်။

ဖော်မလင်ကို Sodium Carbonate နဲ့ Titration လုပ်နိုင်မှ ဓာတ်ပြယ်မှာ ဖြစ်ပါတယ်။ မေးခွန်းတွေမှာ မေးထားတဲ့အတိုင်း အလွယ်ကူဆုံး ရှင်းထုတ်ဖို့နည်းနာကတော့ Bride Solution လို့ခေါ်တဲ့ ဆားဖျော်ရည်ပြင်းပြင်းနဲ့ ဆေးကြောမှ ရတယ်လို့ ဆိုပါတယ်။

အစားအသာက်တွေမှာ ဖော်မလင် ပါ/မပါ အလွယ်ကူဆုံး သိနိုင်တဲ့ နည်းလမ်းကတော့ Litmus dye ဆေးမှုန့်ထဲကို စက္ကူဖြူနှစ်ပြီး အဲဒီစက္ကူနဲ့ သံသယရှိတဲ့ အစားအသောက်ထဲနှစ်တာ ဒါမှမဟုတ် အုပ်တာတို့လုပ်ရင် အချိန်အနည်းငယ်အတွင်း ၎င်းစက္ကူဟာ အပြာရောင်ကနေ အနီရောင်ပြောင်းလာရင် သေချာပေါက် အဲ့ဒီအစားအစာထဲမှာ ဖော်မလင်ပါတယ်ဆိုတာ တပ်အပ် ပြောလို့ရမှာဖြစ်တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

အကောင်းဆုံးကတော့ သံသယဖြစ်တဲ့ စားသောက်ကုန်ပစ္စည်းကို ဓာတ်ခွဲခန်းပို့တာ အကောင်းဆုံးပါလို့ အကြံပြုလိုပါတယ်။

## အကြော်အလှော်များ အကြော်ခံဖို့နဲ့ အကြော်များ ကြွပ်ရွနေဖို့အတွက် ကော်စတွေ၊ ရေသန့်ဗူးစတွေ ရောနှောနေတာတွေ့ရင် ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လို အရေးယူလို့ရမှာလဲ

လမ်းဘေးအကြော်ဆိုင်တွေနဲ့ လက်ဖက်ရည်ဆိုင်တွေမှာ မုန့်တွေအကြော်မျိုးစုံတွေကို ဆီအကုန်အကျ သက်သာအောင် ဆီကိုထိန်းပေးတဲ့ ရေနံဓာတုပစ္စည်း တစ်မျိုးဖြစ်တဲ့ ရေသန့်ဗူးခွံ ညှပ်စတွေ၊ ကော်စတွေအသုံးပြုပြီး ဆီအိုးထဲ ထည့်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီကော်စတွေထဲမှာ ပါတဲ့ ဓာတ်က အဆီကိုစုပ်ယူပေးတဲ့အတွက် ဆီဟာ အငွေ့ပြန်မှု နည်းစေတာရယ်၊ ကြော်တဲ့မုန့်တွေမှာ ဆီပါမသွားအောင်ထိန်းတဲ့အတွက် ဆီကုန်သက်သာတယ်လို့ ပြောကြတာဖြစ်ပါတယ်။

တကယ်တမ်းကျတော့ ဒီလိုကြော်တာဟာ စားသုံးသူကို အန္တရာယ်နှစ်မျိုး ပေးပါတယ်။ ပထမ ကော်စမှာ ပါလာတဲ့ ဓာတု ဒီပစ္စည်းတွေဟာ မဆွေးမြေ့နိုင်၊ မပျက်စီးနိုင်တဲ့ ဓါတုပစ္စည်းရဲ့ အန္တရာယ်ဖြစ်ပါတယ်။ ဒီပစ္စည်းတွေဟာ မဆွေးမြေ့နိုင်၊ မပျက်စီးနိုင်တဲ့ ပစ္စည်းဖြစ်သည့်အတွက် အခဲဖြစ်ဖြစ်၊ အငွေ့ဖြစ်ဖြစ် ခန္ဓာကိုယ်အတွင်း ဝင်သွားရင် တစ်သက်တာ မပျက်စီးတော့တဲ့ အစိုင်အခဲ ဒါမှမဟုတ် ဆဲလ်များအနေနဲ့တည်ရှိပြီး စားသုံးသူကို နာတာရှည်ရောဂါ ဖြစ်ပွားစေတတ်ပါတယ်။

ဒုတိယအန္တရာယ်ကတော့ အထပ်ထပ်အခါခါ အသုံးပြုတဲ့ဆီ ဖြစ်ပါတယ်။ စားဆီဆိုတာ တကယ်တမ်းတော့ အက်စစ်တွေ ဖြစ်တယ်လို့ ဓာတုဗေဒပညာရှင်တွေက ဆိုပါတယ်။ တစ်ခါတလေ အကြော်ကြော်တဲ့သူတွေက ဆီကိုနှစ်မျိုးရောတတ်ပါတယ်။ ဥပမာ စားအုန်းဆီနှင့် မြေပဲဆီရောတာမျိုးပါ။ အမျိုးအစားမတူညီတဲ့ ဆီရောခြင်းဟာ မတူညီတဲ့ အက်စစ်ရောပါက ဓါတ်တိုးပြီး လူ့အတွက် အဆိပ်အတောက် ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဆီကိုတစ်ကြိမ်ထက်မက အသုံးပြုပါက ဓာတ်တိုးပြီးတော့ အဆိပ်အတောက်အနေနဲ့ လူကိုဒုက္ခပေးနိုင်တယ်လို့ ဆိုပါတယ်၊ ဒီလို ဆီမျိုးနဲ့ ကြော်ထားတဲ့ အကြော်စုံတွေ၊ မုန့်တွေကို မစားတာ အကောင်းဆုံးလို့ အကြံပြုတိုက်တွန်းလိုပါတယ်။ စားမိရင် အလွန်အန္တရာယ် များပါတယ်။ ကြိုတင်ကာကွယ်ဖို့ဆိုတာ မစားမိအောင် သတိထားခြင်းပါပဲ။ မသိခဲ့တုန်းက စားမိတဲ့ဟာတွေကို ဆေးကြောဖို့က နေ့စဉ် ဆန္ဒင်းမှုန့်ကို သံလွင်ဆီသန့်သန့်နဲ့ ရောပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းစားဖို့လိုတယ်လို့ ကျန်းမာရေးဆိုင်ရာ ပညာရှင်တွေပြောခဲ့တဲ့ အချက်ကို မှတ်သားခဲ့ဖူးတာကိုပဲ ထပ်ဆင့် အကြံပြုလိုပါတယ်။

အရေးယူတဲ့အပိုင်းကို အကြံပြုမယ်ဆိုရင်တော့ ဒီအန္တရာယ်ရှိတဲ့ စားဆီထဲစားလို့မရတဲ့ ပစ္စည်းရောပြီး ရောင်းချ ထုတ်လုပ်ခြင်းကို ၂၀၁၄ ခုနှစ်ထုတ် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရဆိုရင် ပုဒ်မ (၁၀) (စ) နဲ့ အရေးယူသင့်ပါတယ်။ အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကို ရောနှောရောင်းချခြင်းအရ အရေးယူလို့ ရနိုင်ပါတယ်။

တကယ်တမ်းကျတော့ လူကိုသေစေနိုင်တဲ့ လုပ်ဆောင်ချက်ဖြစ်တဲ့အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ (၂၇၂) နဲ့ (၂၇၃) တို့အရ အမှုဖွင့်ပြီး အရေးယူသင့်တဲ့ ပြစ်မှုတွေဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ တရားစွဲတာ၊ အရေးယူတာတို့တော့ မလုပ်နိုင်သေးပါဘူး။ မြန်မာ့နည်းမြန်မာ့ဟန်ပေါ့ဗျာ။ ရေရှည်မှာ ကြည့်နေလို့မရတဲ့အတွက် အလေးအနက်ထား လိုက်နာသင့် ပါတယ်ဆိုတဲ့အကြောင်း အကြံပြုတိုက်တွန်းနေရခြင်းဖြစ်ပါတယ်။

အချုပ်အားဖြင့် အကြံပြုတင်ပြရသော် ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများရဲ့ ကြိုးစားဆောင်ရွက်မှုကြောင့် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းအရာကို စားသုံးသူပြည်သူအများက အတော်အတန် သိရှိလာကြပြီဖြစ်ပါတယ်။ အဲဒီလို သိရှိလာတာနဲ့အမျှ အချို့သော စားသုံးသူပြည်သူများက ပိုမိုနက်ရှိုင်းစွာ သိရှိတဲ့မေးခွန်းတွေ မေးမြန်းလာကြပြီး ဖြစ်ပါတယ်။ အချို့မေးခွန်းများဟာ အခြားဝန်ကြီးဌာနနဲ့ဆိုင်တဲ့ မေးခွန်းတွေဖြစ်နေတတ်တာ တွေ့ရတတ်တာလည်း ရှိပါတယ်။ အချို့ကတော့ ကုန်သွယ်ရေးနဲ့ ဆိုင်တဲ့ကိစ္စတွေ၊ အချို့ကျတော့ အထွေထွေဗဟုသုတတွေ စုံလို့ပါပဲ မေးမြန်းတတ်တာ မြင်တွေ့ရပါတယ်။

ဒါကြောင့်မို့လည်း ဘယ်လိုမေးခွန်းတွေ မေးလာမေးလာ ငါနဲ့မဆိုင်ဆိုပြီးတော့ မဖြေဘဲထားခဲ့ရင် ဟောပြောတဲ့လူနဲ့ ဌာနရဲ့ ဂုဏ်သိက္ခာ အပိုင်းပါ ထိခိုက်လာနိုင်တာကြောင့် ကျွန်တော်ကြုံတွေ့ခဲ့သမျှ မေးခွန်းတွေကို ဟောပြောဆွေးနွေးသူတွေ အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး အကြံပြုရေးသားလိုက်ပါတယ်။

❑

# ပုသိမ်မြို့ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းအငှားအိမ်ရာ တိုက်ခန်းများ မဲနှိုက်ငှားရမ်းမည်



ပုသိမ်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးဦးစီးဌာနမှ အမှတ်(၁၄) ဥမ္မာဒန္တီရပ်ကွက်တွင် ဆောက်လုပ်ပြီးစီးသည့် အငှားအိမ်ရာတိုက်ခန်းများကို လျှောက်ထားတဲ့ နိုင်ငံ့ဝန်ထမ်း ၂၅၈ ဦး၊ အငြိမ်းစား ၇၄ ဦး၊ ကုမ္ပဏီဝန်ထမ်း ၂၆ ဦးနဲ့ ဝင်ငွေနည်းပြည်သူ လျှောက်ထားသူ ၁၄၈ ဦးရှိကြောင်း၊ လောလောဆယ်အခန်း ၉၁ ခန်းကို ငှားရမ်းပေးရန် ကိုးသိန်းမိုးလုံလေလုံ အားကစားခန်းမတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နံနက် ၉ နာရီတွင် လျှောက်ထားသူကိုယ်တိုင်လာရောက် မဲနှိုက်ရမှာဖြစ်ပြီး လာရောက်ခြင်းမရှိပါက ပယ်မဲအဖြစ် သတ်မှတ်သွားမှာဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပေါ်တွင်နေရာအခက်အခဲရှိသူ ဝန်ထမ်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသော ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနဲ့ ဝင်ငွေနည်းပြည်သူများ၊ နေထိုင်မှုအဆင်ပြေစေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်ရန် ပထမအကြိမ် ငှားရမ်းပေးခြင်းဖြစ်ပြီး ဆက်လက်၍လည်း ထပ်မံငှားရမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# တိုယိုတာမင်္ဂလာက ကားမော်ဒယ်လ်သစ်များအတွက် ပရိုမိုးရှင်းပွဲ ကျင်းပ

မြန်မာနိုင်ငံအတွက် တိုယိုတာ ကားများအား တင်သွင်းရောင်းချခွင့်ရထားသည့် Dealer ကုမ္ပဏီတစ်ခု ဖြစ်သည့် တိုယိုတာမင်္ဂလာက ကားမော်ဒယ်လ်သစ်များအတွက် ပရိုမိုးရှင်းပွဲကို နိုဝင်ဘာလ ၂၀ ရက်တွင် မြန်မာ ပလာဇာရှိ ပရိုမိုးရှင်းဧရိယာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပရိုမိုးရှင်းပွဲတွင် တိုယိုတာကားမော်ဒယ်လ်သစ်များဖြစ်သည့် REVO Double Club, REVO Extra Cab နှင့် VIOS တို့ကို ပြသခဲ့ကြပြီး မြန်မာလာဇာသို့ ဈေးလာရောက် ဝယ်ယူသူပရိသတ်များ၊ motors.com.mm ကဲ့သို့သော အွန်လိုင်းကားဈေးကွက်မှ တာဝန်ရှိသူများ တက်ရောက်လေ့လာခဲ့ကြသည်။

တိုယိုတာမင်္ဂလာကုမ္ပဏီသည် ပြပွဲသို့ လာရောက်လေ့လာသူများအား မော်ဒယ်လ်အမျိုးအစားအလိုက် ကားများအကြောင်းကို ရှင်းလင်းပြသပေးခဲ့သည်။ ထို့ပြင် အလုံလမ်းရှိ တိုယိုတာမင်္ဂလာဆားဗစ်စင်တာအား မိတ်ဆက်ပေးကာ ကျပ်တစ်သောင်းတန် ဆားဗစ် ကူပွန်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

၎င်းအပြင် အထူးဝန်ဆောင်မှုတစ်ခုအဖြစ် တိုယိုတာမင်္ဂလာမှ ဝယ်ယူထားသောမော်ဒယ်လ်ဖြစ်စေ၊ အခြားမှ ဝယ်ယူထားသော မော်ဒယ်လ်ဖြစ်စေ၊ မည်သည့်တိုယိုတာ ကားအမျိုးအစားကိုမဆို ဆားဗစ်စင်တာတွင် အခမဲ့ စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိပြီး ယင်းအခမဲ့စစ်ဆေးမှုများတွင် အင်ဂျင်ဝိုင်လုံ လောက်မှုရှိ၊ မရှိ၊ ယိုစိမ့်မှုရှိ၊ မရှိ အစရှိသော ဆားဗစ်ပေါင်း ဆယ်မျိုးအထိ ပါဝင်သည်။ အခမဲ့စစ်ဆေးမှုမှ တွေ့ရှိလာရသည့် ချို့ယွင်းချက်များအတွက် ပြင်ဆင်စရိတ်ကို တွက်ချက်ပေးပြီး ကားပိုင်ရှင်မှဆန္ဒရှိပါက ယင်းဆားဗစ်စင်တာတွင် ပြုပြင်နိုင်ကြောင်း သိရသည်။

အဆိုပါ ပရိုမိုးရှင်းပွဲများကို လစဉ်လတိုင်း ကျင်းပသွားမည်ကြောင်း တိုယိုတာမင်္ဂလာမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၅၀ စ/ပေ | အခန်းဖွဲ့ ပြင်ဆင် (၅) လွှာ | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | အခန်းဖွဲ့ ပြင်ဆင် | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀×၄၀) ပေ | (ပ)ထပ်၊ ပြင်ဆင်ပြီး | ၁၄ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အိမ်/မြေ | သင်္ကန်းကျွန်း၊ သုမင်္ဂလာလမ်းသွယ် | (၄၀×၆၀) ပေ | RC (2) ထပ် | ၄၅၀၀ သိန်း | လမ်းသန့် | ၀၉/၉၇၆၂၁၁၂၃ |
| ၅။ | အိမ်/မြေ | သန်လျင်မြို့နယ်၊ ထမလုံ | (၄၀×၆၀) ပေ | အိမ်ငယ်တစ်လုံးပါ | ၁၅၀သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မြေ | ရွှေပြည်သာမြို့နယ်၊ အမှတ်(၄) လမ်းမကြီးအနီး | (၂၄၀×၈၀) ပေ | မြေသီးသန့် | ညှိနှိုင်းဈေး | လမ်းမထောင့်ကွက် ဂရန်ပေါက်မြေ | ၀၉/၅၁၁၇၂၆၂ |
| ၇။ | မြေ | လှည်းကူး၊ ရန်ကုန်-ပဲခူးလမ်းဟောင်း | ၁၀၀၀၀ စ/ပေနီးပါး | မြေသီးသန့် | ၉၅၀၀ သိန်း | ဂရန်ပေါက်မြေ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ရကက(၁) မြို့ပတ်လမ်းအနီး | (၆၀×၈၀) ပေ | မြေသီးသန့် | ၃၀၀၀ သိန်း | ဂရန်ပေါက်မြေ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၉။ | မြေ | ပုဂံမြို့ အနော်ရထာရပ်ကွက်(မြို့သစ်) | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ညောင်ဦး-ချောက် ကားလမ်းဘေး | ၀၉/၄၅၂၁၉၄၄၃၉ |

# ရန်ကုန်မြို့အိမ်ခြံမြေဈေးကွက်တွင် အရောင်းထက် အငှားဈေးကွက် ပိုမိုမြင့်တက်လာ



ရန်ကုန်မြို့၏အိမ်ခြံမြေဈေးကွက်တွင် အရောင်းထက် အငှားဈေးကွက် ပိုမိုမြင့်တက်လာကြောင်း House.com.mm ၏စစ်တမ်းကောက်ယူမှုများအရ သိရသည်။

သီတင်းကျွတ်ကာလနောက်ပိုင်းတွင် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ခတ်လာခဲ့သော်လည်း အငှားဈေးကွက်တွင်သာ ပိုမိုလှုပ်ရှားလာခဲ့ခြင်းဖြစ်ပြီး မြို့တွင်းပိုင်းထက် မြို့ပြင်ပိုင်းတွင် အခန်းအငှားရှာဖွေမှုများ ပိုမိုမြင့်တက်လာခဲ့ကြောင်း၊ ရန်ကုန်မြို့တွင် အိမ်ရာရှာဖွေသူများ၏ ၆၁ ရာခိုင်နှုန်းခန့်သည် ငှားရမ်းရန် ရှာဖွေကြခြင်းဖြစ်ပြီး ၃၁ ရာခိုင်နှုန်းခန့်မှာ ဝယ်ယူရန်အတွက် ရှာဖွေကြခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင်းရှိ အိမ်ခြံမြေစာရင်းများအား ရှာဖွေမှုသည် ၅ ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်း House. com.mm ၏ Onsite data များအရ သိရသည်။

ရန်ကုန်မြို့တွင်းရှိ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ စမ်းချောင်း၊ တာမွေ၊ မရမ်းကုန်း၊ သန်လျင်၊ ဗဟန်း၊ လှိုင်၊ သယ်န်းကျွန်းနှင့် ရန်ကင်းစသည်တို့မှာ အငှားအိမ်ရာရှာဖွေမှုထိပ်ဆုံး ၁၀ နေရာတွင် ရပ်တည်နေသောမြို့နယ်များဖြစ်ပြီး ဝင်ရောက်ကြည့်ရှုရှာဖွေသူအများဆုံးသောမြို့နယ်များမှာ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် စမ်းချောင်းမြို့နယ်တို့ဖြစ်ကြောင်း House.com.mm မှ သိရသည်။

"ကျွန်တော်တို့ House.com.mm အနေနဲ့ သုံးစွဲသူတွေရဲ့ရွေးချယ်မှု ကြိုက်နှစ်သက်မှုစတဲ့ သတင်းအချက်အလက်တွေကို သိရှိနိုင်ပါတယ်။ လတ်တလော ရှာဖွေမှုများရဲ့သုံးပုံနှစ်ပုံလောက် ဟာ တောင်ဥက္ကလာ၊ မြောက်ဒဂုံနဲ့ စမ်းချောင်းမြို့နယ်တွေလို ရန်ကုန်မြို့ရဲ့ မြို့တွင်းနဲ့ မနီးမဝေးနေရာတွေက မြို့နယ်တွေကို ပိုမိုရှာဖွေလာတာတွေ့ရပါတယ်။ ဖြစ်နိုင်ခြေကတော့ Downtown မှာရှိတဲ့ အိမ်ရာခန်းများဟာ များသောအားဖြင့် စီးပွားရေးလုပ်ငန်းသုံးများ ဖြစ်တာကြောင့် ဈေးနှုန်းမြင့်မားနေခြင်းနဲ့ ယာဉ်ကြောကျပ်တည်းခြင်းများကြောင့် နေထိုင်ရန် သီးသန့်အိမ်ရာရှာဖွေသူများဟာ ရန်ကုန်မြို့တွင်းရဲ့ ဧရိယာ အပြင်ဘက်မှာရှိတဲ့ မြို့နယ်တွေမှာသာ ပိုမိုရှာဖွေလာကြတာဖြစ်ပါတယ်"ဟု House.com.mm မှ Cofounder နှင့် အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr. Nitesh Khirwal က ပြောကြားခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၃) | 5G | ၂၉၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | ပရာဒို (၉၈) | 7G | ၂၈၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | မတ်(ခ်)တူး (၂၀၀၁) | J | ၁၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၄။ | စီအာဗီ (၂၀၁၂) | ယာယီ | ၆၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၂၀ သိန်း | 3.0 ဓာတ်ဆီ |
| ၆။ | တိုယိုတာ/ဗင်းဂတ် (၂၀၀၆) | ယာယီ | ၄၅၀ သိန်း | 3.0 ဓာတ်ဆီ |
| ၇။ | အာလ်ဖတ် (၂၀၀၆) | ယာယီ | ၄၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ဝှရှ် (၂၀၁၂) | ယာယီ | ၂၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၁၀၀ သိန်း | ကားကောင်း |

## ရှမ်းပြည်နယ်၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ဈေးကွက်သစ်များကိုတိုးချဲ့နိုင်ရေးအတွက် ဆွေးနွေး



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန ရုံးခန်းမတွင် ပြည်နယ်သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်က အစုအဖွဲ့များ ခိုင်မာတောင့်တင်းရေး၊ ဈေးကွက်သစ်များ တိုးချဲ့နိုင်ရေး နဲ့ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား တိုးမြှင့် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ ဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနဲ့ ဝန်ထမ်းများ၊ ပြည်နယ် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း ဥက္ကဋ္ဌနဲ့ အမှုဆောင်များ၊ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး၊ ညောင်ရွှေ၊ ကလောမြို့နယ်များမှ သစ်သီးဝလံ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ အစုအဖွဲ့များ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေက ရှမ်းပြည်နယ်အတွင်းရှိ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ် လုပ် တင်ပို့ရောင်းချသူများ စုံစုံညီညီ ဆွေးနွေးနိုင်ခြင်းဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်သော အသီးအနှံများ ပိုမိုဖြစ်ထွန်းအောင်မြင်လာပြီး ရောင်းဝယ်နိုင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ သီးနှံအစုအဖွဲ့များ စည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ အားကောင်းတဲ့အသင်း ဖြစ်နေပါက နိုင်ငံတကာနဲ့ ဆက်ဆံရောင်းဝယ်နိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာ လျှင်လည်း ယခုအသင်းနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်ပြီး အကျိုးအမြတ်များ ပိုမိုခံစားနိုင်မှာဖြစ်ကြောင်း ပြောကြားပါတယ်။

ရှမ်းပြည်နယ်၊ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးခင်အောင်က မြို့နယ်အလိုက် စိတ်ပါဝင်စားသူ၊ တက်ကြွသူများဖြင့် အစုအဖွဲ့များကို ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ အခြေခံ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများမှ ဗဟိုအလုပ်အမှုဆောင်နဲ့ အမှုဆောင်များကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အသင်းရန်ပုံငွေဖြင့် အသေးစားချေးငွေ လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့တည်ရှိနေ၍သာ ပြည်တွင်းပြည်ပမှ လာရောက် ချိတ်ဆက်နေကြခြင်းဖြစ်ပါကြောင်းပြောကြားခဲ့ပြီး အသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တက်ရောက်လာသူ မြို့နယ်အလိုက် ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

**စောမောင်(တောင်ကြီး)**

## ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Pun နယ်သာလန် ပညာရှင်များအဖွဲ့က ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလေ့လာ

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါး၊ နွေစပါးများအား အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးအရည်အသွေး မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် Pun နယ်သာလန် ဆန်စက်ကျွမ်းကျင်ပညာရှင်များသည် ပုသိမ်မြို့ပေါ်တွင် လက်ရှိကြိတ်ခွဲလျက်ရှိသည့် ဆန်စက် ၁၀စက်၌ စက်အမျိုးအစားများ ၂၄ နာရီ ကြိတ်ခွဲနိုင်မှု တန်ချိန်ထွက်ရှိသည့် ဆန်အရည်အသွေး၊ ဆန်ကွဲ၊ ဖွဲနုထွက်ကုန်များနှင့် ဆန်စပါးခွံများအား ပြန်လည်အသုံးပြုမှု၊ ဆန်စပါးသိုလှောင်မှုစနစ်နှင့် သန့်ရှင်းရေးဆောင်ရွက်မှုတို့၏ အားသာချက်၊ အားနည်းချက်များကို နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်း လေ့လာမေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းလေ့လာမှုအား ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သိရသည်။

ဆန်ကြိတ်ခွဲထုတ်လုပ်ရာတွင် စပါးသိုလှောင်မှုစနစ်မှာ အရေးကြီးကြောင်း၊ စပါးများကို ဆိုင်လိုစနစ်ဖြင့် သိုလှောင်ရာတွင် အလေအလွင့်နည်းပါး၍ အရည်အသွေး မကျဆင်းအောင် ထိန်းသိမ်းနိုင်ပြီး ဆန်ကွဲ၊ ဖွဲနုကို တန်ဖိုး မြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး၊ ဆန်စက်အရည်အသွေး များ တိုးမြှင့်ရေး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါး လောကဖွံ့ဖြိုး တိုးတက်စေမည့် အလားအလာကောင်းများရှိ၍ ရေရှည်စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ကူညီညှိနှိုင်းပေါင်းစပ်ပေးမည်ဖြစ်ကြောင်း Pun နယ်သာလန် ပညာရှင်များအဖွဲ့ က ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအဖွဲ့သည် နယ်သာလန်နိုင်ငံတွင် လက် ရှိကြိတ်ခွဲထုတ်လုပ်လျက်ရှိသော ဆန်စက်နှင့် ဆန်စပါး သိုလှောင်မှုစနစ်များကို တက်ရောက်လာကြသည့် ဆန်စက်လုပ်ငန်းရှင်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

**ထွန်းထွန်း(ဧရာဝတီ)**

## ပုသိမ်မြို့တွင် အိမ်တွင်းသက်မွေးမှုသင်တန်း အပတ်စဉ် (၇/၂၀၁၆) ဆင်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းသက်မွေးမှု သင်တန်း (အပ်ချုပ်သင်တန်း) အပတ်စဉ် (၇/၂၀၁၆) သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း၊ ဦးစီးအရာရှိ ဒေါ်ခင်မို့မို့၊ သင်တန်းဆရာ၊ ဆရာမနှင့် သင်တန်းဆင်းကျောင်းသူ ၁၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

သင်တန်းဆင်းပွဲတွင် တိုင်းညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက သင်တန်းမှပို့ချပေးတဲ့ အိမ်တွင်းသက်မွေးပညာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်၍ ကိုယ်ပိုင်ဝင်ငွေရရှိပြီး တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေ ရှာဖွေပေးနိုင်မှာဖြစ်တဲ့အပြင် ဘဝရပ်တည်နိုင်ရေးအတွက်ပါ ရည်ရွယ်လျက် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍လည်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက (အခြေခံ/အဆင့်မြင့်) ကျားရှပ်၊ မိန်းမဝတ် (လက်မ)၊ ဘော်လီ/ဘရာစီယာ၊ ဇာထိုး/ပန်းထိုး၊ မိန်းမဝတ်(စင်တီမီတာ)၊ တိုက်ပုံ၊ မုန့်မျိုးစုံ၊ မြန်မာ့အစားအစာ၊ သီးယိုဆီစိမ်အပြင် စက်ကြီး၊ ပန်းထိုးသင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ စတိုင်ဘောင်းဘီသင်တန်းများကိုပါ သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကြေးမှာ (၄၀၀၀/ ၁၀၀၀၀/ ၁၅၀၀၀/ ၂၀၀၀၀) ကျပ်နှုန်းနဲ့ သင်တန်းကာလမှာ တစ်လခွဲ ကြာမြင့်မည်ဖြစ်ပြီး စာတွေ့၊ လက်တွေ့သင်ကြားပေးမှာ ဖြစ်ကြောင်း ရုံးဖွင့်ရက် မအားလပ်သောသူများကိုလည်း စနေ၊ တနင်္ဂနွေနေ့များတွင် မိန်းမဝတ်(အထူး)၊ ကျားရှပ်(အထူး) သင်တန်းများကို နှစ်လကြာဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရိုးရာမုန့်လုပ်နည်းများ၊ အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ အိမ်တွင်းသက်မွေးပညာများ စနစ်တကျတတ်မြောက်၍ မိသားစုဝင်ငွေရရှိပြီး ဘဝအတွက် စီးပွားဖြစ် လုပ်ကိုင်နိုင်သည့် အကျိုးကျေးဇူးများလည်း ရရှိမှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

အဆိုပါသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီမှစ၍ ယခုအချိန်အထိ အပတ်စဉ် (၇/၁၆) အထိ ဖွင့်လှစ်ပေးနိုင်ပြီး (၈/၂၀၁၆) အပတ်စဉ် သင်တန်းကို နိုဝင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်ပေးသွားမှာ ဖြစ်ကြောင်း ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၅-၁၂-၂၀၁၆ မှ ၁၁-၁၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ကြိုးစားမှုနှင့်ညီမျှသောအောင်မြင်မှုကို ရရှိလိမ့်မည်။ လုပ်ငန်းအတွက်ထပ်ဆင့်တိုးပွားစေမည့် အကြံအစည်များ ရှိနေတတ်သည်။ ပညာရေးတွင် စာကြိုးစားရန်လိုသည်။ ကျန်းမာရေးအနေဖြင့် နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အချိန်မပေးနိုင်သောကြောင့် မေတ္တာရေးလမ်းဝေးသွားတတ်ပါသည်။ **ယတြာ။ ။သန့်စင်သော အဖြူရောင်ပစ္စည်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်ကိစ္စများကို စိတ်သိပ်မပါဘဲလုပ်နေတတ်သည်။ ငွေကုန်များမည်။ အပြောင်းအရွှေ့ပြုလုပ်ရတတ်သည်။ မြေထွက်သီးနှံများ၊ စားသောက်ကုန် ပစ္စည်းများနှင့် အကျိုးပေးပါသည်။ ပညာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုအားနည်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်သဘောထားချင်း ညှိနှိုင်းမရရှိနေတတ်သည်။ **ယတြာ။ ။သတ္တုငွေရောင်ပစ္စည်းဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** စားသောက်ကုန်၊လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း၊ ဖိမ်ခံပစ္စည်းတို့ကိုလည်း လုပ်ကိုင်ဆောင်ရွက်ပါက စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေးတွင် ရည်မှန်းချက်များ အကောင်အထည်ပေါ် ပေါက်ပြီး အောင်မြင်မှုများရရှိမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဦးနှောက်အမြှေးရောင်ခြင်း၊ ခြေလက်ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေနေမည်ဖြစ်သည်။

**ယတြာ။ ။ကြေးသပိတ်နှင့်ဆွမ်းကပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အကျိုးပေးကံကောင်းမှုရှိလာနိုင်ပါသည်။ ကျောက်မျက်ရတနာလုပ်ငန်း အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် တာဝန်နှစ်မျိုးနှင့် ပင်ပန်းနေရတတ်သည်။ ပညာရေးတွင် ရည်ရွယ်ချက်မခိုင်မာတတ်ပါ။ ကျန်းမာရေးအနေဖြင့် ဇက်ကြောတက်၊ ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာခံစားရမှုရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သံယောဇဉ်အချစ်ကြီးမားနေတတ်သည်။ မိသားစုအရေးကြိုးစားရလိမ့်မည်။

**ယတြာ။ ။အစိမ်းရောင်ပစ္စည်းဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် အောင်မြင်ကျော်စောမှုရှိနေမည်။ အထူးသဖြင့် ပညာရေးသင်ကြားမှုနှင့်ပတ်သက်သောလုပ်ငန်း ပိုမိုအောင်မြင်လိမ့်မည်။ ကျန်းမာရေးတွင် အစားအသောက်မဆင်ခြင်ဘဲ စားသောက်မိ၍ ရောဂါ ရတတ်ပါသည်။ အစာအဆိပ်သင့်ဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးတွင် ချစ်သူအပေါ် အနိုင်ယူလွှမ်းမိုးတတ်သောကြောင့် တစ်ခါတစ်ရံစကားများရန် ဖြစ်တတ်သည်။ **ယတြာ။ ။ရွှေပစ္စည်းတစ်ခုခုဆောင်ထားပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးနှင့်ငွေကြေးကုသိုလ်ကံတို့မှ မထင်မှတ်ဘဲကံကောင်းတတ်ပြီး၊ မထင်မှတ်ဘဲ ကံဆိုးတတ်ပါသည်။ ပိုးထည်၊ ချည်ထည်လုပ်ငန်းများနှင့် အိမ်အလှဆင်အသုံးအဆောင်ပစ္စည်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဂုဏ်ယူစရာအောင်မြင်ပါလိမ့်မည်။ ကျန်းမာရေးအနေဖြင့် လေးဘက်နာရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းမြေ့မှုများရရှိနေမည်ဖြစ်ပါသည်။

**ယတြာ။ ။တိရစ္ဆာန်လေးများကို အစာကျွေးလိုက်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ဆောင်ရာတွင် အဆင်ပြေသလို ဖြေရှင်း၍လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ အများနှင့် ဆက်နွှယ်၍ လုပ်ကိုင်ရသောလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့မှ ဝင်ငွေရရှိလာတတ်ပါသည်။ ပညာရေးကိုကြိုးပမ်းရန်အခက်အခဲရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ရင်၊ အစာအိမ်၊ လေနာရောဂါ၊ ကျောက်ကပ်စသည်တို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာရှိနေတတ်ပါသည်။

**ယတြာ။ ။မိမိမွေးနေ့တွင် ရေသတ္တဝါလွှတ်ခြင်းဖြင့် ကုသိုလ်ယူပါ။**

# လှည်းကူး(CTQM)တွင် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၆)ကို ဖွင့်လှစ်




လှည်းကူးမြို့ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (CTQM) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာပေးရေးဌာနခွဲ၏ အရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း အမှတ်စဉ်(၂/၂၀၁၆)ကို နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းဖွင့်ပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးမြင့်လွင်၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဌာနတာဝန်ရှိသူများ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး၊ စုစုပေါင်း ၄၅ဦးခန့် တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်၊ လက်ရှိ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စားသုံးသူရေးရာ ဦးစီးဌာန ဥပဒေပါ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူ သင်တန်းသားများအနေဖြင့် ပို့ချသည့်ဘာသာရပ်များ လုပ်ငန်းအထောက်အကူ ဖြစ်စေမည်ဖြစ်၍ ဂရုတစိုက် မှတ်သားလေ့လာကြရန် လမ်းညွှန်မှာကြားပါသည်။ သင်တန်းတွင် (CTQM) ဌာနမှ ဆရာ၊ ဆရာမများက စားသုံးဆီ၊ မှိုဆိပ်၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပိုးသတ်ဆေးကြွင်းနှင့် အရည်အသွေး စီမံခန့်ခွဲမှု ဘာသာရပ်များ၊ အခြားဌာနများဖြစ်သည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ဆရာ၊ ဆရာမများမှ စံချိန်၊ စံညွှန်း၊ အမျိုးသား အရည်အသွေးဆိုင်ရာ ဘာသာရပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဘာသာရပ်များနှင့် UMFCCI မှ ပဲနှမ်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံတို့၏ အရည်အသွေး ထိန်းသိမ်းမှုနှင့် ပတ်သက်သည့် ဘာသာရပ်များကို သင်ကြား ပို့ချပေးခဲ့ ကြောင်း သိရှိရပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှစိုး (CTQM လှည်းကူး)**

# မြောင်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်တာဝန်ခံများသည် နိုဝင်ဘာလအတွင်း မြောင်မြို့နယ်ရှိ ဝေဘင်ကြီးအမှတ်(၂)မူလတန်းကျောင်း၊ ရွှေဘုံသာ မူလတန်း (လွန်) ကျောင်း၊ ရွှေဘုံသာ မူလတန်းကျောင်း၊ ဆင်မင်းရွာ မူလတန်းကျောင်း၊ ဆယ်ရွာ မူလွန်ကျောင်းနှင့် ကိုးပင် မူလတန်း ကျောင်းတို့တွင်လည်းကောင်း၊ မြောင်မြို့ မြို့မ စည်ပင်ဈေး စစ်ဆေးခြင်းနဲ့ ဆီစက်လုပ်ငန်းရှင်များနဲ့ တွေ့ဆုံ ပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်း သူ၊ ဈေးသည်၊ လေ့လာသူ၊ ဌာနဆိုင်ရာများ၊ ဆီစက်လုပ်ငန်း ရှင်များ စုစုပေါင်း ၅၈၁ဦး တက်ရောက်ခဲ့ကြပါတယ်။

ဟောပြောပွဲတွင် မြောင်မြို့နယ် တာဝန်ခံ ဒေါ်ခင်ချိုမြင့်က အန္တရာယ်ရှိစားသောက်ကုန်များတွင် ပါဝင်သည့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ လည်းကောင်း၊ စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲရာတွင် လိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များကို အကျယ်တဝင့် ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ချိုမြင့် (မြောင်)**

➢ စာမျက်နှာ ၆ မြန်မာနိုင်ငံ စားသုံးသူအကာ မှအဆက်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ Royal Sittwe Hotel တွင် 'စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး စံပြလုပ်ငန်းလုပ်ထုံး လုပ်နည်းလက်စွဲစာအုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ' ကို လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲများမှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းများနှင့် စားသုံးသူပညာပေးရေးဆိုင်ရာ နိုင်ငံတကာ အကောင်းဆုံးအလေ့အထ၊ အတွေ့အကြုံ၊ ဗဟုသုတများကို လေ့လာခွင့်ရရှိခဲ့ပြီး ပြည်တွင်းရှိ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် အသိအမြင်၊ ဗဟုသုတများကို နှစ်ဦးနှစ်ဖက် ဆွေးနွေး ဖလှယ်နိုင်သည့်အတွက် အခွင့်အလမ်းများကို ရရှိခဲ့ကာ မိမိ နိုင်ငံ၏ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

ထို့အပြင် EU-GIZ အဖွဲ့အစည်းနှင့်ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အရင်းအမြစ်တည်ဆောက်ခြင်း လုပ်ငန်းများဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းများကို မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအတွက် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ အမျိုးသားစားသုံးသူကာကွယ်ရေး မဟာဗျူဟာရေးဆွဲခြင်း၊ ပြည်ပနိုင်ငံများသို့ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လေ့လာရေးခရီးသွားရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်နိုင်ပြီး အရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေပါသည်။ အာဆီယံဒေသအတွင်း ခိုင်မာသော စားသုံးသူအကာအကွယ်ပေးရေး ယန္တရားတည်ဆောက်နိုင်ရန်မှာ အာဆီယံနိုင်ငံများအားလုံးရှိ စားသုံးသူပြည်သူအားလုံးတွင် တာဝန်ရှိပြီး အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ အပါအဝင်ဒေသတွင်း အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။



## မြို့ကြီးများ၏ ၅-၁၂-၂၀၁၆ မှ ၉-၁၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၁၂-၂၀၁၆) | အင်္ဂါ(၆-၁၂-၂၀၁၆) | ဗုဒ္ဓဟူး(၇-၁၂-၂၀၁၆) | ကြာသပတေး(၈-၁၂-၂၀၁၆) | သောကြာ(၉-၁၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်ထူထပ် ၃၁°C/၈၇°F | တိမ်ထူထပ် ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်ထူထပ် ၃၁°C/၈၈°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F | ၄၀% ၂၄°C/၇၆°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်ထူထပ် ၂၅°C/၇၇°F | ၃၀% ၂၆°C/၇၈°F | ၃၀% ၂၆°C/၇၈°F | ၄၀% ၂၅°C/၇၇°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၂၆°C/၇၉°F | ၆၀% ၂၄°C/၇၆°F | ၄၀% ၂၄°C/၇၆°F | ၅၀% ၂၄°C/၇၅°F | ၆၀% ၂၄°C/၇၅°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၄°C/၇၅°F | ၄၀% ၂၃°C/၇၃°F | ၃၀% ၂၃°C/၇၃°F | ၄၀% ၂၂°C/၇၂°F | ၆၀% ၂၁°C/၇၀°F |
| မော်လမြိုင် | တိမ်ထူထပ် ၃၃°C/၉၁°F | တိမ်ထူထပ် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| ဘားအံ | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၇°F | ၃၀% ၂၉°C/၈၅°F | ၃၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| မုံရွာ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | ၃၀% ၂၇°C/၈၁°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F | ၅၀% ၂၉°C/၈၅°F |
| မြိတ် | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၇°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | ၄၀% ၂၉°C/၈၄°F |
| မကွေး | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်ထူထပ် ၂၉°C/၈၅°F | ၅၀% ၂၈°C/၈၃°F |
| ဖလမ်း | နေသာ ၂၀°C/၆၈°F | နေသာ ၂၁°C/၆၉°F | တိမ်အသင့်အတင့် ၂၁°C/၆၉°F | တိမ်ထူထပ် ၂၀°C/၆၈°F | ၃၀% ၁၉°C/၆၆°F |

# အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် လာမည့်ရက်သတ္တပတ်အတွင်း အပူပိုင်းမုန်တိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် လာမည့် ရက်သတ္တပတ်အတွင်း အပူပိုင်း မုန်တိုင်းတိုက်ခတ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရ နိုင်ကြောင်း AccuWeather ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ် ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် အပူပိုင်းမုန်တိုင်းအဖြစ် အားကောင်းလာကာ အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ကမ်းခြေဒေသများသို့ လာမည့်ရက်သတ္တပတ်အတွင်း ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကို နာဒါဟု အမည်ပေးထားသည်ဟု ဆိုသည်။

ဆိုင်ကလုန်းမုန်တိုင်းနာဒါသည် ပိုမိုအားကောင်းလာဖွယ်ရှိပြီး အိန္ဒိယ နိုင်ငံအရှေ့ပိုင်းရှိမြို့များဖြစ်သည့် ချနိုင်း၊ ဗီဆာကာပတ္တာနမ်မြို့များသို့ ဝင် ရောက်တိုက်ခတ်မည်ဟု ဆိုသည်။

မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကိုလည်း ရင်ဆိုင်ရနိုင် ပေရာ ရေကြီးခြင်း၊ မြေပြိုခြင်းများနှင့်လည်း ကြုံတွေ့ရနိုင်ကြောင်း Accu Weather ၏ဖော်ပြချက်များအရ သိရ သည်။

“လေထုဖိအားအနည်းအများကို လိုက်ပြီး မုန်တိုင်းရဲ့ လမ်းကြောင်းပြောင်း သွားနိုင်ပါတယ်။ ပြင်းထန်တဲ့ လေတိုက်နှုန်းနဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုတွေကြောင့် ပင်လယ်ရေမျက်နှာပြင်တွေ မြင့်တက်လာနိုင်ပါတယ်။ မုန်တိုင်းဟာ တဖြည်းဖြည်း အားကောင်းလာနိုင်တာကြောင့် မုန်တိုင်းနဲ့ ပတ်သက်တဲ့သတိ ပေးချက်တွေ ထုတ်ပြန်ထားသင့်ပါတယ်”ဟု AccuWeather မှ မိုးလေဝသပညာရှင် အဒမ်ဒိုတီက ပြောကြားခဲ့သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းနာဒါသည် အိန္ဒိယနိုင်ငံတွင်းသို့ နှစ်နှစ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းများအနက် အကြီး ဆုံးဖြစ်လာနိုင်ကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့သည်။

ချနိုင်းမြို့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်းက မိုးရွာသွန်းမှုစံချိန်မှာ ၄၀ ဒသမ ၃၁ လက်မ ရှိခဲ့ပြီး ယခုနှစ်နိုဝင်ဘာလအတွင်း ရွာ သွန်းခဲ့သည့်မိုးရေချိန်မှာ ၄၀ ဒသမ ၆၁ လက်မ ရှိခဲ့သည်။

# မြို့တော်ဒေလီတွင် နှင်းများ ထူထပ်စွာကျရောက်



အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဒေလီမြို့တွင် နှင်းများ ထူထပ်စွာကျ ရောက်လျက်ရှိကြောင်း Times of India သတင်းတွင် ဖော်ပြထားသည်။ ထို့ပြင် ဒေလီမြို့နှင့်အနီးတစ်ဝိုက်ရှိ မြို့များဖြစ်သည့် ပန်ဂျပ်နှင့် ဟာရာနာမြို့တို့တွင်လည်း နှင်းများထူထပ်စွာ ကျရောက်လျက်ရှိသည်ဟု ဆိုသည်။

နှင်းများထူထပ်စွာ ကျရောက်နေမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သလို ယာဉ်တိုက်မှုများလည်း ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။ ယာဉ်တိုက်မှုများကြောင့် လူသေဆုံးမှုများဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာလ ၃ ရက်အထိ လူပေါင်း ၂၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ရထားခရီးစဉ်များကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။ အိန္ဒိယနိုင်ငံသည် မီးရထားကို အဓိကထား၍ အသုံးပြုသည့်နိုင်ငံဖြစ်ရာ ရထားလမ်းခရီးစဉ်များ နှောင့်နှေးခဲ့ရမှုကြောင့် ပြည်သူများမှာ ဘူတာရုံများတွင် သောင်တင် နေခဲ့ရသည်ဟု ဆိုသည်။ ဒေလီမြို့၏ အချို့သောနေရာများတွင် ရှေ့မီတာ ၅၀ မှ ၂၀၀ အတွင်းသာ မြင်နိုင်လောက်သည်အထိ နှင်းများ ကျဆင်းခဲ့သည်ဟု ဆိုသည်။ ဒေလီမြို့ရှိ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိလေကြောင်း လိုင်းခရီးစဉ်ပေါင်း ၁၄၀ ကျော်ကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ထို့အတူ ပန်ဂျပ်နှင့် ဟာရာနာကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးတွင်လည်း နှင်းများထူထပ်စွာကျရောက်နေသဖြင့် ယာဉ်ကြော ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။ နှင်းများထူထပ်စွာ ကျရောက် နေမှုကြောင့် ဒေလီမြို့တွင် ရာသီဥတုအခြေအနေများ ဆိုးရွားလျက်ရှိကြောင်း ဒေလီမြို့တော်မှ တာဝန်ရှိသူများက ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းကဲ့သို့ နှင်းများထူထပ်စွာကျ ရောက်နေသည်မှာ ပြီးခဲ့သည့် နိုဝင်ဘာ လ ၂၉ ရက်နေ့ကတည်းကဖြစ်ပြီး ဆက်လက်၍လည်း နှင်းများကျဆင်းနေဦးမည်ဟု အိန္ဒိယနိုင်ငံမိုးလေဝသဌာနက ခန့်မှန်းပြောကြားခဲ့သည်။



## ကယားပြည်နယ်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၅/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ (၅/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၂၉ ရက်က ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူး ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နဲ့ ကော်မတီနှစ်ရပ်တို့၏ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်မော်က မိမိတို့အဖွဲ့အနေဖြင့် ပြည်သူလူထုကို တတ်နိုင်သမျှကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်အရာများကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်၏ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သည့် (၄/၂၀၁၆) အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ (၄/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနဲ့ (၅/၂၀၁၆) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်း ဆောင်ရွက်မှုများနဲ့ နိုဝင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ၊ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့ဆက် လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြတဲ့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှ တာဝန်ရှိသူများက စိုက်ပျိုးရေးထုတ်ကုန်များမှာ ဓာတု ဓာတ်ကြွင်းများ ကင်းစင်ရေး၊ ဈေးများ၊ ဆိုင်များ၊ ကျောင်းများမှာ ရောင်းချနေတဲ့ စားသောက်ကုန်များမှာ ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်များကိုသာ ရောင်းချရေး၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးများကို အသုံးပြုရေးတို့အတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မြို့ရိ-ကယား**

## မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၆) ကျင်းပ

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၆) ကို နိုဝင်ဘာ ၂၉ ရက်တွင် ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက လုပ်ငန်းဆောင်ရွက်ချက်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၏ ပြန်လည်ဆွေးနွေးတင်ပြချက်များကို ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သွားရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Counsumer (MT)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို နိုဝင်ဘာတတိယပတ်အတွင်း ဆောင်ရွက်

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိမြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို ပြည်နယ်ဦး စီးမှူး ဦးညွန့်ဝေ၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာလ တတိယပတ်အတွင်း အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်အတွင်းရှိ နောင်တောင်းရွာ၊ ပရဟိတဘုန်းတော်ကြီးသင် အထက၊ ပေါင်လင်းရွာ အထက(ခွဲ)၊ နန့်ခုတ် အထကတို့တွင် ဦးအောင်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ကျောက်တန်းရွာ အထကနှင့် ကျောက်တန်းတွင် ဦးခွန်ကျော်ဌေး(ရုံးအုပ်)နှင့်အဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့ ဟော်ကုန်းရပ်ကွက် အလက(၄)တွင် ဦးစောမောင် (ဦးစီးမှူး) နှင့် အဖွဲ့ကလည်းကောင်း၊ ကလောမြို့ အမက (၂)နှင့်အမက(၃)၊ ကလောမြို့နယ် ရေချိုရွာ အလက(ခွဲ)၊ လင်မိုဈေးကုန်း အထက(ခွဲ) တို့တွင် ဦးမြင့်နိုင်(ဒု-ဦးစီးမှူး)နှင့် အဖွဲ့ကလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ရာ လူဦးရေ ၂၅၈၃ ဦးတက်ရောက်ခဲ့ကြပါတယ်။

ထို့ပြင်ကျောင်းမုန့်ဈေးတန်းများတွင် သက်တမ်းလွန်မုန့်များ ရောင်းချခြင်းရှိ/မရှိ၊ စီးကရက်ပုံမုန့်များ ရောင်းချခြင်း ရှိ/မရှိနှင့် သန့်ရှင်းသပ်ရပ်စွာ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြပြီး မြန်မာစာတမ်းပါမုန့်များ ရောင်းချရေးနှင့် မြန်မာအစားအစာများ ဦးစားပေးရောင်းချရေးကို အသိပညာပေး ဆွေးနွေးခဲ့ကြတယ်လို့သိရှိရပါတယ်။

အသိပညာပေးဟောပြောပွဲတွင် ပူးပေါင်းအဖွဲ့များဖြစ်သော စည်ပင်သာယာရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများနှင့် အတူ ဆောင်ရွက်ခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူတို့၏ အခွင့်အရေးများနှင့် တာဝန်များ၊ ထုတ်လုပ်သူတို့၏အခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာတွင် ထိခိုက်နစ်နာဆုံးရှုံး မှုများရှိပါက ဆက်သွယ်တိုင်ကြားရမည့် နည်းလမ်းများ၊ ကုန်အမှတ်တံဆိပ်ပါသော ကုန်စည်ကို ရွေးချယ်ဝယ်ယူသင့်ပုံနှင့် ကုန်စည်များကိုဝယ်ယူရာတွင် စိစစ်ရွေးချယ် ဝယ်ယူသင့်ပုံ၊ မှိုဆိပ်အန္တရာယ်နှင့် ခွင့်မပြုဓာတုဆိုးဆေးအန္တရာယ်အကြောင်းများကိုနမူနာများပြသ၍ လည်းကောင်း၊ ဟောပြောဆွေးနွေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန် မြှင့်တင်ရေးကိစ္စများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘာဝသယံဇာတများကို လူသားအားလုံး စနစ်တကျသုံးစွဲကြရန်နှင့် ထိန်းသိမ်းသင့်ပုံအကြောင်းများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသခဲ့တယ်လို့ သိရှိရပါတယ်။

အသိပညာပေးဟောပြောပွဲများတွင် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများ၊ ဥပဒေစာအုပ်များ၊ FDA စာအုပ်များ၊ အသိပညာပေးစာအုပ်များ၊ ပြက္ခဒိန်များကို သက်ဆိုင်ရာဌာနများအား ကျောင်းနှင့် ကျေးရွာများတွင် ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအားလည်း ဖြန့်ဝေပေးခဲ့တယ်လို့ သိရှိရပါတယ်။

**စောမောင်(တောင်ကြီး)**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ခရိုင်အတွင်းရှိ ကုန်စည်များအား လစဉ်စစ်ဆေးသွားမည်

### အထက (၃)ဖျာပုံမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်



ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်၊ စားသုံးသူရေးရာဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းနှင့် ဝန်ထမ်းများ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့မှ ဆရာ၊ဆရာမများ ပူးပေါင်းပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က အထက(၃) ဖျာပုံရှိ ကျောင်းမုန့်ဈေးတန်း၌ စားသုံးရန်မသင့်သောမုန့်များ ရောင်းချခြင်းရှိ/မရှိစစ်ဆေးခဲ့ကြသည်။ ထို့နောက်အဆိုပါကျောင်း၌ ကျောင်းသားများ၊ ကျောင်းဈေးသည်များ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၄၆၇ ဦးအားစားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်ဦးစီးမှူးက စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းနှင့် ဥပဒေပါ အကြောင်းအရာများ၊ အာဟာရပြည့်ဝသည့် အစားအစာများအား ရွေးချယ် စားသုံးတတ်စေရန်တို့ကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးက စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးအကြောင်းနှင့် ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများ မရှိစေရန် သက်တမ်းကုန်ဆုံးရက်၊ သတင်းအချက်အလက်များအား အလေးထားဖတ်ရှုကြရန်လည်းကောင်း အသီးသီး ဟောပြောကြပါသည်။

ထို့ပြင် ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးမြင့်အောင် ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်က ဖျာပုံမြို့ပေါ်ရှိ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင် ၁၀ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

“အခုလိုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်တွေကိုအသိပညာပေးလုပ်တာဟာတောင်သူတွေအတွက်ပါ။ အချို့ ဓာတ်မြေဩဇာအိတ်တွေမှာဆိုရင် မြန်မာဘာသာနဲ့ ရေးသားထားတာ မရှိဘူး။ အခြားဘာသာ စာသားတွေနဲ့ ရေးထားတာဆိုတော့ အကောင်း အဆိုးဘယ်သူမှ မသိနိုင်ဘူး။ ဘယ်နေရာမှာဘယ်လိုသုံးရမယ်ဆိုတာလည်းမသိနိုင်ဘူး။ စိုက်ပျိုးရေးဌာနမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေရှိသလိုစားသုံးသူအကာအကွယ်ပေးရေးမှာလည်းဥပဒေထုတ်ပြန်ထားပြီးသားရှိပါတယ်။ ဥပဒေရဲ့ အခန်း(၇)ပုဒ်မ (၈) ပုဒ်မခွဲ(ဂ)မှာ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်ဆိုတာ ရှိပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်ရာမှာ ပါဝင်ရမည့် အချက်များဆိုပြီး ၁၇ ချက်ရှိပါတယ်။ ကုန်ပစ္စည်းနဲ့ လိုက်လျောညီထွေဖြစ်ရမည့် အချက်တွေကတော့ ပါဝင်ဖို့ လိုပါတယ်။ ပိုးသတ်ဆေးလည်း ဒီအတိုင်းပါပဲ အရမ်းအန္တရာယ်များပါတယ်။ ပိုးသတ်ဆေး ရောင်းသူဟာ သင်တန်းတက်ပြီးသား ဖြစ်ရပါမယ်။ ဝယ်ယူသူကို သုံးစွဲမှု နည်းစနစ် လမ်းညွှန်မှုပေးနိုင်ဖို့ လိုပါတယ်။ ရေးထားတဲ့ အညွှန်းစာသားတွေကိုလည်း သေသေချာချာရှင်းပြမှသာ ဆိုးကျိုးတွေကို ရှောင်ရှားနိုင်မှာပါ။ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေနဲ့ လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်ပြီး နောက်လဆောင်ရွက်မည့် အစီအစဉ်တွေကိုလည်း ညှိနှိုင်းပြီးစီမံချက်များ ရေးဆွဲဆောင်ရွက်နေပါတယ်။ နောက်လမှာဆိုရင် အသား၊ ငါး၊ ဥ စတဲ့ စားသောက်ကုန်အမျိုးအစားတွေကို ကွင်းဆင်းစစ်ဆေး အသိပညာပေးသွားမှာဖြစ်ပါတယ်။ အခုလို စစ်ဆေးမှုများကို လစဉ် ခရိုင်အတွင်း လှည့်လည် စစ်ဆေးသွားမှာပါ”ဟု ဖျာပုံခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးမြင့်အောင်က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန်(ဖျာပုံ)**



# တင်းနစ်ချန်ပီယံ မီလိုရာအိုနစ်နှင့် နည်းပြ ကားလို့စ်မိုရာတို့ လမ်းခွဲကြပြီ

ကနေဒါနိုင်ငံသား တင်းနစ်ချန်ပီယံ မီလိုရာအိုနစ်သည် ၎င်း၏ နည်းပြဖြစ်သူ ကားလို့စ်မိုရာနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်က ကြေညာခဲ့သည်။

အသက် ၂၅နှစ်အရွယ်ရှိရာအိုနစ်သည် ပြင်သစ်နိုင်ငံသား တင်းနစ်ကစားသမားဟောင်း မိုရာကို နည်းပြအဖြစ် ယခုနှစ် နှစ်စပိုင်းကတည်းက ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ရာအိုနစ်သည် ၂၀၁၆ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ ရောက်ရှိခဲ့သော်လည်း ဗိုလ်လုပွဲတွင် ဗြိတိန်နိုင်ငံသား အန်ဒီမိုရေးကို ရှုံးနိမ့်ရသည်။ ထို့ပြင် ရာအိုနစ်သည် ဩစီအိုးပင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင်လည်း မိုရေးကိုပင် ရှုံးနိမ့်ခဲ့ရသည်။

ဩစီအိုးပင်းတွင် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်မှုနှင့် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့မှုများကြောင့် ရာအိုနစ်သည် တင်းနစ်ရာသီကုန်ချိန်တွင် ကမ္ဘာ့အဆင့်သုံးသို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါသတင်းကို ရာအိုနစ်က သူ၏လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖြစ်သည့် Instagram တွင် အတည်ပြုပြောကြားခဲ့သည်။

“ကျေးဇူးတင်ပါတယ် မိုရာ။ ဒီနှစ်အတွင်းမှ ကူညီပေးခဲ့မှုတွေအတွက်ရော၊ အကောင်းဆုံးပုံစံနဲ့ သင်ကြားပေးခဲ့တဲ့အတွက်ရော၊ ကျေးဇူးတင်ပါတယ်။ သူ့ကြောင့် နေ့ရက်တိုင်းမှာ အကောင်းဆုံးပုံစံရအောင် ကစားနိုင်ခဲ့တယ်။ ဒါပေမယ့်လည်း သူ့ကို နည်းပြနေရာမှာ ရေရှည်လက်တွဲဖို့တော့ ကျွန်တော့်မှာစိတ်ကူးမရှိပါဘူး”ဟု ရာအိုနစ်က ပြောကြားခဲ့သည်။

# ဒေးဗစ်ဟေးနှင့် တိုနီဘဲလူးတို့ ၂၀၁၇ခုနှစ်၊ မတ်လတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်

ဗြိတိန်နိုင်ငံသား ဒဗလျူဘီအေ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း ဒေးဗစ်ဟေးနှင့် ဒဗလျူဘီစီခရူဇာဝိတ် ချန်ပီယံ တိုနီဘဲလူးတို့သည် ၂၀၁၇ ခုနှစ် မတ် ၄ ရက်တွင် လန်ဒန်မြို့ရှိ အိုတူးအေရီယာနာတွင် ယှဉ်ပြိုင်ထိုး သတ်ကြမည်ဖြစ်ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။

၎င်းတို့နှစ်ဦး၏ ယှဉ်ပြိုင်ထိုးသတ်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ရက်က လန်ဒန်မြို့ရှိ အိုတူးအေရီယာနာတွင် ကျင်းပခဲ့သည်။

ဒေးဗစ်ဟေးသည် လွန်ခဲ့သည့် သုံးနှစ်ခွဲခန့်ကတည်းက လက်ဝှေ့ကြိုးဝိုင်းနှင့်ကင်းကွာနေခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်းက လက်ဝှေ့ကြိုးဝိုင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

လက်ဝှေ့ကြိုးဝိုင်းသို့ တစ်ကျော့ပြန် ပြန်လည်ဝင်ရောက်လာသည့် ဒေးဗစ်ဟေးသည် မာ့ခ်ဒီမိုရီနှင့် အာနိုးဂျီရာဂျေးတို့ကို အလဲထိုးဖြင့် အနိုင်ရရှိထားသူတစ်ဦးဖြစ်သည်။ ထို့ပြင် အသက် ၃၆ နှစ်အရွယ်ရှိ ဒေးဗစ်ဟေးသည် အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ အန်သိုနီဂျိုရှာကိုလည်း ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်ထားသူဖြစ်သည်။

လာမည့် ၂၀၁၇ ခုနှစ် မတ် ၄ ရက်တွင် ဒေးဗစ်ဟေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် တိုနီဘဲလူးသည် အသက် ၃၄ နှစ်အရွယ်သာရှိသေးပြီး ပြီးခဲ့ သည့် အောက်တိုဘာလအတွင်းက ထိုးသတ်ခဲ့သည့် ခရူဇာဝိတ်တန်းချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဘီဂျေဖလိုးစ်ကို အလဲထိုးဖြင့် အနိုင်ယူခဲ့သူဖြစ်သည်။

“ဒေးဗစ်ဟေးလိုမျိုး တကယ့်ကို ထင်ရှားတဲ့ လက်ဝှေ့သမားတစ်ဦးနဲ့ ဆုံရလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ခင်ဗျား ဟဲဗီးဝိတ်တန်းအတွက်လည်း ပြိုင်လို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့လည်း ပြိုင်ရဦးမှာပါ။ အဲဒါဘာကြောင့်လဲဆိုတာ ခင်ဗျားသိလား။ ငွေအတွက်ကြောင့်ပဲဗျ။ ခင်ဗျားလည်း လိုချင်တာပဲ မဟုတ်လား”ဟု ဘဲလူးက အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဟဲဗီးဝိတ်ချန်ပီယံ ဒေးဗစ်ဟေးသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ထိုးသတ်ခဲ့သည့် သက်တမ်းတစ်လျှောက် ပွဲပေါင်း ၃၀ ထိုးသတ်ခဲ့ရာ နိုင်ပွဲ ၂၈ပွဲ၊ ရှုံးပွဲ နှစ်ပွဲရှိခဲ့သည်။ နိုင်ပွဲ ၂၈ပွဲအနက် အလဲထိုးပွဲ ၂၆ ပွဲရှိခဲ့သည်။

ခရူဇာဝိတ်တန်းချန်ပီယံ တိုနီဘဲလူးသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့ထိုးသတ်ခဲ့သည့် သက်တမ်းတစ်လျှောက် ၃၁ ပွဲ ထိုးသတ်ခဲ့ရာ နိုင်ပွဲ ၂၈ ပွဲ၊ ရှုံးပွဲ နှစ်ပွဲရှိခဲ့ပြီး သရေပွဲ တစ်ပွဲရှိခဲ့သည်။ နိုင်ပွဲ ၂၈ ပွဲ အနက် အလဲထိုးပွဲ ၁၈ ပွဲရှိခဲ့သည်။

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟာသာဘာလင်အသင်းတို့ပူးပေါင်း၍ ဘောလုံးအကယ်ဒမီဖွင့်လှစ်ရေးအတွက် အကြိုဆွေးနွေး

ရန်ကုန် ယူနိုက်တက်အသင်း၏ ဘောလုံးအကယ်ဒမီ ဖွင့်လှစ်နိုင်ရေးအတွက် အကြိုဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်း၏ အစည်းအဝေးခန်းမတွင်ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟာသာဘာလင်ဘောလုံးအသင်းတို့ ပူးပေါင်း၍ ဘောလုံးအကယ်ဒမီ ဖွင့်လှစ်နိုင်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် School of Football တွင် သင်တန်း တက်ရောက်နေသည့် သင်တန်းသားများအား ဟာသာဘာလင်ကလပ် လူငယ်အသင်းနည်းပြချုပ်နှင့် လူငယ်ရှာဖွေရေးခေါင်းဆောင် ခရစ်ရှန်မက်ကေးက ဘောလုံးအခြေခံများသင်ကြားပေးခဲ့သည်။

“ကစားသမားတွေရဲ့ ဘောလုံးရယူပိုင်ဆိုင်မှု၊ အပေးအယူပြုလုပ်မှု၊ မိမိရဲ့ပြိုင်ဘက်ကို ဘယ်လိုကြည့်ရမလဲဆိုတဲ့ ဘောလုံးအမြင်ပိုင်းဆိုင်ရာတွေကို ဒီလိုမျိုးလေ့ကျင့်ပေးရင်း သူတို့တွေဘယ်လိုကစားရမယ်ဆိုတဲ့ အထွေထွေအသိအမြင်တွေရလာမယ်။ ဒါကြောင့် ဒီအခြေခံတွေကို အရင်ဆုံးသင်ကြားပေးရတာဖြစ်ပါတယ်”ဟု မက်ကေးက ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေမန်နေဂျာ ဦးစောခရစ်ယာန်လော၊ နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုး၊ အသင်းမန်နေဂျာ ဦးမြင့်သိန်း၊ ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ဦးထူးပြည့်၊ ဟာသာဘာလင် ကလပ်အသင်းမှ တာဝန်ရှိသူ ဒန်နီရယ်မီဟေဇာ၊ လူငယ်ရှာဖွေရေးခေါင်းဆောင်နှင့် ယူ-၉၊ ယူ-၁၃၊ ယူ-၁၅ အသင်းတို့၏ နည်းပြချုပ်ဖြစ်သူ ခရစ်ရှန်မက်ကေးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

# ပဏာမမြန်မာ ယူ-၁၇ အသင်း တရုတ်နိုင်ငံသို့ ရက် ၂၀ ကြာခန့် သွားရောက်ပူးတွဲလေ့ကျင့်မည်



၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် အာဆီယံ အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ၂၀၁၈ခုနှစ် အာရှအသက် ၁၉နှစ်အောက် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈အသင်းသည်လာမည့် ဒီဇင်ဘာ ၈ ရက်မှ ၂၇ ရက်အထိ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ သွားရောက်၍ ပူးတွဲလေ့ကျင့်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပဏာမ မြန်မာယူ-၁၈အသင်းသည်ပြီးခဲ့သည့် နိုဝင်ဘာ ၁၆ ရက်မှစတင်ကာ ကစားသမား ၅၀ ကျော်ဖြင့် လေ့ကျင့်လျက်ရှိပြီး အသင်းနှစ်သင်းခွဲကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုသွားရောက်မည့် တရုတ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်ရေးခရီးစဉ်သို့ အဆိုပါအသင်းနှစ်သင်းမှ ကစားသမား ၂၅ ဦးကို ရွေးချယ်ပြီး လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်း ယူ-၁၈ ပဏာမလက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့တွင် ရက် ၂၀ ကြာနေထိုင်စဉ်ကာလအတွင်း ခြေစွမ်းကောင်းမွန်သော အသင်းများနှင့် ခြေစမ်းပွဲခြောက်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်ရေးအပြီးတွင် ယူ-၁၈(က)အသင်းနှင့် (ခ)အသင်းတို့သည် Phoenix (ဖီးနစ်) အမည်ဖြင့် MNL-2 နှင့် MNL U-20 ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈အသင်း၏ နည်းပြချုပ်အဖြစ် ဦးညီညီလတ်က တာဝန်ယူထားပြီး လတ်တလောတွင် MNL နှင့် MNL 2 မှ ကလပ်အသင်းများနှင့်အတူ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

# MNL Goalkeeping Coaching 2016 ဖွင့်လှစ်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် မြန်မာနေရှင်နယ်လိဂ်မှ ကြီးမှူး၍ မြန်မာနိုင်ငံ ဘောလုံးအားကစားတိုးတက်စေရေးနှင့် အရည်အသွေး ပြည့်ဝသော ဂိုးနည်းပြများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ MNL Goalkeeping Coaching Course 2016 (ဂိုးနည်းပြသင်တန်း) ကို လာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ MNL ကလပ်အသင်းများမှ အမှန်တကယ် တာဝန်ပေးခန့်ထားလိုသည့် ဂိုးနည်းပြများကို တစ်သင်းလျှင် အနည်းဆုံး တစ်ဦးမှ အများဆုံးသုံးဦးအထိ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဒီဇင်ဘာ ၇ ရက်နောက်ဆုံးထား၍ နိုဗိုတယ်ဟိုတယ် ဒုတိယထပ်ရှိ MNL ဌာနရုံးသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့ပေါ်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများ၌ စီးကရက်ပုံမုန့်များ၊ သက်တမ်းလွန်မုန့်များ ရောင်းချခြင်းရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများပါဝင်တဲ့ ပူးပေါင်းအဖွဲ့တို့ဟာ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့တို့နှင့်အတူ နိုဝင်ဘာ ၂၈ရက်က ပုသိမ်မြို့ပေါ်ရှိ အမှတ် (၁)၊ (၂)၊ (၆) အထက်တန်းကျောင်းများရှိ ကျောင်းမုန့်ဈေးတန်း ၁၁ ဆိုင်အား သက်တမ်းလွန်မုန့်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသောမုန့်များ၊ စီးကရက်ပုံမုန့်များ ရောင်းချခြင်းရှိမရှိ ဝင်ရောက်စစ်ဆေး၍ အသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။

အဆိုပါမုန့်များအားကျောင်းသူ ကျောင်းသားများ စားသုံးပါက အန္တရာယ်ဖြစ်စေနိုင်သဖြင့် ယင်းမုန့်များအားလုံးဝ ရောင်းချခြင်းမပြုရန်၊ စားသုံးသူရေးရာဦးစီးဌာနမှလည်း ကျောင်းမုန့်ဈေးတန်းများ၌ အသိပညာပေးဟောပြောခြင်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါကအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (က)အရ အရေးယူဆောင်ရွက်ရန် အသိပေးထားသဖြင့် ကျောင်းမုန့်ဈေးတန်း ရောင်းချသူများအနေနှင့် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မိမိတို့ဌာနများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် တာဝန်ရှိသူများက ပြောကြားခဲ့ပါသည်။

အထက(၁)၊(၂)၊(၃) ပုသိမ်မှတာဝန်ခံကျောင်းအုပ်များဖြစ်သော ဦးသန်းစိုး၊ ဦးဇော်လွင်၊ ဦးကျော်လွင်တို့ကလည်း မိမိတို့ ကျောင်းများအနေဖြင့် ယခုအခါ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များကို ညွှန်ကြားချက်များအတိုင်း ဖွဲ့စည်းဆောင်ရွက်ပြီး ကျောင်းသူကျောင်းသားများ အန္တရာယ်ကင်းစွာစားသုံးနိုင်ရန်အတွက် တားမြစ်ထားသော မုန့်များ၊ သက်တမ်းလွန်မုန့်များ၊ စီးကရက်ပုံမုန့်များအား မရောင်းချရေးနေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနမှလည်း မိမိတို့ ကျောင်းများအား စားသုံးသူရေးရာအသိပညာပေးဟော ပြောပွဲများနှင့် ကျောင်းမုန့်ဈေးတန်းများအား လာရောက်ကွင်းဆင်းစိစစ် အသိပညာပေး ဟောပြောဆောင်ရွက်လျက်ရှိပါသဖြင့် မိမိတို့ကျောင်းများအနေနှင့် စားသုံးသူရေးရာလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနားလည်သဘောပေါက်လျက် ပူးပေါင်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းသိရှိရပါသည်။

**မောင်ပုသိမ်**

# မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ နိုဝင်ဘာလ စတုတ္ထပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်အတွင်းရှိတက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းများ၊ အများပြည်သူဈေးများနဲ့ ရပ်ကွက်၊ ကျေးရွာများ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများအား ကျင်းပလျက်ရှိရာ နိုဝင်ဘာ စတုတ္ထပတ်အတွင်း ပြည်ကြီးတံခွန်မြို့နယ်၊ အမက (၆)၊ အမက (၁၈)၊ မဟာအောင်မြေမြို့နယ်၊ အလက(၁၂)၊ ပုသိမ်ကြီး မြို့နယ်၊ အလက ခွဲ (အောင်ချမ်းသာ)၊ အမရပူရမြို့နယ်၊ အထက (မြစ်ငယ်) ကျောင်းတို့တွင် အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။



အဆိုပါ ဟောပြောပွဲ အခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နေ့စဉ်စားသုံးနေတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများမှာ ကျန်ရှိနေတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်း၊ ဓာတ်ကျန်များအကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝမ်းပျက်၊ ဝမ်းလျှောကျန်းမာရေးနဲ့ သွေးလွန်တုပ်ကွေးရောဂါများအကြောင်း၊ ဥပဒေချုပ်ရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေပါ အကြောင်းအရာများကို တာဝန်ရှိသူ အသီးသီးက အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြပါတယ်။

အခမ်းအနားအပြီးတွင် ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းများမှာ ရောင်းချနေတဲ့ ပစ္စည်းများအား ကွင်းဆင်းစစ်ဆေးရာမှာ ထမင်းသုပ်၊ ကြာဇံသုပ်၊ ခေါက်ဆွဲသုပ်စတဲ့ အသုပ်များ ရောင်းချရာ၌ လက်အိတ် ဝတ်ဆင်ထားခြင်းမရှိကြောင်း၊ မြန်မာဘာသာစကား မပါရှိတဲ့မုန့်များ၊ ရက်လွန်နေတဲ့ အစားအသောက်များ ရောင်းချနေကြတာကို တွေ့ရှိရတဲ့အတွက် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များနှင့် ကျောင်းဈေး ရောင်းချသူများအား ကျောင်းသား၊ ကျောင်းသူများအတွက် ဘေးကင်းလုံခြုံမှုရှိတဲ့ အာဟာရပြည့်ဝတဲ့ အစားအသောက်များကို ရွေးချယ်ဝယ်ယူ၍ ရောင်းချစေလိုကြောင်း၊ မြန်မာမုန့်များကို သန့်ရှင်းစွာ ပြုလုပ်၍ ရောင်းချပါက ပိုမိုကောင်းမွန်ပါကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**တင်တင်ခိုင် (စားသုံးသူ-မန္တလေး)**

# ခင်ဦးမြို့တွင် စားသုံးသူရေးရာ အကာအကွယ်ပေးရေးအသင်းဖွဲ့စည်း

ရွှေဘိုခရိုင်၊ ခင်ဦးမြို့တွင် နိုဝင်ဘာ ၂၂ ရက်က ခင်ဦးမြို့နယ် စားသုံးသူရေးရာ အကာအကွယ်ပေးရေးအသင်းကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ အခမ်းအနားကို ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးရုံး၌ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးအောင်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဌေးတင့်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဌေးတင့်နှင့် တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးအသင်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် အန္တရာယ်ရှိ အစားအသောက်များ၊ ကုန်ပစ္စည်းများအား စားသုံးသူများ ရွေးချယ်စားသုံးတတ်စေရန်တို့ကို ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်စားသုံးသူရေးရာအကာအကွယ်ပေးရေးအသင်းကို ဖွဲ့စည်းပြီး၊ တက်ရောက်လာသူများအား စားသုံးသူရေးရာ သိကောင်းစရာစာအုပ်များနှင့် ဥပဒေစာအုပ်များ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။ **ကျော်ထွေးအောင် (ခင်ဦး)**

# ရေဦးမြို့နယ်၊ စားသုံးသူအကာအကွယ်ပေးရေး စစ်ဆေးရေးအဖွဲ့ ရေဦးမြို့မ စည်ပင်သာယာဈေးသို့ ကွင်းဆင်းစစ်ဆေး

ရေဦးမြို့မ စည်ပင်သာယာဈေးတွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ခရမ်းချဉ်သီးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် မြို့နယ်စားသုံးသူအကာအကွယ်ပေးရေး စစ်ဆေးရေး အဖွဲ့နှင့်အတူ ဒီဇင်ဘာ ၁ ရက်ကမြို့မစည်ပင်သာယာဈေးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းဆောင်ရွက်စဉ် ရောင်းချနေသည်ကို မတွေ့ရဘဲ ခရမ်းချဉ်သီး လက်ကားဆိုင်နှစ်ဆိုင်မှာ တရုတ်ခရမ်းချဉ်သီးများကို မြစ်ကြီးနားမြို့မှ မှာယူရောင်းချဖူးကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၄၀၀ ဖြင့်ဝယ်ယူရပြီး ရေဦးဈေးတွင် ကျပ် ၁၇၀၀-၁၈၀၀ ဖြင့်ပြန်လည်ရောင်းချကြောင်း၊ မုံရွာမြို့သို့လည်းကျပ် ၁၆၀၀ဖြင့် တင်ပို့ပေးခဲ့ဖူးကြောင်း၊ အခြားလက်လီဆိုင် ၁၀ဆိုင်သို့ဆက်လက်ကြည့်ရှုရာ လေးဆိုင်မှာ ရောင်းချခဲ့ဖူးကြောင်း သိရှိရပါသည်။

စားသုံးသူရေးရာဦးစီးဌာန ရေဦးမြို့နယ်တာဝန်ခံက တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ခရမ်းချဉ်သီးအများစုသည် အန္တရာယ်ရှိ ဓာတုဆေးများ သုံးစွဲထားသဖြင့် စားသုံးသူပြည်သူများ အန္တရာယ်ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ စားသုံးသူပြည်သူများ အန္တရာယ်ကင်း လုံခြုံစိတ်ချရရေးအတွက် တရုတ်ခရမ်းချဉ်သီးများကို ဆက်လက်မှာယူရောင်းချခြင်း မပြုကြရန် ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွှန့် (ရေဦး)**

# ဆားလင်းကြီးမြို့နယ်ရှိ ဆီစက်လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ပညာပေးဆွေးနွေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် အောက်တိုဘာ ၄ ရက်က ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်ကျားတက်ခံစံပြကျေးရွာရှိ ဆီစက် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းပိုက မြန်မာတို့၏နေ့စဉ်စားသောက်ကုန်တွင် ဆီသည်မပါမဖြစ် ပါဝင်နေကြောင်း ဈေးကွက်အတွင်း ရောင်းချနေသည့် ဆီများတွင် အန္တရာယ်ရှိရောနှောဆီများ ရှိနေသည်ကို တွေ့နေရကြောင်း၊ ဒါကြောင့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် အန္တရာယ်ကင်းသည့်ဆီများအား ထုတ်လုပ်ရောင်းချ၍ မှန်ကန်သည့် ဈေးနှုန်းဖြင့် ရောင်းချကြစေလိုကြောင်း၊ မိမိဆီစက်မှ ထွက်ရှိတဲ့စားသုံးဆီများကို FDA ထောက်ခံချက်ရယူ၍ ရောင်းချပါက ပိုမို၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**မိုးမိုးမြင့် (ဆားလင်းကြီး)**

# ပုသိမ်ခရိုင်အတွင်းရှိ ဈေးများနှင့် ကုန်စုံဆိုင်များ၊ စီးပွားရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သည့် အဖွဲ့သည် ပုသိမ်ခရိုင်အတွင်းရှိမြို့သစ်ဈေး၊ အောင်ဇေယျာဈေး၊ သမစိတ္တ မြေပဲဆီအရောင်းဆိုင်၊ ဦးသန်းလွင် မုန့်မျိုးစုံနှင့် ကုန်စုံဆိုင်၊ ဦးရန်နိုင် မျှစ်ရောင်းဝယ်ရေး လုပ်ငန်းများသို့ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင်အတွင်းရှိ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသည့် ဈေးသည်များအနေဖြင့် သက်ဆိုင်ရာဌာနများက သတ်မှတ်ထားသည့် အချက်များကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းသည့် အစားအသောက်များကိုသာ ပြည်သူများ ဝယ်ယူစားသုံးနိုင်ရေး အတွက် အထူးဂရုပြု ရောင်းချကြစေလိုကြောင်း၊ စားသုံးဆီ ရောင်းချသည့် ဆိုင်များ တွင်လည်း ရောနှောဆီများ၊ ပြန်ကြော်ဆီများ၊ မြောင်းဆီများကို ရောင်းချခြင်း မပြုရန်နှင့် သက်တမ်းလွန် မုန့်များ၊ စီးကရက်ပုံ မုန့်များကိုလည်း ရောင်းချခြင်းမပြုရန် ဆွေးနွေးပြောကြားခဲ့ကြသည်။

ပူးပေါင်းအဖွဲ့သည် ဦးရန်နိုင် မျှစ်ရောင်းဝယ်ရေးလုပ်ငန်းသို့ သွားရောက်၍ တားမြစ်ထားသည့် ဆိုးဆေးများ မသုံးစွဲရန်နှင့် အိုင်အိုဒင်းဆားကိုသာ အသုံးပြုရန်၊ သန့်ရှင်းသော ထုတ်ကုန်များကိုသာ ထုတ်လုပ်ရောင်းချရန် ဆွေးနွေးပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

**မောင်ပုသိမ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာလ ၃၀ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ(၁)၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးမြတ်သူရက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှု၊ ကုန်ပစ္စည်းများတွင် ပါရှိနိုင်သည့် စိန်ခေါ်မှုဆိုင်ရာ တွေ့ရှိချက်များ၊ နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် တိုင်ကြားနိုင်မည့်အခြေအနေများကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်နဲ့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းလှိုင်တို့က အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းများ၏ အရည်အသွေး ထိန်းချုပ်ခြင်းကို အဓိကထား ဆောင်ရွက်နေမှုနှင့် ဈေးကွက်ထဲမရောက်မီ ဌာနမှစစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုဟောပြောပွဲမှ ပြောကြားခဲ့သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် လိုက်နာရမည့် ကိစ္စရပ်များအား သေချာစွာ လိုက်နာကျင့်သုံးရန်လိုအပ်ပါကြောင်း၊ ဌာနအနေဖြင့်လည်း တိုင်ကြားမှုများကို လျှို့ဝှက်ထိန်းသိမ်းပေးထားမှာဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အစိုးရဌာနဆိုင်ရာ၊ အစိုးရမဟုတ်သည့် အသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်၊ စားသုံးသူပြည်သူများစတဲ့ နယ်ပယ်လေးခုက ဟန်ချက်ညီညီ လုပ်ဆောင်ကြရန်လိုကြောင်း ဆွေးနွေးခဲ့ပါတယ်။




အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူ ရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ နည်းပြဒေါ်စန္ဒာဇော်ရဲ့ မေးမြန်းဆွေးနွေးမှုများနဲ့ပတ်သက်ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးမင်းသိန်းက မိမိတို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကုန်သွယ်ရေး ဦးစီးဌာနရှိကြောင်း၊ အဆိုပါဌာနအနေဖြင့် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကိုတင်သွင်းခွင့်လိုင်စင် ထုတ်ပေးလျက်ရှိကြောင်း၊ ထိုသို့ထုတ်ပေးရာတွင် စားသောက်ကုန်၊ ဆေးဝါး၊ အချိုရည်၊ ပိုးသတ်ဆေးစသည့် ပစ္စည်းများကို သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်ပါရှိမှသာ လိုင်စင်ထုတ်ပေးခြင်း ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည်လည်း စားသုံးသူကာကွယ်ရေးကို နယ်စပ်ဝင်ပေါက်မှ စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အအေးခဲအသားများ၊ ကြက်အသဲအမြစ်များကို တရားဝင်တင်သွင်းခွင့် ပြုမထားပါကြောင်း၊ နိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းများကို တရားဝင်ကုန်သွယ်မှု လမ်းကြောင်းမှသာ ခွင့်ပြုတင်သွင်းခြင်းဖြစ်ပါကြောင်း၊ သို့သော် မူဆယ်နှင့်မြဝတီတို့၏ နယ်မြေအနေအထားအရ တရားမဝင်သွင်းသည့်လမ်းကြောင်းများ၊ မှောင်ခိုလမ်းကြောင်းများစွာရှိသည့်အတွက် အဆိုပါနေရာများမှ ဝင်ရောက်လာနိုင်သည်များလည်း ရှိနိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ဌာနဆိုင်ရာများမှလည်း တားဆီးလျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ)၊ တွဲဖက်ပါမောက္ခ (ဌာနမှူး)ရုပ်ရှင်၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်မှ ကျောင်းသား/သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ပါတယ်။

အလားတူ နိုဝင်ဘာလတတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ခြောက်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၈ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၀ နေရာ၊ စတုတ္ထပတ်အတွင်း အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၂ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ကိုးနေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လဲ့လဲ့ဌေး (စားသုံးသူ) ရန်ကုန်**

## ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၆) ကျင်းပ

ကသာခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁/၂၀၁၆ ကို နိုဝင်ဘာ ၁၆ရက်က ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၆ အရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များအထိ ဖွဲ့စည်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကသာခရိုင်၊ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ခရိုင် စားသုံးသူအငြင်းပွားမှုအဖွဲ့ ဖြေရှင်းရေးကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း တင်ပြပြီး စားသုံးသူရေးရာ ကိစ္စရပ်များ ဆွေးနွေးတင်ပြပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မော်စိုး က စာသင်ကျောင်းများနှင့် ရပ်ကွက် ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေး အဖွဲ့အစည်းများ ဖွဲ့စည်းရန်၊ ဈေးများကို စစ်ဆေးပါက မသင်္ကာသည့် ပစ္စည်းများကို နမူနာယူ၍ တိုင်း FDA သို့ ပို့ဆောင်စစ်ဆေးရန်၊ လက်ကားဆိုင်ကြီးများနှင့် ငါးချဉ်၊ ငါးခြောက်ပွဲရုံများကို စစ်ဆေးရန်၊ ကျောင်းဈေးတန်းများကို ဦးစားပေး စစ်ဆေးရန်၊ တားမြစ်ပစ္စည်း စာရင်းများကို ဗီနိုင်းပြုလုပ်၍ လူစည်ကားသော ဈေး၊ ကျောင်းဈေးများတွင် ကပ်ထားရန် ဆွေးနွေးခဲ့ပြီး ကျောင်းဈေးနှင့် ဈေးများကို တစ်ပတ်လျှင်တစ်ကြိမ် စစ်ဆေးရန်၊ တိုင်ကြားစာလက်ခံရေး ကော်မတီဖွဲ့စည်းရန်တို့ကို ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။

**လှလှခိုင် (ကသာ)**



## လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နဲ့ ဝန်ထမ်းများသည် နိုဝင်ဘာ ၂၉ ရက်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံမိဘပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသတင်းရရှိပါတယ်။

ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ် ဦးဆောင်တဲ့အဖွဲ့ဟာ မဲသိမ်ကျေးရွာ၊ ကွမ်းဘီကျေးရွာ၊ ပိန္နဲတော ကျေးရွာတို့တွင် ဟောပြောပွဲများ ကျင်းပခဲ့ရာ ဒေသခံပြည်သူ ၁၇၈ ဦးတက်ရောက်ခဲ့ကြပါတယ်။ အဆိုပါဟောပြောပွဲမှာ တက်ရောက်လာကြတဲ့ ပြည်သူများအား အစားအစာများနဲ့ ကုန်ပစ္စည်းများအား ရွေးချယ်ဝယ်ယူစားသုံးကြရန်၊ ပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲကြရန်နဲ့ နည်းပညာလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများရဲ့ အကူအညီကို ရယူကြရန် စသည်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူ)**

## ပြည်ခရိုင် ၊ ဝက်ထီးကန်မြို့ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယခရိုင်ဦးစီးမှူး ဦးငြိမ်းချမ်းသူ၊ ပြည်မြို့နယ်ဦးစီးမှူး ဦးစည်သူနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၈ ရက်က ပြည်ခရိုင်၊ ဝက်ထီးကန်မြို့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ရှိ ဆောင်ရွက်လျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ ရဲလေ့ကျင့်ရေး ကျောင်းအုပ်ကြီး၊ ရဲတပ်ဖွဲ့အရာရှိ၊ အရာခံနှင့် လိုင်းခန်းနေ ရဲဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း ၂၈၅ ဦး တက်ရောက်ခဲ့ပြီး၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။ ဟောပြောပွဲတွင် ဒုတိယပြည်ခရိုင် ဦးစီးမှူး ဦးငြိမ်းချမ်းသူက စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဌာနရဲ့ ရည်မှန်းချက်၊ တာဝန်များ၊ လက်ရှိမြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော အစားအသောက်များ၏ အန္တရာယ်နှင့် စိန်ခေါ်မှုများအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဌာနမှ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စားသုံးမှုအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့ စည်းခြင်းနှင့် ဆောင်ရွက်ပေးမည့် အချက်များ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ပြည်မြို့နယ်ဦးစီးမှူး ဦးစည်သူက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုရာတွင် နိုင်ငံခြားမှ တရားဝင်ယူဆောင်လာသည့်ငွေပမာဏ အတိုင်းသာ ကုန်သွယ်ခွင့်ပြုမည်ဟူသော သတ်မှတ်ချက်အား ပယ်ဖျက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုရာတွင် နိုင်ငံခြားမှ တရားဝင်ယူဆောင်လာသည့် ငွေပမာဏအတိုင်းသာ ကုန်သွယ်ခွင့်ပြုမည်ဟူသောသတ်မှတ်ချက်အား နိုဝင်ဘာလ ၂၂ ရက် ရက်စွဲ ပါအမိန့်ကြော်ငြာစာအမှတ်(၇၅/၂၀၁၆) ဖြင့် ပယ်ဖျက်လိုက်ကြောင်း သတင်းရရှိသည်။

နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနှင့် ဆေးရုံသုံးကိရိယာများအား ကုန်သွယ်ခွင့်ပြုခြင်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၅)ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကုန်သွယ်ခွင့်ပြုခြင်းကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၇ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၆) ဖြင့်လည်းကောင်း အသီးသီး ထုတ်ပြန်၍ သတ်မှတ်ချက်များဖြင့် ကုန်သွယ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာများအရ နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် သတ်မှတ်ချက်များတွင် "ဖက်စပ်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံခြားသား ကုမ္ပဏီများအနေဖြင့် ၎င်းတို့ တရားဝင်ယူဆောင်လာသည့်နိုင်ငံခြားငွေပမာဏအတိုင်းသာ ကုန်သွယ်မှုပြုလုပ်ရမည်"ဟု သတ်မှတ်ထားခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ပြုလုပ်နိုင်ရန် ရည်ရွယ်၍ အဆိုပါသတ်မှတ်ချက်အား နိုဝင်ဘာ ၂၂ ရက်မှစတင်၍ ပယ်ဖျက်လိုက်ကြောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**



# ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ပြည်တွင်းစစ်ဖြစ်ပွားနေသော်လည်း နယ်စပ်ဒေသများသို့ ခရီးသွားဝင်ရောက်မှု လျော့ကျသွားခြင်းမရှိဟုဆို

ယခုနှစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသများ၌ ခြေလျင်ခရီးသွားလာသည့်ခရီးစဉ်များ ခေတ်စားလျက်ရှိသည်။ ယခုအခါတွင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသဖြစ်သည့် မူဆယ်မြို့တွင် နယ်မြေလုံခြုံမှု အခြေအနေများ မရှိသော်လည်း နယ်စပ်ဒေသများမှ ခရီးသွားဝင်ရောက်မှုမှာ လျော့ကျသွားခြင်းမရှိကြောင်း ဒေသခံခရီးသွားလမ်းညွှန်များ၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် လားရှိုး-မူဆယ်လမ်းပိုင်းတစ်လျှောက်တွင် တပ်မတော်နှင့် လက်နက်ကိုင်တို့ကြား ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်စဉ်များရှိသော်လည်း သီပေါဒေသများအထိ ပျံ့နှံ့ခြင်းမရှိသည့်အတွက် trekking ခရီးသွားများမှာလည်း လက်ရှိအချိန်အထိ လျော့ကျသွားခြင်းမရှိဘဲ ပုံမှန်အတိုင်း သွားလာနေကြကြောင်း၊ ယခင်ကတည်းက မူဆယ်၊ လားရှိုးဒေသများမှာ ခရီးသွားဝင်ရောက်မှု များပြားခြင်းမရှိဘဲ ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသာ များပြားသည့်အတွက် ယင်းဒေသများသို့မူ ခရီးသွားပုံမှန်အတိုင်း ရှိနေသည်ဟု သိရသည်။

"သီပေါဘက်ကိုလာနေတဲ့ ခရီးသွားတွေက အရင်ကတည်းကရှိတယ်။ အခုလည်း ပုံမှန်အတိုင်း ခရီးသွားတွေ ရှိနေပါတယ်။ အထူးသဖြင့် နိုင်ငံခြားခရီးသွားတွေ ပိုများတယ်။ သီပေါနဲ့ လားရှိုးနဲ့က မိုင် ၅၀ လောက်ဝေးတော့ သီပေါဘက်ကို သွားဖို့ဆိုရင် လုံးဝကို safe ဖြစ်ပါတယ်။ လက်ရှိအထိ လည်း ခရီးသွားတွေ လျော့ကျမသွားဘဲ ပုံမှန်အတိုင်း လာရောက်လည်ပတ် နေဆဲပါပဲ။ အခုလည်း နေ့စဉ်ခရီးစဉ်တွေ ရှိနေတယ်"ဟု သီပေါဒေသအတွက် Trekking Guide ပြုလုပ်နေသူ ကိုအောင်အောင်က ပြောကြားသည်။

လားရှိုးဒေသခံဖြစ်သူ ကိုစိုးကလည်း "ဒီနှစ်မှာဆိုရင် နယ်မြေအခြေအနေအရ မလုံခြုံတဲ့အတွက် လားရှိုး၊ မူဆယ်၊ နမ့်ခမ်းဘက်မှာဆိုရင် ပုံမှန်အတိုင်း လုပ်နေကျရှမ်းရိုးရာ နှစ်သစ်ကူးပွဲတော်ကိုတောင် မလုပ်နိုင်ဘူး။ ဒီဘက်မှာကတော့ အရင်ကတည်းက ခရီးသွားလာမှုတွေမရှိတဲ့အတွက်ခရီးသွား အဝင်လျော့တာ ဘာညာလိုမျိုး အထွေအထူးတော့ မရှိဘူး။ အထူးသဖြင့်တော့ သီပေါဘက်ကိုပေါ့။ တချို့တွေကတော့ ပုံမှန်အတိုင်းသွားလာနေဆဲပါပဲ။ ဒါပေမယ့် တစ်ခုရှိတာက သီပေါကို ခြေလျင်ခရီးသွားကြတာက အဓိကက ပလောင်ရွာတွေ သွားကြတာဆိုတော့ အဲဒီမှာစစ်မဖြစ်နေပေမယ့် TLNA (တအောင်းပလောင်လွတ်လပ်ရေးတပ်မတော်)တွေရှိတယ်။ ပြီးတော့အခုကလည်း သူတို့နဲ့ အဓိကဖြစ်နေတာဆိုတော့ တချို့ပြည်တွင်းခရီးသွားတွေတော့ မသွားကြဘူး။ ပြည်ပခရီးသွားတွေတော့ သွားနေကြတုန်းပဲ"ဟု ပြောကြားခဲ့သည်။

Jovago အနေဖြင့်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများရှိ ဟိုတယ်များနှင့်ချိတ်ဆက်ထားရာ ခရီးသွားများစိတ်ဝင်စားသွားလာမှုမြင့်မားသည့် သီပေါဒေသရှိ ဟိုတယ်ပေါင်း ၁၀ လုံးနီးပါးနှင့် ချိတ်ဆက်ထားခြင်းကြောင့် ခရီးသွားများအနေဖြင့် ယခုလအတွက် Jovago မှပေးအပ်ထားသည့် လျှော့ဈေးများရယူပြီး အခန်းဘွတ်ကင်ပြုလုပ်နိုင်မည်ဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်း ဒေသများဖြစ်သည့် သီပေါ၊ ကျောက်မဲဒေသများသို့ ခြေလျင်ခရီးကြမ်း(trekking) သွားလာသည့်အစီစဉ်မှာ ၂၀၁၀ ပြည့်နှစ်ခန့်မှ စတင်ခေတ်စားခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အင်တာနက်စနစ်ကောင်းမွန်လာခြင်းနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ကြော်ငြာအားကောင်းမွန်လာခြင်းများကြောင့် လူသိပိုများလာပြီး ယခုနှစ်ပိုင်းများတွင် ခရီးသွားများ ပိုမိုဝင်ရောက်လာကြောင်းနှင့် တစ်ညအိပ် နှစ်ည ခြေလျင်ခရီးစဉ်တစ်ခုအတွက် တစ်ဦးလျှင်အနည်းဆုံးကျပ် လေးသောင်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# မွန်ပြည်နယ်အတွင်းရှိ မျက်စိ ဝေဒနာရှင်များအား SCG ကုမ္ပဏီက #SharingAlinn အမည်ဖြင့် မျက်စိကျန်းမာရေး ဆောင်ရွက်မှုနှင့် အတွင်းတိမ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်

အာဆီယံ ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် SCG သည် မျက်စိ ကျန်းမာရေးစောင့်ရှောက်မှုလှုပ်ရှားမှု အစီအစဉ်ဖြစ်သည့် #SharingAlinn အစီအစဉ်အဖြစ် မွန်ပြည်နယ်မှ မျက်စိအတွင်းတိမ်ဝေဒနာရှင် ၂၀၀ တို့အားအမြင်အာရုံပြန်လည်ရရှိစေရန် နိုဝင်ဘာ ၂၃ ရက်က စတင်လိုက်ကြောင်း SCG ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို ရွှေ့လျားခွဲစိတ်ကုသမှု Sharing a Brighter Vision အစီအစဉ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အတွင်းတိမ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် အမြင်အာရုံဆုံးရှုံးခြင်း၏ အဓိကအကြောင်းရင်းများအနက် တစ်ခုဖြစ်သည်။

ယင်းအစီအစဉ်တွင် မျက်စိကျန်းမာရေးပညာပေးဆောင်ရွက်မှုများနှင့်အတူ မျက်စိကို ဂရုစိုက်နည်းဆိုင်ရာ အကြံပြုချက်များ၊ အတွင်းတိမ်ရောဂါနှင့်ပတ်သက်သောအချက်အလက်များ ဖြန့်ဝေပေးခြင်းဖြင့် လူကြီးလူငယ်အားလုံး မျက်စိကို ပုံမှန်စစ်ဆေးလာကြပြီး မျက်စိကျန်းမာရေးအတွက် အရေးပါသောသတင်းအချက်အလက်များကို မိသားစုနှင့်အပေါင်းအသင်းမိတ်ဆွေများထံ မျှဝေပေးနိုင်ကြမည်ဖြစ်သည်။

မျက်စိအတွင်းတိမ်ရောဂါဖြစ်ပွားခြင်း မရှိစေရန်အတွက် အပြင်ထွက်လျှင် နေကာမျက်မှန်တပ်ရန်၊ အရက်လျှော့သောက်ရန်၊ ကျန်းမာရေးအတွက် အထောက်အကူပြုသော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များများစားသုံးရန်၊ မျက်မှန်တပ်ရာတွင် မျက်မှန်ပါဝါတိကျမှုရှိစေရန်၊ မိုဘိုင်းလ်ဖုန်းနှင့် ကွန်ပျူတာကြည့်ရှုသုံးစွဲသည့်အချိန်ကို သတ်မှတ် ကန့်သတ်ထားရန်၊ မျက်စိဆရာဝန်နှင့် မှန်မှန်ပြရန် မျက်စိဆရာဝန်များက အကြံပြုထားကြောင်း သိရသည်။

**မယ်သီတာ**

# ဂျပန်နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံနိုင်မည့် Business Matching ပြုလုပ်မည်

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံနိုင်မည့် Business Matching ကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် Japan Myanmar Association (JMA) တို့ပူးပေါင်း၍ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံရန် စီစဉ်ခြင်းဖြစ်ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ Business Matching သို့ အမြဲတမ်းလုပ်သားဦးရေ ၁၀၀ ထက်မနည်းသော ထုတ်လုပ်မှုလုပ်ငန်း အမျိုးအစားများကို လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၊ ပို့ကုန်တင်ပို့ရန် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာထုတ်လုပ်မှုလုပ်ငန်းများ၊ စက်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်ထားကြောင်း သိရသည်။

စိတ်ပါဝင်စားသည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီအချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ UMFCCI တွင် သွားရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## အိန္ဒိယပဲ ရက်သတ္တပတ်

စံမီအောင်

အဂရီဝပ်ချ်က နိုဝင်ဘာ ၂၈ ရက်မှာ ထုတ်ပြန်ခဲ့သည့် ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာအရ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ရက်အတွင်း အိန္ဒိယနိုင်ငံက ပဲမျိုးစုံ တန်ချိန်သုံးသိန်းကျော် တင်သွင်းခဲ့ရာ ယခင်ရက်သတ္တပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက ၁၂ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း မဒ္ဒရာဆိပ်ကမ်း၊ ချန်နိုင်းနှင့် ခရစ်ရှနာပက်တနမ် ဆိပ်ကမ်းတို့တွင် ပဲမျိုးစုံကုန်သေတ္တာများ ဝင်ရောက်လာသည်ကို တွေ့ရသည်။

### ပဲမျိုးစုံတင်သွင်းမှု

နိုဝင်ဘာ ၁၄ ရက်နှင့် ၂၀ ရက်အထိ ကာလအတွင်း အိန္ဒိယ နိုင်ငံသို့ ပဲတင်သွင်းမှုမှာ ၃၂၀၀၁၂တန် ရှိခဲ့သည့်အတွက် နိုဝင်ဘာ ၁၃ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်းက တင် သွင်းခဲ့သော ၂၈၃၄၂၆တန်နှင့် နှိုင်းယှဉ်ပါက ၁၂ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရသည်။ အရေအတွက် အများဆုံး တင်သွင်းသော ပဲမှာ ပဲဝါလေးဖြစ်ပြီး တင်သွင်းသည့် တန်ချိန် ၂၁၂၅၈၈တန် ရှိခဲ့ သည်။ အခြားတင်သွင်းမှု အများဆုံးဖြစ်သော ပဲများမှာ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ နှင့် ပဲနီလေးတို့ ဖြစ်ပြီး ဘိုစားပဲ အပါအဝင် အခြားပဲ အချို့ကို အနည်းငယ် တင်သွင်းခဲ့သည်။

နိုဝင်ဘာ ၁၁ရက်မှ ၁၅ရက်အထိ ချန်နိုင်းနှင့် ခရစ်ရှနာ ပက်တနမ် ဆိပ်ကမ်းများသို့ ရောက်ရှိလာသော ပဲမျိုးစုံကုန်သေတ္တာ အရေအတွက်မှာ ၁၆၉၇၃ ဖြစ်သည့်အတွက် နိုဝင်ဘာ ၇ရက်မှ ၁၀ ရက်အတွင်း ဝင်ရောက်ခဲ့သည့် အရေအတွက်နှင့် နှိုင်းယှဉ်ပါက ၃၃ ဒသမ ၄၆ ရာခိုင်နှုန်း ကျဆင်းခဲ့ သည်။ တင်သွင်းလာသော ကုန်သေတ္တာများအနက် ပဲနီလေးက အများဆုံးဖြစ်ပြီး ကုန်သေတ္တာ ၉၄လုံး ရှိသည်။ အခြားတင်သွင်းသော ပဲများတွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း တို့ ပါဝင်သည်။ ဒီဇင်ဘာတွင် နောက်ထပ် သင်္ဘောသုံးစင်း သို့မဟုတ် လေးစင်း ဝင်လာဦးမည် ဖြစ်သဖြင့် သွင်းကုန်ပမာဏ တိုးတက်ဦးမည် ဖြစ်သည်။

နိုဝင်ဘာ ၁၃ရက်တွင် မဒ္ဒရာဆိပ်ကမ်းသို့ ဩစတြေးလျ ကုလားပဲ တန်၃၅၀၀၀ ရောက်ရှိပြီးနောက် ဩစတြေးလျ ကုလားပဲ တန်ချိန် ၄၂၀၀၀ တင်ဆောင်လာသော MV Halil Sahin ကလည်း မကြာမီ ရောက်ရှိတော့မည် ဖြစ်သည့်အပြင် ဩစတြေးလျ ကုလားပဲ တန်ချိန် ၂၃၇၀၀ တင်ဆောင်လာသော သင်္ဘောက ဒီဇင်ဘာ ၇ရက် တွင် မွမ်ဘိုင်းဆိပ်ကမ်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ကုလားပဲသစ်များ ဝင်ရောက်လာမှုကြောင့် ကုလားပဲဈေးကွက်အပေါ် ဂယက်ရိုက်ခတ်မှု ရှိနိုင်သည်။

### ဆောင်းပဲမျိုးစုံ စိုက်ပျိုးမှု

ဆောင်းရာသီ ပဲမျိုးစုံစိုက်ပျိုးမှုမှာ ပုံမှန်အားဖြင့် ဟက်တာ ၁၃၈ ဒသမ ၂၁ သိန်း ဝန်းကျင်ရှိပြီး ယခုနှစ်အချိန်ထိ ထက်ဝက်ခန့် စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ ယခင်နှစ်က စိုက်ပျိုးခဲ့သော ၉၅ ဒသမ ၀၈ ဟက်တာနှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရ သည်။ ဆောင်းစိုက်သီးနှံများတွင် အဓိကဖြစ်သော ကုလားပဲသီးနှံကို ယနေ့အထိ ၆၆ ဒသမ ၆၃ ဟက်တာ စိုက်ပျိုးနိုင်သည့်အတွက် ယခင် နှစ်ကနှင့် နှိုင်းယှဉ်ပါက ၂ဒသမ ၇၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ရာသီဥတုအခြေအနေမှာ ကုလားပဲ စိုက်ပျိုးရန်အတွက် ကောင်း မွန်ပြီး ဒီဇင်ဘာလလယ်တွင် အပြီးသတ် စိုက်ပျိုးနိုင်မည်ဟု ခန့်မှန်း ရသည်။ ကုလားပဲ ဈေးကောင်းရနေပြီး အနိမ့်ဆုံးထောက်ပံ့ကြေး ဈေးနှုန်း (MSP)မှာ တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ ရှိသည့်အတွက် ယခုနှစ်တွင် တောင်သူတို့က ကုလားပဲကို ပိုမိုစိုက်ပျိုးမည်ဟု ခန့်မှန်း ရသည်။

ဆောင်းရာသီစိုက် ပဲမျိုးစုံအနက် ဒုတိယအများဆုံးဖြစ်သော ပဲနီလေးစိုက်ပျိုးမှုမှာလည်း ပုံမှန်စိုက်ပျိုးနေကျ ဟက်တာ ၁၄ ဒသမ ၇၉ သိန်းအနက် ဟက်တာ ၁၀ဒသမ ၄သိန်းကို စိုက်ပျိုးထားပြီး ဖြစ် သည်။ ပဲနီလေးကို မဒ္ဒရာပရာဒက်ရှ်၊ ဥတ္တာပရာဒက်ရှ်နှင့် ဘီဟာ နယ်တို့တွင် အဓိက စိုက်ပျိုးသည်။ ဈေးနှုန်းများ မြင့်မားနေခြင်း၊ ရာသီဥတု အခြေအနေပေးခြင်းနှင့် MSP ဈေးဖြစ်သော တစ်ကွင် တယ် ၃၉၂၅ ရူပီးအောက် ကျဆင်းပါက အစိုးရက ဝယ်ယူမည့် အခြေအနေရှိခြင်းတို့ကြောင့် ပဲနီလေးကို တောင်သူတို့က အချိန်မီ စိုက်ပျိုးလျက်ရှိသည်။

ပဲလုံးစိုက်ပျိုးမှု အခြေအနေမှာ ပုံမှန်အားဖြင့် ဟက်တာ ၈ ဒသမ ၃၇သိန်း ရှိသည့်အနက် ယခုနှစ်အတွက် စိုက်ပျိုးမှုမှာ ဟက်တာ ၇ ဒသမ ၉၂ သိန်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ လက်ရှိ အတိုင်း စိုက်ပျိုးသွားပါက ယခုနှစ်တွင် ပုံမှန်စိုက်ပျိုးမှုထက် ကျော်လွန်မည်ဟု ခန့်မှန်းရပြီး ပဲသစ်များမှာ ဇန်နဝါရီတွင် စတင် ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ လောလောဆယ်တွင် ပဲလုံးကို ယူကရိန်း၊ ကနေဒါနှင့် အမေရိကန် ပြည်ထောင်စုတို့မှ အမြောက် အများ တင်သွင်းလျက် ရှိသည်။

ဆောင်းမတ်ပဲ စိုက်ပျိုးမှုအခြေအနေကို ယခင်နှစ် စိုက်ပျိုးမှု နှင့် နှိုင်းယှဉ်ပါက ၉ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းပြီး ဟက်တာ ၂ ဒသမ ၅၇သိန်းအထိသာ စိုက်ပျိုးနိုင်သည်ကို တွေ့ရသည်။ မတ်ပဲ စိုက် ပျိုးမှု ကျဆင်းရသည့် အကြောင်းအရင်းများအနက် တောင်သူတို့က ဆောင်းရာသီတွင် အချိန်တိုအတွင်း ရိတ်သိမ်းရသည့် သီးနှံကို ပိုမို စိုက်ပျိုးလိုခြင်းကလည်း အကြောင်းရင်းတစ်ခုအဖြစ် ပါဝင်သည်။ ဆောင်းရာသီအကုန်အထိဆိုပါက စိုက်ပျိုးမှုဧရိယာဟာ ဟက်တာ ခုနစ်သိန်း ရှိမည်ဟု ခန့်မှန်းရသည်။

ယခုနှစ်တွင် ပဲတီစိမ်းဈေးနှုန်းမှာ အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်း (MSP) ဖြစ်သော တစ်ကွင်တယ်ကို ၅၂၂၃ ရူပီးအောက် ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၄၈၀၀ သာ ရှိသည့်အတွက် ဆောင်းရာသီတွင် စိုက်ပျိုးမှု ကျဆင်းလျက် ရှိသည်။ ပုံမှန် စိုက်ပျိုးနေကျ ဟက်တာ ၈ ဒသမ ၆၅သိန်းအနက် သုညဒသမ ၉၄သိန်းသာ စိုက်ပျိုးနိုင်သည်ကို တွေ့ရသည်။

### အရန်သိုလှောင်မှု

နောက်ဆုံးထုတ်ပြန်သော စာရင်းများအရ အရန်သိုလှောင်မှု အဖြစ် တန် သိန်း၂၀ ဝယ်ယူရန် စီစဉ်ထားသည့်အနက် ပြည်တွင်း ဈေးကွက်မှာ တန်ချိန် ၁၀ သိန်း ဝယ်ယူပြီး ကျန်လိုအပ်ချက်ကို ပြည်ပ မှ တင်သွင်းမည်ဖြစ်သည်။ နိုဝင်ဘာ ၂၁ ရက်အထိ အရန်သိုလှောင်မှု အဖြစ် ဝယ်ယူနိုင်သည့် ပမာဏမှာ တန်ချိန် ၆ဒသမ ၃၈သိန်း ဝယ်ယူ ထားရှိပြီး ဖြစ်သည်။ ဝယ်ယူသိုလှောင်ခဲ့သော ပဲအမျိုးမျိုးတွင် ပဲစင်းငုံ၊ ကုလားပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ ပါဝင်ပြီး ပဲစင်းငုံမှာ အများဆုံးဖြစ် ကာ တန်ချိန် ၂ဒသမ ဝ၄သိန်း ရှိသည်။ ပြည်တွင်းမှ ဝယ်ယူရန် စီစဉ် ထားသည့် ပမာဏအနက် ဆောင်းသီးနှံမှ တန်ချိန်ငါးသိန်းနှင့် မိုး စိုက်ပဲမှ တန်ချိန်ငါးသိန်း ဝယ်ယူမည် ဖြစ်သည်။ ယခုစိုက်ပျိုးရာသီ တွင် ပဲအမျိုးမျိုး ထွက်ရှိမှုမှာ တန်ချိန် ၂ဒသမ ၇၅သန်းရှိမည်ဟု ခန့်မှန်းရသည်။ ကုလားပဲဈေးမှာမူ နိမ့်/မြင့် ရူပီး ၉၀၀၀ - ၁၀၀၀၀ နှုန်း ဖြင့် ရောင်းချလျက် ရှိပြီး ဒီဇင်ဘာတွင် အမြောက်အများ ဝင် ရောက်လာမည်ဖြစ်သဖြင့် ဈေးနှုန်းက အကျဘက်သို့ ဦးတည်နေ သည်။

ပဲအားလုံး၏ ဈေးနှုန်းအခြေအနေကို ခြုံငုံသုံးသပ်မည်ဆိုပါက ဈေးနှုန်းမှာ အကျဘက်သို့ ဦးတည်နေသည်ကို တွေ့ရသည်။

### အပြည်ပြည်ဆိုင်ရာ ဈေးကွက်အခြေအနေ

နောက်ဆုံးရရှိထားသော သတင်းများအရ ၂၀၁၆ - ၁၇ ခုနှစ် တွင် ကနေဒါပဲ ထုတ်လုပ်မှုမှာ မက်ထရစ်တန် ၄ဒသမ ၁သန်း ရှိမည် ဖြစ်ရာ ၂၀၁၅ - ၁၆ ခုနှစ်က ထွက်ရှိခဲ့သော မက်ထရစ်တန် ၃ ဒသမ ၂သန်းနှင့် နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရ သည်။ ထုတ်လုပ်မှု မြင့်တက်လာသည့်အတွက် ယခုနှစ်ပဲတင်ပို့မှုမှာ မက်ထရစ်တန် လေးသန်းကျော် ရှိမည်ဟု ခန့်မှန်းရသည်။ ကနေဒါ တွင် သိုလှောင်မှု မြင့်တက်ပြီး ကမ္ဘာ့ရောင်းလိုအားမှာလည်း မြင့် တက်မှုကြောင့် လယ်သမားများထံမှ ရောင်းဈေးမှာလည်း ကျဆင်း မည်ဟု ခန့်မှန်းရသည်။

ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ပဲနီလေးစိုက်ဧရိယာ တိုးတက်မှုကြောင့် ထုတ်လုပ်မှုက ၁၃၆ရာခိုင်နှုန်း တိုးတက်ပြီး မက်ထရစ် ၅ဒသမ ၆၄သိန်း ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကကို ၁၃၅၆ ပေါင်နှုန်း ရှိမည်ဖြစ်သဖြင့် ၂၀၁၅ ခုနှစ် ထွက်ရှိခဲ့သည့် အထွက်နှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ဧက ၂၄၈ ပေါင် ပိုမိုထွက်ရှိခဲ့သည်ကို တွေ့ရသည်။

❑

# အိန္ဒိယကုမ္ပဏီ ၁၄ ခုကို တရုတ်နိုင်ငံက ဆန်တင်ပို့ခွင့်ပြုမည်



အိန္ဒိယနိုင်ငံရှိ ကုမ္ပဏီ ၁၄ခုထံမှ ဘာစမာတီဆန် တင်သွင်းရန် တရုတ်နိုင်ငံက သဘောတူလိုက်ပြီ ဖြစ်ကြောင်း ဘိစနက်စတန်းဒက်သတင်းတွင် ဖော်ပြသည်။

တင်သွင်းခွင့် ရသော ကုမ္ပဏီများတွင် ဒါဝတ်ကုန်အမှတ်တံဆိပ် ဖြင့် ထုတ်လုပ်သော LT Foods၊ India Gate အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော KRBL နှင့် Kohinoor Foods တို့ ပါဝင်သည်။

အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် လျှောက်ထားခဲ့သော ကုမ္ပဏီများအနက် ကုမ္ပဏီငါးခုကို အရည်အသွေးမမီသည့်အတွက် အမျိုးသားသစ်ပင် ကာကွယ်ရေးအဖွဲ့ (National Plant Protection Organisation) က ပယ်ချခဲ့ပြီး အရည်အသွေး တိုးတက်အောင် ဆောင်ရွက်ပြီးမှ ပြန်လည်လျှောက်ထားရန် အကြံပြုခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်တင်သွင်းမှု အများဆုံး နိုင်ငံဖြစ်သော်လည်း ဆန်မွှေးနှင့် ဘာစမာတီဆန်ကို ယခင်က မှာယူခြင်းမရှိဘဲ NPPO တွင် မှတ်ပုံတင်ထားသော အိန္ဒိယ ကုမ္ပဏီများကို လာမည့်စက်တင်ဘာတွင် အပြီးသတ် စစ်ဆေးပြီးနောက် ယခုနှစ်တွင် စတင်ဝယ်ယူသွားမည် ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှု လိုငွေမှာ ၂၀၀၃-၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅-၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၇ ဘီလီယံ ရှိခဲ့သည်။ ယခုကဲ့သို့ ဘာစမာတီဆန်ကို တင်ပို့ခွင့် ရမည်ဆိုပါက ကုန်သွယ်မှုလိုငွေ ကျဆင်းလာနိုင်သည်။

"အိန္ဒိယနိုင်ငံသည် ဟောင်ကောင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဘာစမာတီဆန် နှစ်စဉ် တန် ၄၀၀၀ မှ ၅၀၀၀ အထိ တင်ပို့လေ့ရှိပါတယ်။ ဒီတစ်ကြိမ်မှာတော့ တရုတ်နိုင်ငံကို တိုက်ရိုက် ရောင်းချတော့မှာ ဖြစ်ပါတယ် " ဟု အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့သူများ အသင်းဥက္ကဋ္ဌ ရာဂျင်ဆန်ဒါဆန်က ပြောသည်။

**စံမီအောင်**

# ငွေကြေးခဝါချမှု တိုက်ဖျက်ရေး စည်းမျဉ်းများကို တောင်ကိုရီးယားနိုင်ငံတင်းကျပ်

ငွေကြေးခဝါချမှုများကို တိုက်ဖျက်ရာတွင် ကြုံတွေ့နေရသော အားနည်းချက်၊ ဟာကွက်များကို ပိတ်ဆို့နိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံက အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ရှေ့နေများ၊ စာရင်းကိုင်များ၊ အိမ်ခြံမြေလုပ်ငန်းများနှင့် ဘဏ္ဍာရေးကဏ္ဍမှ မဟုတ်သောအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေသူများအကျုံးဝင်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။

လောလောဆယ် ဥပဒေပြဋ္ဌာန်းချက်အရဆိုပါက ဘဏ္ဍာရေးလုပ်ငန်းများနှင့် ကာစီနိုကစားဝိုင်းများ သာလျှင်ဖောက်သည်များနှင့် သက်ဆိုင်သောမှတ်တမ်းများ၊ သံသယဖြစ်ဖွယ် ငွေပေးငွေယူလုပ်ငန်းများကို အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။

ငွေကြေးခဝါချမှုကို တိုက်ဖျက်ရာတွင် ဘဏ္ဍာရေးမဟုတ်သော ကဏ္ဍက လွတ်ကင်းလျက်ရှိကြောင်း ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (Financial Service Commission) ဥက္ကဋ္ဌ ယင်ဂျောင်ယောင်ကပြောသည်။

"ငွေကြေးကဏ္ဍမဟုတ်တဲ့ အသက်မွေးဝမ်းကြောင်း ပညာရှင်တွေကိုပါ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးတာဝန်များကို သတ်မှတ်ပေးခြင်းနဲ့ ကော်ပိုရေးရှင်းများကိုပါ ဖော်ထုတ်ရေးစနစ်ကို တိုးတက်ဆောင်ရွက်ခြင်းဖြင့်လည်း တောင်ကိုးရီးယားအစိုးရက ကမ္ဘာစံချိန်နဲ့အညီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဆိုလ်းမြို့တွင် ကျင်းပသည့် "ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနေ့" ၁၀ နှစ် မြောက် အခမ်းအနားတွင် ယင်ကပြောသည်။

တောင်ကိုးရီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် ဘဏ္ဍာရေး အရေးယူဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Financial Action Task Force) ၏ တင်းပြည့်အဖွဲ့ဝင်အဖြစ် ရောက်ရှိခဲ့သည်။ အဆိုပါအဖွဲ့မှာ ငွေကြေးခဝါချမှု၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုနှင့် အခြားအန္တရာယ်ပြုလုပ်ငန်း များအားတိုက်ဖျက်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် နိုင်ငံပေါင်းစုံအဖွဲ့အစည်းအဖြစ် ထူထောင်ထားသော အဖွဲ့ဖြစ်သည်။

FATFအတွက် လေ့ကျင့်ရေးနှင့် သုတေသနအဖွဲ့ကိုထူထောင်ပေးကာ တောင်ကိုးရီးယားက နိုင်ငံတကာ ကိုငွေကြေးထောက်ပံ့ ပေးလျက်ရှိပြီး လေ့ကျင့်ရေးနှင့် သုတေသနအဖွဲ့ကို ၂၀၁၆ ခုနှစ် စက်တင်ဘာမှစတင်၍ ဘူဆန်မြို့တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

# အကြွေးကတ် စည်းမျဉ်းသစ်များကို ဗီယက်နမ်နိုင်ငံ ချမှတ်

ဗီယက်နမ် ဗဟိုဘဏ်ဖြစ်သော (State Bank of Viet Nam) ၏ ညွှန်ကြားချက်သစ်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက် နောက်ပိုင်းကတ်ပိုင်ရှင်၏ အမှားကြောင့်မဟုတ်ဘဲ ပေါ်ပေါက်ရသော ဆုံးရှုံးမှုများအတွက် အကြွေးကတ် ထုတ်ပေးသောလုပ်ငန်းများက လျော်ကြေးပေးရမည်ဖြစ်ကြောင်း ဗီယက်နက်နယူစ်းသတင်းတွင် ဖော်ပြသည်။

အမှားအယွင်း ဖြစ်ပေါ်ပါက သက်ဆိုင်ရာ သဘောတူစာချုပ်နှင့် မကြာသေးမီက ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကတ်သုံးစွဲသူက တောင်းခံရမည်ဖြစ်သည်။ ကတ်သုံးစွဲသူက တောင်းခံမှုကို အခြေခံ၍ စစ်ဆေးရာမှ ထွက်ပေါ်လာသော ရလဒ်ကိုကြေညာပြီး နောက်ပိုင်းအများဆုံးငါးရက်အတွင်း ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများက ဖြေရှင်းပေးရမည်ဖြစ်သည်။

ကတ်ထုတ်ပေးသော ပဋိညာဉ်စာချုပ်တွင် ဖော်ပြထားသော တောင်းဆိုမှုကို စစ်ဆေးရန် နောက်ဆုံးရက်ကို ကျော်လွန်သွားပါက အကြွေးကတ်ထုတ်ပေးသော ကုမ္ပဏီက ကတ်ပိုင်ရှင်နှင့် အလုပ်ဖွင့်ရက် ၁၅ ရက်အတွင်း ညှိနှိုင်းတိုင်ပင်ပြီး အဖြေရှာမည်၊ သို့မဟုတ် မှားယွင်းမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်က နောက်ဆုံး ဆုံးဖြတ်ချက်မချမီ ယာယီလျော်ကြေးငွေကို ကတ်ထုတ်ပေးသော ကုမ္ပဏီက ပေးထားရမည်ဖြစ်သည်။




ချက်လက်မှတ်နှင့် ပတ်သက်၍ ဖောက်ဖျက်ပါက တောင်းဆိုရမည့်အချိန်ကန့်သတ်ချက်ကို အတိအကျပြဋ္ဌာန်းထားပြီးဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းချက်အရ ဆိုပါကချက်လက်မှတ်ဖြင့် ငွေထုတ်ရန် တင်ပြသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း တောင်းခံရမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ဖော်ပြသည်။ သို့သော်လည်း အဆိုပါတောင်းခံမှုနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ရာတွင် ချက်လက်မှတ်ထုတ်ပေးသော အဖွဲ့အစည်းသည် ချက်လက်မှတ်ပိုင်ရှင်ကကနဦး လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းပေးရမည်ဖြစ်သည်။

ဥပဒေ ဖောက်ဖျက်မှုနှင့် အကျုံးဝင်သော အမှုကိစ္စများတွင် စုံစမ်းစစ်ဆေးမှုများကို အစိုးရက အခွင့်အာဏာပေးထားသော အေဂျင်စီများက ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေချိုးဖောက်မှုနှင့် မသက်ဆိုင်သောအမှုကိစ္စများကို ကတ်ထုတ်ပေးသူနှင့် ကတ်သုံးစွဲသူတို့အချင်းချင်း ဖြေရှင်းညှိနှိုင်းရမည်ဖြစ်သည်။

# ထရမ့်၏ အောင်မြင်မှုနှင့် ဘရက်ဇစ် စသည့်အခြေအနေများက ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုကိုဖြစ်စေကြောင်း အီးစီဘီ အကြီးအကဲပြောကြား

အမေရိကန်သမ္မတအဖြစ် ထရမ့်ရွေးချယ်ခံရမှုနှင့် အီးယူမှဗြိတိန်နိုင်ငံနုတ်ထွက်မှု စသည့် ပထဝီနိုင်ငံရေးအဖြစ်အပျက်များသည် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးမတည်ငြိမ်မှုများ၏ အဓိက အကြောင်းရင်းများ ဖြစ်ကြောင်း နိုဝင်ဘာ ၂၈ ရက်က ဥရောပပါလီမန်တွင်ဥရောပဗဟိုဘဏ်(အီးစီဘီ) အကြီးအကဲ မာရီယိုဒရက်ဂီ၏ ပြောကြားချက်ကို အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

"မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ အဖြစ်အပျက်တွေကို ကြည့်ခြင်းအားဖြင့် လာမယ့်လပေါင်းများစွာ အတွင်း ပထဝီနိုင်ငံရေး မရေရာမှုတွေက ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုအတွက် အဓိကအကြောင်းအရင်းတွေ ဖြစ်လာမှာကို ထင်ရှားပြတ်သားစွာ တွေ့မြင်နေရပါတယ်"ဟု ဥရောပပါလီမန်လွှတ်တော် စီးပွားရေးရာကော်မတီကို ဒရပ်ဂီက သတိပေးပြောကြားသည်။

ဗြိတိသျှမဲ ဆန္ဒရှင်များက အီးယူမှနုတ်ထွက်ရန် ဆုံးဖြတ်ချက်နှင့် အဆိုပါဆုံးဖြတ်ချက်ကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်များကို အီးစီဘီဥက္ကဋ္ဌ ဒရပ်ဂီကအလေးပေးပြောကြားသွားသည်။ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာမည့် အလားအလာများမှာ အချိန်အခါ၊ ဖြစ်ပေါ်တိုးတက်မှုနှင့် လာမည့်စေ့စပ်ညှိနှိုင်းမှု အခြေအနေများအပေါ်တွင် မူတည်၍ ဖြစ်ပေါ်လာသည့်အတွက် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကြိုတင်ခန့်မှန်းရန် ခက်ခဲကြောင်း သူကပြောသည်။

မရေရာမှုများကို လျှော့ချနိုင်ရန်အတွက်စေ့စပ်ညှိနှိုင်းမှုများကို အမြန်ဆုံး ပြတ်ပြတ်သားသား ဆောင်ရွက်ရန် အရေးကြီးကြောင်း သူကပြောသည်။

အမေရိကန်သမ္မတအဖြစ် ကိုယ်ကျိုး စီးပွားကာကွယ်မှုကို လက်ခံထားသော ဒေါ်နယ်ထရမ့် ရွေးချယ်ခံရခြင်းက အမေရိကန်ပြည်ထောင်စု၏ အနာဂတ်မူဝါဒအတွက် မေးခွန်းထုတ်စရာအများအပြား ပေါ်ထွက်စေခဲ့ကြောင်း သူကပြောသည်။

ပြောင်းလဲမှုများမှာ နက်ရှိုင်းစွာ ဖြစ်ပေါ်နေသည့်အတွက် လာမည့်လအနည်းငယ်မျှသာမက လာမည့်နှစ်ပေါင်းများစွာအထိ အကျိုးသက်ရောက်မှုများရှိနေမည်ဖြစ်ကြောင်း အီးစီဘီဥက္ကဋ္ဌကပြောသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးတည်ငြိမ်ရေးအတွက်အများကြီးဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် တစ်ခုတည်းသောဈေးကွက်ကို ထိန်းသိမ်းရန်နှင့် သမဂ္ဂအဖွဲ့၏ အခြေခံအုတ်မြစ် ဆက်လက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အီးယူအဖွဲ့ဝင်နိုင်ငံများကို သူကတိုက်တွန်းသည်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက စက်မှုမဟာဗျူဟာသစ်ကို ထုတ်ပြန်

ဖိလစ်ပိုင်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပြန်လည်ရှင်သန်ရေးနှင့် လာမည့်နှစ်များအတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် စက်မှုလုပ်ငန်း မဟာဗျူဟာသစ်ကို ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြထားသည်။

အလုပ်အကိုင်ရရှိမှု အခြေအနေကို မြှင့်တင်ရန်နှင့် လုပ်ငန်းရှင်တို့၏ အရည်အသွေးကို မြှင့်တင်ပေးရန်အတွက် လက်ရှိစီးပွားရေးလုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိသော စက်မှုလုပ်ငန်းများအား မဟာဗျူဟာသစ်ချမှတ်ကာ ဦးစားပေးအဖြစ်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ရေမွန်လိုပက်က ပြောသည်။ ဦးစားပေးအဖြစ် ထားရှိသွားမည့် စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်ရေး၊ လယ်ယာစီးပွား၊ သတင်းအချက်အလက် နည်းပညာ(အိုင်တီ)၊ ခရီးသွားလုပ်ငန်းနှင့်အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းရှိ ထောက်ပံ့ပို့ဆောင်ရေးတို့ပါဝင်သည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဝန်ဆောင်မှုလုပ်ငန်းကသာ နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အား ဖြစ်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစ၍ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပေးခဲ့ကြောင်း လိုပက်ကပြောသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍက ယခုနှစ် တတိယသုံးလပတ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်ကာလတူက ရရှိခဲ့သည့် တိုးတက်မှုနှုန်းဖြစ်သည့် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရသည်။

စက်မှုလုပ်ငန်း မဟာဗျူဟာသစ်ကို ချမှတ်နိုင်သည့်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍသည် လာမည့်ခြောက်နှစ်အတွင်း ပျမ်းမျှရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ကြောင်း လိုပက်က ပြောသည်။ စက်မှုမဟာဗျူဟာသစ်သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အညီလိုက်ပါဆောင်ရွက်နိုင်ရန် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက တုံ့ပြန်ချမှတ်ခဲ့သည့် မဟာဗျူဟာဖြစ်ပြီး အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များ၏ အလုပ်လက်မဲ့ပြဿနာကို ထိန်းကျောင်း ပေးနိုင်ခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

စက်မှုမဟာဗျူဟာသစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ တန်ဖိုးမြှင့်ဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှုနှင့် အလုံးစုံပါဝင်သော စက်မှုလုပ်ငန်းမျိုးကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း လိုပက်က ပြောသည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ထွန်းသစ်စ အာရှငွေကြေး အများစု၏ တန်ဖိုးမှာ ဒေါ်လာနှင့် ဖလှယ်ရာတွင် ဒီဇင်ဘာ ၁ ရက်က ကျဆင်းခဲ့သည်။ ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်) အဖွဲ့ဝင်နိုင်ငံများသည် ရေနံထုတ်လုပ်မှုကို လျှော့ချရန် နိုဝင်ဘာ ၃၀ရက်က ပထမဆုံးအကြိမ်အဖြစ် သဘောတူခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်သည် ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ပင် ဖြစ်သည်။ ထိုသို့ သဘောတူညီမှု ရရှိခဲ့သည့်အတွက် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့သည့်နည်းတူ အမေရိကန် ပြည်ထောင်စု ငွေတိုက်စာချုပ်များ တန်ဖိုးမြင့်တက်ပြီး ဒေါ်လာ တန်ဖိုးမှာလည်း အခြားအဓိကငွေကြေး ခြောက်မျိုးနှင့် ဖလှယ်ရာတွင် တန်ဖိုး မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံမှ ငွေကြေးများ ပြည်ပသို့ စီးထွက်နေခြင်းကို ကာကွယ်ရန်အတွက် တရုတ်အစိုးရက အစီအမံသစ်များကို ထုတ်ပြန်ခဲ့သည့်အတွက် တရုတ်ယွမ်ငွေကြေး၏ တန်ဖိုး ကျဆင်းခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ နိုဝင်ဘာ ကုန်ထုတ်လုပ်မှုမှာ မူလ ခန့်မှန်းထားသည်ထက် ပိုမိုကောင်းမွန်လာသည့်အတွက် ယွမ်တန်ဖိုး ကျဆင်းမှုကိုပြန်လည် ထိန်းသိမ်းပေးနိုင်ခဲ့သည်။

**တရုတ်ယွမ်**

ငွေကြေး ပြည်ပသို့ စီးထွက်မှုကို ထိန်းချုပ်ရန် အစီအမံသစ်များကို တရုတ်အစိုးရက ကြေညာခဲ့ပြီး နောက်ပိုင်း ဒီဇင်ဘာ ၂ ရက်က တရုတ်ယွမ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ရှန်ဟဲတွင် ရောင်းဝယ်လျက်ရှိသော Onshore ယွမ်ငွေကြေး ဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၂ရက်က နံနက် ၁၁း၅၀ နာရီက အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၈၃၀ ယွမ်နှုန်းရှိခဲ့ရာ ယခင်နေ့ ဈေးပိတ်ချိန်က နှုန်းအတိုင်း တန့်နေသည်ကို တွေ့ရသည်။ သို့သော်လည်း ဟောင်ကောင်တွင် ရောင်းဝယ်လျက်ရှိသော Off-shore ယွမ်မှာ သုညဒသမ ၀၆ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၈၃၃ ယွမ်နှုန်း ရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်ကမူ ဗဟိုဘဏ်၏ ရည်ညွှန်းဖလှယ်နှုန်းကို အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၈၇၉၄ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်ကထက် သုညဒသမ ၂၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**အိန္ဒိယရူပီး**

အမေရိကန် ငွေကြေးကို ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းများက ဆက်လက် ရောင်းချလျက်ရှိသည့်အတွက် ဒီဇင်ဘာ ၂ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် အိန္ဒိယရူပီး တန်ဖိုးက သုညဒသမ ၀၅ရူပီးနှုန်း မြင့် တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၈ဒသမ ၂၉ရူပီးနှုန်းရှိခဲ့ရာ လေးရက်မြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

ပြည်ပဈေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာ တန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့သော်လည်း ပြည်တွင်းစတော့ဈေးကွက်တွင် အိန္ဒိယရှယ်ယာများ၏ တန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။

**ဂျပန်ယန်း**

ရေနံဈေးနှုန်း မြင့်တက်မှုက အမေရိကန် ငွေတိုက်စာချုပ်များနှင့် ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးမည့် အလားအလာများကိုပြသနေသည့်အတွက် နိုဝင်ဘာ ၃၀ရက်က ယန်းငွေနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးသည် ကိုးလအတွင်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

အမေရိကန် ဒေါ်လာတန်ဖိုးက ယန်းငွေနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၁၁၄ ဒသမ ၉၃ ယန်းရှိသည့်အတွက် ၁ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ မတ် ၂ ရက် နောက်ပိုင်း အမြင့်ဆုံး ဖြစ်သည်။

ယူရိုတန်ဖိုးမှာ ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၉ရာခိုင်နှုန်း ကျဆင်းပြီး တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ဒသမ ၀၅၅၄ နှုန်း ရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

မလေးရှားဈေးကွက်အပေါ် ယုံကြည်မှု မြင့်တက်လာသည့်အတွက် ဒီဇင်ဘာ ၂ ရက်က အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတစ်ဦးက ပြောသည်။ ဒီဇင်ဘာ ၁ရက် ဈေးပိတ်ချိန်က အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၄ဒသမ ၄၆၁၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉နာရီ ၄ မိနစ်မှာ တစ်ဒေါ်လာကို ၄ဒသမ ၄၅၀၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။ အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ် တန်ဖိုး ကျဆင်းခဲ့သည်။

**ကိုရီးယားဝမ်**

ရင်းနှီးမြှုပ်နှံသူတို့က ကုမ္ပဏီကြီးများ၏ ရှယ်ယာများကိုပြန်လည် ရောင်းချလာသည့်အတွက် တောင်ကိုရီးယား စတော့ရှယ်ယာ တန်ဖိုးများသည် ဒီဇင်ဘာ ၂ရက်က သုညဒသမ ၇၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အလားတူ တောင်ကိုရီးယားဝမ် ငွေကြေးတန်ဖိုးမှာလည်း ဒေါ်လာနှင့် ဖလှယ်ရာတွင် ဒီဇင်ဘာ ၁ရက်က ရှိခဲ့သည့် ဖလှယ်နှုန်းအောက် ၅ဒသမ ၁ ဝမ်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၇၂ ဒသမ ၇၀ဝမ်နှုန်း ရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးသည် ဒေါ်လာနှင့် ဖလှယ်ရာတွင် ဒီဇင်ဘာ ၁ရက်က တစ်ဒေါ်လာကို ၃၅ဒသမ ၆၈ ဘတ်နှုန်း ရှိခဲ့ရာမှ ဒီဇင်ဘာ ၂ရက်တွင် တစ်ဒေါ်လာကို ၃၅ ဒသမ ၆၂ ရာခိုင်နှုန်း ရှိခဲ့သည့်အတွက် သုညဒသမ ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်



## ရင်းနှီးငွေများ ပြည်ပစီးထွက်မှုကို ထိန်းချုပ်ရန် တရုတ်နိုင်ငံခြားငွေ ကြီးကြပ်ရေးအဖွဲ့က ကြိုးပမ်း

တရုတ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ စံချိန်တင်မြင့်တက်ခဲ့သည့်အပြင် ယွမ်ငွေကြေး တန်ဖိုးကလည်း ရှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့သည့်အတွက် မတည်ရင်းနှီးငွေများ ပြည်ပသို့စီးထွက်မှုကို ထိန်းချုပ်ရန် အစီအမံများကို စီစဉ်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် နိုဝင်ဘာ ၂၉ ရက်က ဖော်ပြသည်။

တရုတ်နိုင်ငံနိုင်ငံခြားငွေ စီမံအုပ်ချုပ်ရေးဌာန(State Administration of Foreign Exchange) သည် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက်ရှိ ပြည်ပသို့ လွှဲပြောင်းငွေများကို ပြန်လည်စိစစ်လျက်ရှိပြီး ယခင်က အတည်ပြုပြီးဖြစ်သော သဘောတူစာချုပ်များ အပါအဝင် ပြည်ပနှင့်ချုပ်ဆိုသော သဘောတူစာချုပ်များကို စိစစ်လျက်ရှိကြောင်း သက်ဆိုင်ရာနှင့် နီးစပ်သည့် သတင်းရပ်ကွက်များကို ကိုးကားပြီး ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရားဝင်နှင့် တရားမဝင်ငွေကြေးများ ပြည်ပသို့စီးထွက်မှုများကြောင့် ယွမ်ငွေကြေးအပေါ်တွင် ဖိအားပေးမှုများ ပေါ်ပေါက်လျက်ရှိသည့်အတွက် ယခုနှစ်စမှ ယခုအချိန်အထိ ယွမ်ငွေကြေးတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဆက်လက် ကျဆင်းမည်ဟုလည်း ကုန်သည်များက ခန့်မှန်းထားသည်။

## အိန္ဒိယစီးပွားရေးဖွံ့ဖြိုးမှုအတွက် အိန္ဒိယဗဟိုဘဏ်က ဒီဇင်ဘာတွင် အတိုးနှုန်းလျှော့ချမည်




ကမ္ဘာ့စီးပွားရေး မရေရာမှုများနှင့် ရူပီးတန်ဖိုး မတည်ငြိမ်မှုများက အိန္ဒိယဗဟိုဘဏ်၏ အတိုးနှုန်းများကို လျှော့ချရန် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်သည် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ညွှန်ပြနေသော်လည်း တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ငွေကြေးဖောင်းပွမှုအလားအလာ ကောင်းမွန်မှုများကို အကြောင်းပြု၍ အိန္ဒိယဗဟိုဘဏ်က အချိန်စော၍ ဒီဇင်ဘာတွင် လျှော့ချ တော့မည့် အလားအလာများကို တွေ့ရကြောင်း DBS ဘဏ်၏ အစီရင်ခံစာပါ ဖော်ပြချက်ကို ဟိန္ဒူဘိဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး အာဂျစ်ပေတဲ ဦးဆောင်သော ငွေကြေးမူဝါဒ ကော်မတီက ဗဟိုဘဏ်စံထားအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချပြီး ၆ ဒသမ ၂၅ ရာခိုင်နှုန်းအဖြစ် အောက်တိုဘာလအတွင်းက သတ်မှတ်ခဲ့သည်။ အိန္ဒိယဗဟိုဘဏ်သည် ဒီဇင်ဘာ ၇ ရက်တွင် မူဝါဒ ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

ဝန်ကြီးချုပ် နရိန္ဒရာမိုးဒိက ရူပီး ၁၀၀၀ တန်နှင့် ရူပီး ၅၀၀ တန် ငွေစက္ကူများကို တရားမဝင် ငွေကြေးအဖြစ် နိုဝင်ဘာ ၈ ရက်ကကြေညာခဲ့သည်။ ငွေစက္ကူ တရားမဝင်ကြောင်း ကြေညာမှုက အထူးသဖြင့် စားသုံးမှု၊ ဖြန့်ဖြူးရေးကွင်းဆက်နှင့် ငွေသားအပေါ် မှီခိုမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးဖောင်းပွမှုအပေါ်တွင် ယခုသုံးလပတ်နှင့် နောက်သုံးလပတ်တွင် ဂယက်ရိုက်ခတ်မှုရှိနိုင်သည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
မှန်သည် မြန်သည် မြဝတီ
Point of Sales (POS)Services
MPU, UPI နှင့် JCB Card များဖြင့် ငွေပေးချေနိုင်သော မြဝတီဘဏ်လီမိတက်၏Point of Sales Terminal များကို Shopping Centres၊ Restaurants၊ Clinics ၊ Travels & Tours၊ Hotels ၊Transportation Services၊ Retail shops ၊ ရွှေဆိုင်နှင့် လက်ဝတ်ရတနာ ဆိုင်များတွင် တပ်ဆင်ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်းနှင့် လူကြီးမင်းတို့၏ဆိုင်များတွင် POS တပ်ဆင်အသုံးပြုလိုပါက မြဝတီဘဏ်နှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
ATM Services
မြဝတီဘဏ်လီမိတက်၏ MPU Debit Card များဖြင့် MPU Logo ပါသည့် မည်သည့်ဘဏ်၏ ATM စက်များတွင်မဆို –
တစ်ရက်လျှင် အကြိမ်ကန့်သတ်ချက်မရှိ ငွေပမာဏ အများဆုံးကျပ် ၁၀ သိန်းအထိ ငွေသားထုတ်ယူနိုင်ခြင်း၊
မည်သည့် POS များတွင်မဆို ငွေပမာဏ ကျပ် ၅၀ သိန်းအထိ ငွေပေးချေနိုင်ခြင်း၊
မြဝတီဘဏ်၏ ATM စက်များတွင် MPU, UPI နှင့် JCB Logo ပါသည့်Card များဖြင့် ငွေသားထုတ်ယူနိုင်ခြင်း၊
မြဝတီဘဏ်၏ ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်းတို့မှ ကတ်စာရင်းသို့ အလိုအလျောက် စာရင်းပြောင်းရွှေ့နိုင်ခြင်း၊
မြဝတီဘဏ်၏ ဘဏ်ခွဲများနှင့် အခြားချိတ်ဆက်ဘဏ်များမှ မြဝတီဘဏ်၏ ကတ်စာရင်းသို့ ငွေလွှဲပေးသွင်းနိုင်ခြင်း၊
ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ ဝန်ထမ်းများအတွက် မြဝတီဘဏ်၏ ကတ်စာရင်းများဖြင့် လစာပေးနိုင်ခြင်း၊
MPU အဖွဲ့ဝင်ဘဏ်များ၏ Merchant Websites များတွင် မြဝတီဘဏ်၏ကတ်များအသုံးပြု၍ ပစ္စည်းများဝယ်ယူခြင်း (Online Shopping) နှင့် Mobile Phone Top up ပြုလုပ်နိုင်သည့် e- Commerce စနစ်အားဝန်ဆောင်မှုပေးခြင်း၊
Mobile Banking Services
Customer များအနေဖြင့် Mobile Phone အသုံးပြု၍ -
Balance စစ်ဆေးခြင်း၊
Bank Statement ကြည့်ရှုခြင်း၊
Account Summary ကြည့်ရှုခြင်း၊
ချိတ်ဆက်စာရင်းများ၏ သတင်းအချက်အလက် စစ်ဆေးခြင်းနှင့်ဘဏ်၏ ATM/POS စက်တည်ရှိရာနေရာများ၊ ဘဏ်ခွဲလိပ်စာများ၊ ငွေလဲလှယ်နှုန်းများ၊ ငွေလွှဲခနှုန်းထားများ ကြည့်ရှုနိုင်ခြင်းစသည့် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။
Email : mwdbankygn@mptmail.net.mm
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402
MPU
UnionPay 银联
JCB


AUNG THAMARDI
GOLD & JEWELLERY
SHOP (1) : 89th st, Between 21st & 22nd st, Mandalay. Ph : 02-39730, 02-71744.
SHOP (2) : No.115, 84th st, Between 29th & 30th st, Mandalay. Ph : 02-66785.
SHOP (3) : No.55, 29th st (Lower block), Yangon. Ph : 01-389922, 01-374488.
SHOP (4) : No.177, 84th st, Between 31st & 32nd st, Mandalay. Ph : 02-30342, 02-30784.
SHOP (5) : No.80, Shwe Bone Thar St (Lower Block), Panpedan Tsp, Yangon.
SHOP (6) : 22TH ST, BETWEEN 88TH & 89TH ST, DIAMOND & WHITE GOLD SHOWROOM 09-258907129.
WORKSHOP : 14th St, Between 87th & 88th St, Mandalay. Ph : 02-73108.
LACE & SILK SHOP : 89th st, Between 21st & 22nd st, Infront of Aung Tha Mar Di Gold & Jewellery Shop Mandalay. Ph : 09 47140908, 09 402694647.


NGWE KYAL EAIN
Group Company Limited
ငွေကြယ်အိမ် ဆောက်လုပ်ရေးမှ ဆောက်လုပ်လျက်ရှိသော
တိုက်ခန်းအသစ်များအား နှစ်သစ်ကူးအစီအစဉ်ဖြင့် ဒီဇင်ဘာ(၁)လအတွင်း
ဝယ်ယူသူများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
N K E
ဆက်သွယ်ရန် - အမှတ် (၃၇၃/ခ) ရတနာလမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉၂၅၀၁၇၂၇၂၄၊ ၀၉၅၄၀၁၆၅၁၊ ၀၉၂၅၁၀၀၄၅၀၀၊ ၀၉၂၅၁၀၀၄၆၀၀


TRIO
TRIO STEEL CONSTRUCTION Co.,Ltd.
Design & Engineering
Steel Metal Trading
Fabrication & Installation for Steel Structure
No.815, Than Lwin Street, No(2), Industrial Zone, Ward 63, South Dagon, Yangon.
Office : 01-2348454, Hp : 09-5115416, 09-5033091, 09-777715416 E-mail : triosstruct@gmail.con

# နိုင်ငံခြားသားများကို ဆွဲဆောင်ပြီး ကုန်သွယ်မှုကိုမြှင့်တင်နိုင်ရန် အိန္ဒိယအစိုးရက ဗီဇာမူဝါဒသစ်ကိုရေးဆွဲ

ဆေးဝါးကုသရေး ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖြင့် လာရောက်သူများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် အိန္ဒိယပြည်ထောင်စု ဝန်ကြီးအဖွဲ့က အီလက်ထရွန်းနစ် ခရီးသွားဗီဇာဆောင်ရွက်မှုကို နိုဝင်ဘာ ၃၀ ရက်က တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုသို့ တိုးချဲ့ဆောင်ရွက်ရာတွင် ကာလတို ဆေးဝါးကုသခြင်း၊ စီးပွားရေးဖြင့် အလည်အပတ် လာရောက်ခြင်းနှင့် ကွန်ဖရင့်များကို ကျင်းပခြင်း စသည့် နယ်ပယ်တို့ပါဝင်ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းတွင် ဖော်ပြသည်။




ဗီဇာထုတ်ပေးရာတွင် နယ်ပယ်ကို ချဲ့ထွင်ပေးသည့် နည်းတူ ထုတ်ပေးသည့် ဗီဇာကိုလည်း အီး-ဗီဇာ (e-visa) ဟု အမည်ပေးထားသည်။ ဗီဇာလက်မှတ် ကိုင်ဆောင်သူသည် အလည်အပတ် ခရီးသွားအဖြစ်နှင့်ရော စီးပွားရေးလုပ်ငန်း ခရီးသွားဗီဇာအဖြစ်ပါ သုံးနိုင်သည့်အပြင် ဆေးဝါးကုသရေးဗီဇာအဖြစ်ပါ အသုံးပြုခွင့်ရမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ အီးဗီဇာ အစီအစဉ်တွင်ပါဝင်သော နိုင်ငံအဖြစ် ရှစ်နိုင်ငံကို ထပ်မံတိုးချဲ့ခွင့်ပြုခဲ့ရာ အသုံးပြုခွင့်ရရှိမည့် နိုင်ငံပေါင်းမှာ ၁၅၈ နိုင်ငံအထိ ရောက်ရှိပြီ ဖြစ်သည်။

အီးဗီဇာသက်တမ်းမှာ ရက်ပေါင်း ၆၀ဖြစ်ပြီး နိုင်ငံခြားသားများက အိန္ဒိယနိုင်ငံသို့မလာမီ ကြိုတင်ပြီး လေးလအထိ လျှောက်ထားနိုင်သည်။

"ဒီလိုအတည်ပြု ပေးလိုက်တဲ့အတွက် အလည်အပတ်၊ စီးပွားရေးနဲ့ ဆေးဝါးကုသမှု ရည်ရွယ်ချက်နဲ့ လာရောက်ကြမယ့် နိုင်ငံခြားသားတွေအတွက် အဆင်ပြေချောမွေ့မှု ရှိနိုင်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးနိုင်ပါတယ်။ ခရီးသွားလုပ်ငန်း၊ ဆေးဝါးကုသမှု ခရီးသွားလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းအတွက် ခရီးသွားလာမှု အပါအဝင် ဝန်ဆောင်မှု ပို့ကုန်လုပ်ငန်းက ဝင်ငွေကို တိုးမြှင့်နိုင်ပါမယ်။ "Skill India" "Digital India"နဲ့ "Make in India" စတဲ့ အစိုးရရဲ့ စီမံကိန်းတွေ အောင်မြင်အောင် အထောက်အကူပေးနိုင်ပါတယ်"ဟု ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအပြီး ထုတ်ပြန်သော အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအတွက် ဆေးကုသရေး၊ ခရီးသွားလုပ်ငန်း တစ်ခုတည်းမှ ရရှိသည့်ဝင်ငွေသည် နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးဘီလီယံထိရရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံမှ ရှစ်ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသို့ ဆေးကုသရန် လာရောက်သော ခရီးသည် ဦးရေမှာ ၂၀၁၂ ခုနှစ်က ၁၇၁၀၂၁ ဦး၊ ၂၀၁၃ ခုနှစ်က ၂၃၆၈၉၈ ဦးနှင့် ၂၀၁၄ ခုနှစ်က ၁၈၄၂၉၈ ဦး အသီးသီး ရှိခဲ့သည်။

**ဉာဏ်တင်**





Show Room : No.24, Building No. C-8, Bayintnaung Rd, 27 Ward, North Dagon Tsp, Yangon. Tel : 09-5031188, 09-262076363, Email : earlybird623@gmail.com

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 5th December 2016

<< NOVEMBER & DECEMBER SAILING SCHEDULE >>  * SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .29 | 1.55 | 1.90 | 2.20 | 3.50 | 16.11.2016 | | | 17.11.2016 | 18.11.2016 | | 26.11.2016 | 1.12.2016 | | 6.12.2016 |
| | S/O CUT | | | | 12.11.2016 | | | 13.11.2016 | 14.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | | 27.11.2016 | 25.11.2016 | 28.11.2016 | 29.11.2016 | 23.11.2016 | 7.12.2016 | 11.12.2016 | | |
| | S/O CUT | | | | | 23.11.2016 | 21.11.2016 | 24.11.2016 | 25.11.2016 | | | | | |
| MV.HOEGH CHENNAI .30 | 1.55 | 1.90 | 2.20 | 3.50 | | 13.12.2016 | | 14.12.2016 | 15.12.2016 | | 23.12.2016 | 28.12.2016 | | |
| | S/O CUT | | | | | 9.12.2016 | | 10.12.2016 | 11.12.2016 | | | | | |
| CITY OF MUMBAI V.37 | 1.55 | 1.90 | 2.20 | 3.50 | | 28.12.2016 | 26.12.2016 | 29.12.2016 | 30.12.2016 | 24.12.2016 | 7.1.2016 | 12.1.2016 | | |
| | S/O CUT | | | | | 14.12.2016 | 22.12.2016 | 25.12.2016 | 26.12.2016 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )